# အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.145(2331-2345)

သေဆုံးခြင်းကမ္ဘာကို ချိတ်ပိတ်ခံရခြင်း

.May Be:

..အပိုင်း ၂၃၃၁

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

မြစ်ထဲမှ တက်လာသည်နှင့် တစ်ပြိုင်နက်

ယန်ယဲ့အောက်ရှိ မြစ်သည်

တဖြည်းဖြည်း

ပျောက်ကွယ်သွားတော့သည်။

ခဏအကြာတွင် မြစ်တစ်စင်းလုံးသည်

သဲလွန်စမရှိပဲ ပျောက်ကွယ်သွားကာ

ညီညာ ပြန့်ပြူးသော မြေပြင်သာ

မြင်နိုင်ခဲ့သည်။ ယန်ယဲ့သည်

ထိုနေရာတွင် အကြာကြီး

တိတ်ဆိတ်ငြိမ်သက်စွာ ရပ်နေပြီးမှ
ထွက်သွားခဲ့သည်။

နတ်မျိုးနွယ်။

သူ့တွင် ပြဿနာ
အလုံအလောက်ရှိနေပြီးဖြစ်ရာ
နတ်မျိုးနွယ်နှင့်
မျိုးနွယ်ခြားအသီးသီးကြားက
ရန်ငြိုးထဲသို့ ဆွဲသွင်းမခံလိုပေ။ ထိုပြင်

လက်ရှိသူ့ခွန်အားက ထိုသို့
လုပ်ဆောင်နိုင်စွမ်းအရှိပေ။
ဤတစ်ကြိမ်တွင် ယန်ယွဲ့သည်
အရှိန်မြင့်လိုက်သည်
လက်နက်လမ်းစဉ်၏အကြီးအကဲက
အချိန်တစ်လသာကြာတော့မည်ကို
မမေ့ခဲ့ပေ။ ထို့ကြောင့် သူသည် သူသည်
သတ်ဖြတ်ခြင်းဓား (၁၂)ချောင်းကို

အမြန်ဆုံးရယူပြီး  အန်နှမန်နှင့်
အခြားလူများထံ ပြန်သွားရပါမည်။

တောင်တန်းသည် အဆုံးမရှိဟု ထင်ရ၏။
ယန်ယဲ့သည် တစ်နေကုန် အချိန်ပြည့်
ခရီးသွားနေသည့်တိုင် ၎င်းကို
မကျော်ဖြတ်နိုင်ခဲ့ပေ။ နောက်ဆုံးတွင်
ယန်ယဲ့သည် ဓားပျံကို ထုတ်ပြီး
စီးနင်းဖို့သာ ဆုံးဖြတ်လိုက်တော့သည်။
သူသည် ဤနေရာတွင်

အချိန်မဖြုန်းချင်ပေ။ တောင်ပေါ်တွင်

ဓားအူသံ ပွဲတင်ထပ်လာပြီး

ကောင်းကင်ယံအထက်၌အလင်းတန်းတ

စ်ခု ထွက်ပေါ်လာသည်။

ယန်ယွဲ့သည် လမ်းတစ်လျှောက်လုံး

မျက်နှာအပေါ်တွင်

သတိအပြည့်ရှိနေခဲ့သည်။ သို့သော်လည်း

အန္တရာယ်တော့ မတွေ့ခဲ့ရပေ။

သိပ်မကြာလိုက်ပေ ယန်ယွဲ့သည်

ရပ်တန့်လိုက်သည်။

သူ့ရှေ့ခပ်ဝေးဝေးတွင်

ရှေးဟောင်းမြို့တစ်မြို့ကို

မြင်လိုက်ရသောကြောင့်ပင်။

“မြို့တစ်မြို့လား…”

ယန်ယွဲ့သည် အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။

ခဏမျှငြိမ်သက်သွားပြီး

ရှေးဟောင်းမြို့ဆီသို့

တစ်ဟုန်ထိုးပြေးထွက်သွားသည်။

ခဏအကြာတွင် ယန်ယဲ့သည်

ရပ်တန့်သွားသည်။ သူသည်

မြို့အပြင်တွင် ရပ်တန့်လိုက်သည်။

ထိုနောက် ပတ်ဝန်းကျင်ကို

တစ်ချက်လှည့်ကြည့်လိုက်ရာ

မြို့တစ်ဝိုက်တွင် တောင်တန်းများ

ဝန်းရံထားသည်ကို
သတိပြုမိလိုက်သည်။

မြင့်မားသော တောင်တန်းများဖြင့်
ဝန်းရံထားသော ရှေးဟောင်း
မြို့တစ်မြို့ပင်ဖြစ်သည်။ မြို့က
သိပ်တော့ ကြီးကြီးမားမားမဟုတ်ပါ။
၎င်းသည်
ကောင်းကင်ဆိတ်သုဉ်းခြင်းမြို့၏အရွယ်
အစားခန့်သာ ရှိ၏။ ဤအချိန်တွင်

မြို့တံခါးများ တင်းတင်းကျပ်ကျပ်
စေ့ထားသည်။

ယန်ယဲ့သည် နေရာတွင်
ခဏမျှငြိမ်သက်စွာ ရပ်နေပြီးနောက်
အရိပ်တစ်ခုအဖြစ်ပြောင်းကာ မြို့ထဲသို့
စိမ့်ဝင်သွားသည်။

ယန်ယဲ့သည် မြို့ထဲဝင်လာသည်နှင့် မျက်မှောင်ကြုတ်သွားသည်။ မြို့က ဗလာဖြစ်နေသောကြောင့်ပင်။

"လွတ်နေတဲ့မြို့လား...။ ဘယ်သူမှ မရှိဘူးလား..."

ယန်ယဲ့သည် ပတ်ဝန်းကျင် ကိုတစ်ချက်ကြည့်လိုက်သည်။ အချိန်သိပ်မကြာလိုက်ပဲ

မြို့လယ်ခေါင်သို့ ရောကလာခဲ့သည်။
မြို့လယ်ခေါင်တွင် ဧရာမ
ကျောက်တုံးကြီးတစ်တုံးရှိနေခဲ့သည်။

အမည်မဲ့အုတ်ဂူ ။

ယန်ယဲ့သည် အုတ်ဂူကြီးကို
အချိန်အတော်ကြာစိုက်ကြည့်နေခဲ့ပြီးနော
က် နောက်ပြန်လှည့်ကာ
ထွက်သွားရန်ပြင်လိုက်သည်။

ဤအချိန်တွင် အုတ်ဂူက အနည်းငယ်
တုန်ခါလာသည်။ ယန်ယွဲ့သည် ရပ်တန့်ပါ
လှည့်ကြည့်လိုက်သည်။
အချိန်သိပ်မကြာလိုက်ပေ အုတ်ဂူထဲမှ
ပိတ်ချောဝတ်ရုံအဘိုးကြီးတစ်ယောက်
ထွက်လာသည်။ အဘိုးကြီးက
တိတ်ဆိတ်စွာပင် ယန်ယွဲ့ကို
စိုက်ကြည့်နေသည်။ ယန်ယွဲ့သည်
အဘိုးကြီးကို

တစ်ချက်ကြည့်လိုက်ပြီးနောက်
ထွက်သွားရန်ပြင်လိုက်သည်။

ဤအတောအတွင်း အဘိုးအိုက
ရုတ်တရက် မေးခဲ့သည်။ “မင်းက
အပြင်လူလား...”

“အပြင်လူ”  ယန်ယွဲ့က ရပ်လိုက်ပြီး
ခေါင်းညိတ်ကာ “ဖြတ်သွားရုံလောက်ပဲ”

အဘိုးကြီးက ယန်ယဲ့ကို

အချိန်အကြာကြီး စိုက်ကြည့်ရင်း

“ဓားစိတ်ဆန္ဒ၊

ဉာဏ်အလင်းရဓားနှလုံးသား၊

ဓားကျင့်ကြံသူတစ်ယောက်ဆိုတာကို

ငါမမျှော်လင့်ထားဘူး”

ယန်ယဲ့က အဘိုးကြီးကို

တစ်ချက်ကြည့်လိုက်ပြီး “အကြီးအကဲ

ဘာတွေပြောနေတာလဲ…။

ငါနားမလည်သလိုပဲ”

ဟုပြောလိုက်သည်။

အဘိုးကြီးက ပြုံးပြီး “ဒီမြို့က ဘာလို့

လွတ်နေတာလဲ သိလား…”

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

“ဘာကြောင့်လဲဆိုတော့

အားလုံးသေသွားပြီး”

အဘိုးကြီးက “အဲ့ဒီ

ကြောက်စရာကောင်းတဲ့ တိုက်ပွဲထဲမှာ

မြို့သူမြို့သားတွေအားလုံး

သေသွားခဲ့တယ်”

ယန်ယဲ့က ဘာမှပြန်မပြောပေ။

ဤအချိန်တွင် အဘိုးအိုက ဆက်ပြောသည်။ "ညီငယ် ငါတောင်းဆိုစရာရှိတယ်"

မျှော်လင့်ထားတဲ့အတိုင်း ယန်ယဲ့၏အမူအရာက ငြိမ်သက်နေခဲ့သည်။ အခြေအနေက သူထင်ထားသည့်အတိုင်း ဖြစ်လာနေလို့ပါ။

ထိုနောက် ခဏမျှငြိမ်သွားပြီးမှ

“အဲ့ဒါဘာလဲဆိုတာ သိနိုင်မလား…”

ယန်ယွဲ့က သူ့အား  ပြတ်ပြတ်သားသား

မငြင်းဆိုသောအခါ

အဘိုးကြီး၏မျက်နှာပေါ်တွင်

အပြုံးတစ်ခုပေါ်လာသည်။

သူ၏အပြုံးက အနည်းငယ်

ထူးဆန်းနေ၏။ယန်ယွဲ့၏အကြည့်က

ထိုထူးခြားမှုကို သတိပြုမိသဖြင့်
ချက်ချင်းအေးခဲသွားတော့သည်။

ဤအတောအတွင်း အဘိုးကြီးကပြုံးပြီး
“ဘာမှမဖြစ်ပါဘူး မင်းရဲ့ ခန္ဓာကိုယ်ကို
ခဏငှားချင်တာ။ ငါ့ဝိညာဉ်က
ဒဏ်ရာအပြင်းအထန်ရသွားတော့
မူလဝိညာဉ်ကို ပြန်ပြီးလေ့ကျင့်ဖို့အတွက်
ဒီသင်္ချိုင်းကျောက်တုံးကို
အသုံးပြုထားလိုက်ရတယ်။

မင်းခန္ဓာကိုယ်က အရမ်းသန်မာနေတော့
ငါ့ဝိညဉ်ကို ထိန်းထားဖို့
လုံလောက်တယ်။ ဒါဆို မင်းစိတ်မဆိုးရင်
မင်းခန္ဓာကိုယ်ကို ခဏလောက်

သုံးခွင့်ပြုပါ”

“ဒီအဘိုးကြီးက ငါ့ခန္ဓာကိုယ်ကို
ထိန်းချုပ်ချင်နေတယ်” ယန်ယွဲ့သည်

သူ့မျက်နှာတွင် ထူးဆန်းသော
အမူအရာရှိနေသည်။

အဘိုးကြီးက သူ၏ခန္ဓာကိုယ်ကို
အပိုင်သိမ်းလိုနေသည်ကို
မမျှော်လင့်ထားခဲ့ပေ။

အဘိုးကြီးက ရုတ်တရက်
ထပ်ပြောသည်။ “ညီငယ်

မင်းငြင်းမှာတော့ မဟုတ်ဘူး

မဟုတ်လား…”

ယန်ယဲ့က ခဏမျှစဉ်းစားလိုက်ပြီး

“အကြီးအကဲ ငါက သာမန်မဟုတ်ဘူး။

ငါ့ခန္ဓာကိုယ်ကို သိမ်းယူရင်

မင်းကိုယ့်သေတွင်းကိုယ်တူးသလိုပဲ

ဖြစ်လိမ့်မယ်။ မင်းဘာလို့ ငါ့အစား

အခြားတစ်ယောက်ကို

သွားမရှာတာလဲ…”

ယန်ယဲ့သည် အခုအချိန်၌ ကမ္ဘာပေါ်တွင် အကြင်နာဆုံးလူဟု ခံစားမိသည်။

“ကိုယ့်သေတွင်းကိုယ်တူးတာလား...”

အဘိုးကြီးက ရယ်မောရင်း

“ပြောစရာတောင်မလိုပါဘူး

မင်းရဲ့ခွန်အားက မဆိုးပါဘူး။ ဒါပေမဲ့

မင်းက ငါ့အတွက် ပုရွက်ဆိတ်နဲ့

မခြားဘူး”

ယန်ယဲ့က “ငါမငြင်းနိုင်သလိုပဲ”

အဘိုးကြီးကပြုံးပြီး
“မင်းဘယ်လိုထင်လဲ...”

ယန်ယဲ့က “အကြီးအကဲ ငါနားမလည်တာ
တစ်ခုရှိတယ်။ မင်းက
အရမ်းသန်မာတယ်။ ဘာကြောင့် မင်းမှာ
အခု ဝိညဉ်တစ်ခုပဲရှိရတာလဲ...။ မှန်တယ်

မသေခင်သိချင်တယ်

ငါဘာကြောင့်သေရမှာလဲ...”

အဘိုးကြီးက ယန်ယဲ့ကို စိုက်ကြည့်ကာ

“ငါကအခုနည်းနည်းလိမ်နေတာ

ဒီမြို့ကလူတွေက တိုက်ပွဲမှာ

သေတာမဟုတ်ဘူး။ ငါ့လက်ချက်နဲ့

သေသွားတာပဲ”

ယန်ယဲ့က အံ့သြသွားသည်။

“ဘာလို့လဲ…”

အဘိုးကြီးက ပြုံးပြီး “အစွမ်းထက်

ရတနာကို ပြုပြင်ဖို့”

သူသည် ယန်ယဲ့ဆီသို့ ဖြည်းညင်းစွာ

လျှောက်လာသည်။

“မင်းကိုငါအချိန်ဖြုန်းပြီး

ရှင်းပြနေရတဲ့အကြောင်းအရင်းက

ငါ့ဝိညာဉ်နိုးထလာပေမဲ့

ဝိညာဉ်သင်္ချိုင်းကျောက်တုံးနဲ့

ခွဲထုတ်လို့မရသေးဘူး။

မင်းထွက်ပြေးရင် ငါမင်းကို

ဘာမှမလုပ်နိုင်ခဲ့ဘူး။ အခုတော့

ဟီးဟီး…”

ယန်ယဲ့က ထွက်မပြေးပေ

သူ၏ကံကြမ္မာကို လက်ခံလိုက်သလိုပင်

သူ၏မျက်လုံးများကို

မှိတ်ထားလိုက်သည်။ အဘိုးကြီးက

အနက်ရောင်

အလင်းတန်းအဖြစ်ပြောင်းလဲကာ

ယန်ယဲ့၏ နဖူးထဲသို့ ချက်ချင်း

ဝင်ရောက်သွားသည်။ ဤအချိန်တွင်

ယန်ယဲ့သည် မျက်လုံးများကို

ဖွင့်လိုက်သည်။

မူလစေတီထဲတွင်။

အဘိုးကြီး၏ဝိညာဉ်ခန္ဓာကိုယ်က
ယန်ယွဲ့၏ အသိစိတ် ပင်လယ်ထဲသို့
မဝင်ရောက်ဘဲ မူလစေတီက
စုပ်ယူသွားခဲ့သည်။
အထဲရောက်လာသောအခါ အဘိုးကြီးက
အံ့အားသင့်သွားခဲ့သည်။

သူသည် ပတ်ဝန်းကျင်ကို ငုံ့ကြည့်ပြီး
“ငါဘယ်မှာလဲ…”

“သူ့ကိုသတ်လိုက်”

ဤအချိန်တွင် ယန်ယဲ့၏အသံ

ရုတ်တရက် ထွက်ပေါ်လာသည်။

ခဏအကြာတွင်

အလွန်ကြောက်စရာကောင်းသော

စွမ်းအင်လှိုင်းလုံးကြီးတစ်ခုက

အဘိုးကြီးဆီသို့ တည့်တည့်

ကျရောက်လာသည်။

အဘိုးကြီးက တစ်ခုခုကို တွေးနေပုံရပြီး

အံ့အားသင့်စွာဖြင့် မျက်လုံးများ

ပြူးကျယ်လာကာ“ဒါ ဒါက

တာအိုလမ်းစဉ်ရဲ့

အထွတ်အမြတ်ရတနာပဲ”

စကားပြောပြီးသည်နှင့်

သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ

အနီရောင်အလင်းတန်းတစ်ခုလင်းလက်

လာသည်။ ကောင်းကင်ယံအထက်၌

သွေးအလံတစ်ခု
ချက်ချင်းပေါ်လာသည်။
ထိုခဏလေးမှာပင် ကောင်းကင်ယံသည်
ချက်ချင်းပင် သွေးရောင်ပြောင်းသွားကာ
လုံးဝကိုကြောက်စရာကောင်းလာသည်။

ဤအချိန်တွင် အဘိုးကြီးက
သူ၏လက်ကို ဆန့်ကာ ထူးဆန်းသော
တံဆိပ်တစ်ခုဖန်တီးလိုက်သည်။
ထိုနောက် တံဆိပ်ကို လေထဲသို့

ပစ်လွှတ်လိုက်ရာ သွေးအလံက

ပြင်းထန်စွာ တုန်ခါသွားသည်။

တစ်ချိန်တည်းမှာပဲ

အနက်ရောင်အရိပ်များစွာ

ထွက်ပေါ်လာသည်။ ဤနေရာမှ

မြင်ကွင်းကို သေချာအာရုံစိုက်ကြည့်လျှင်

အနက်ရောင်အရိပ်များ အားလုံးသည်

ဝိညာဉ်များဖြစ်ကြောင်းကို

သတိပြုမိပေသည်။

မကျေနပ်သောဝိညာဉ်များ။

ထောင်ချီသော ဝိညာဉ်များရှိခဲ့သည်။

မူလစေတီတစ်ခုလုံးသည်

မူလဝိညာဉ်ခန္ဓာကိုယ်များ

ဖုံးလွှမ်းနေသည့်အလားပင် ထင်ရသည်။

အဘိုးကြီးက “ဒါဆို မင်းက

တာအိုလမ်းစဉ်ရဲ့

အထွက်အမြတ်ရတနာတစ်ခုဆိုရင်

ဘာဖြစ်လဲ…။ ငါက ဒီကမ္ဘာကို ဖျက်ဆီးလိုက်တာပေါ့”

“အုန်း…”

မူလဝိညာဉ်ထံမှ ကျိန်ဆဲသံများ မကျေနပ်ချက်များကြောင့် ကမ္ဘာတစ်ခုလုံးသည် သာမန်ပုံစံပြောင်းလာခဲ့သည်။ ဤအတောအတွင်း နှင်းပွင့်လေးက

ဟိုချင်အနားတွင် ရပ်နေကာ

မျက်တောင်ခတ်ပြီး

အနည်းငယ်ကြောက်နေပုံရသည်။

ဤအချိန်တွင် ယန်ယွဲ့သည်

အပြင်လောကမှာရှိနေသည်။ သူက

မျက်မှောင်ကြုတ်လိုက်သည်။

အဘိုးကြီးက

ထိုမျှကြောက်စရာကောင်းမည်ဟု

မမျှော်လင့်ထားခဲ့ပေ။

“မူလစေတီက ဒီလူအိုကြီးနဲ့
ရင်ဆိုင်နိုင်ပါ့မလား...”

ဤအတောအတွင်း ကောင်းကင်ယံမှ
သေငယ်သော
ရွှေရောင်စေတီလေးတစ်ဆူပေါ်လာသည်
။ ရွှေရောင်စေတီကို မြင်လိုက်သောအခါ
အဘိုးကြီး၏မျက်လုံးများသည်
စိတ်လှုပ်ရှားမှု အပြည့်နှင့်ပါ။
သေချာပါသည်။

သူ၏မျက်လုံးထဲ၌လည်း နက်ရှိုင်းသော

ကြောက်ရွံ့စိတ်များရှိနေ၏။

“နားလည်ပြီ။ ငါနားလည်ပြီ”

အဘိုးကြီးက ဒေါသတကြီး

အော်ဟစ်လိုက်သည်။ သူ့အသံက

ရူးသွပ်မှုအပြည့်ပါ။ ထိုခဏလေးမှာပဲ

မရေမတွက်နိုင်သော

အနက်ရောင်အလင်းတန်းများက

ရွှေစေတီငယ်ဆီသို့ လွင့်ပျံ့သွားသည်။

ရွှေစေတီက

ရုတ်တရက်တုန်လှုပ်သွား၏။

“ဂျုန်း…”

ခဏအကြာတွင်

ခရမ်းရောင်အလင်းတန်းတစ်ခုပစ်လွှတ်

လိုက်သည်။

“ဆူး…ဆူး…ဆူး…”

ထိုနောက်တွင်တော့
ကောင်းကင်အထက်ရှိ
အနက်ရောင်အရိပ်အားလုံး
ပျောက်ကွယ်သွားခဲ့သည်။
အဘိုးကြီးလည်း အံ့သြသွားသည်။

ဤအချိန်တွင် ရွှေစေတီက အဘိုးကြီး၏
ဦးခေါင်းအထက်၌ ရောက်လာခဲ့သည်။

အဘိုးကြီးက ယန်ယဲ့ကို  အလျင်စလို
စိုက်ကြည့်ရင်း "ညီငယ် ငါအရှုံးပေးတယ်
ကျေကျေနပ်နပ်ကြီး…"

"အုန်း…"

ဤအချိန်တွင် ခရမ်းရောင်
အလင်းတန်းတစ်ခု ထွက်ပေါ်လာသည်။

“ဘုန်း…”

အဘိုးကြီးက ချက်ချင်းပင်

ချေမှုန်းခံလိုက်ရသည်။ အဘိုးကြီးကို

သတ်ဖြတ်ပြီးနောက် ရွှေစေတီငယ်က

နှင်းပွင့်လေးဆီသို့ လွင့်မျောသွားသည်။

၎င်းက နှင်းပွင့်၏ခေါင်းကို

ခဏထိပွတ်ကာ

ရွှေရောင်အလင်းတန်းတစ်ခုအသွင်အဖြ

စ် ကောင်းကင်ယံအထက်သို့
ပျောက်ကွယ်သွားသည်။

ယန်ယဲ့နှင့် ဟိုချင်က အကြည့်ချင်း
မလှယ်လိုက်သည်။

ဟိုချင်က သူ့ခေါင်းကိုခါလိုက်ပြီး
“အဲ့ဒီလူအိုကြီးက ယုံကြည်မှု
လွန်ကဲလွန်းတယ်” ဟု ပြောလိုက်သည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

သူကလေထဲရှိ သွေးအလံကို
စိုက်ကြည့်ကာ "အဲ့ဒါဘာလဲ..."
ဟုမေးလိုက်သည်။

သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ
သွေးအလံက
သူ့လက်ထဲကိုရောက်လာသည်။
သူ့လက်ထဲသွေးအလံရောက်လာသည်နှ

င့် ချက်ချင်းပင် သွေးညှို အနံ့နှင့်

မကောင်းဆိုးဝါး အငွေ့အသက်များ

ပျံ့လွင့်လာသည်။

ယန်ယဲ့သည်  ခဏမျှ

တုံ့ဆိုင်းသွားပြီးနောက်

စိတ်အာရုံအသိကို ဖြန့်ကြက်ကာ

စစ်ဆေးကြည့်လိုက်သည်။

သူမြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့်

အံ့သြသွားသည်။ အလံထဲ၌

အာကာသကြား
ကွက်လပ်အလွှာတစ်ခုရှိနေသည်။
ထို့အပြင် ၎င်းထဲ၌ ဝိညာဉ်ပေါင်း
တစ်သန်းအကျော်ရှိနေခဲ့သည်။
ဝိညာဉ်တိုင်းက အလွန်သန်မာကြသည်။

"မူလစေတီကို တိုက်ခိုက်ရဲတာ
အံ့သြစရာမဟုတ်ဘူးပဲ။ ပြီးတော့
ဒီလိုအစွမ်းထက်တဲ့ဝိညာဉ်တွေကို
စုဆောင်းဖို့ သူက အနည်းဆုံး

မြို့တစ်ရာလောက်ကို

သတ်ပစ်ရလိမ့်မယ်”

ယန်ယဲ့သည် ထပ်ပြီး

စစ်ဆေးကြည့်လိုက်ရာ

စိတ်ဝိညဉ်များ၏ပုံစံက

ပုံမှန်မဟုတ်ကြောင်း

သတိထားမိလိုက်သည်။ သေချာသည်မှာ

စိတ်ဝိညဉ်များကို အထူးနည်းလမ်းဖြင့်

သန့်စင်ထားခဲ့သည်။ ထို့ကြောင့်

သန်းချီသော ဝိညဉ်များက

လူဝင်စားခြင်း သံသရာအထဲသို့

မဝင်ရောက်နိုင်တော့ပေ။ ယန်ယွဲ့သည်

ငြိမ်သက်သွားသည်။ သူသည်

မရေမတွက်နိုင်အောင် အစုလိုက်

အပြုံလိုက် သတ်ဖြတ်ခဲ့သည်။

သို့သော်လည်း အခြေအနေ

အရပ်ရပ်အပေါ်မူတည်၏။

သို့သော်လည်း အဘိုးကြီး၏လုပ်ရပ်က ရက်စက်ကြမ်းကြုတ်လှသည်။

ဤအချိန်တွင် ဟိုချင်က ရုတ်တရက် မေးလိုက်သည်။ “မင်းဘာလုပ်ဖို့ စိတ်ကူးထားလဲ...”

ယန်ယွဲ့က “ဒါကို ဒီအတိုင်း ခဏထားလိုက်မယ်”

သူသည်

သွေးအလံမည်မျှအားကောင်းကြောင်း

တွေ့မြင်ခဲ့ရသည်။ မူလစေတီတော်ကို

တန်ပြန်ခုခံနိုင်လေရာ

မည်မျှအစွမ်းထက်ကြောင်း

သိသာပါသည်။

“ဝှက်ဖဲ”

ယန်ယဲ့က သေွးအလံကို
သိမ်းထားလိုက်သည်။ လက်ရှိ၌ သူတွင်
နောက်ထပ် ဝှက်ဖဲတစ်ခု ရှိနေပါပြီး။
၎င်းက အရေးကြီးအခိုက်အတန့်တွင်
သူ၏အသက်ကယ် ဝှက်ဖဲတစ်ခု
ဖြစ်ပါလိမ့်မည်။

ယန်ယဲ့က အချိန်မဖြုန်းဘဲ
မူလစေတီအထဲမှ ပြန်ထွက်သွားခဲ့သည်။

ထိုနောက် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။

သူထွက်သွားခါနီးတွင်
ညာဘက်ကိုရုတ်တရက်
လှမ်းကြည့်လိုက်ပြီး "နင်နဲ့ ဒီမှာလာတွေ့ဖို့
မမျှော်လင့်ထားဘူး..."

Translated by NyiNyiSoe
May Be:

..အပိုင်း ၂၃၃၂

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

အသံက သူနှင့်

အတော်လေးရင်းနှီးခဲ့သည်။

ယန်ယဲ့သည် မော့ကြည့်လိုက်ရာ

အမျိုးသမီးတစ်ယောက် ဖြည်းညင်းစွာ

လျှောက်လာနေသည်။ ခြေဗလာနှင့်

အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

ယန်ယဲ့က ထိုအမျိုးသမီးကို

ကောင်းကောင်းမှတ်မိနေသည်။

အခြားမဟုတ်ပေ။ တံလျှပ်တောင်တန်းမှ

အနီရောင်ဝတ်စုံဝတ်

အမျိုးသမီးပင်ဖြစ်သည်။

မကောင်းဆိုးဝါး ကျင့်ကြံသူ။

ထိုအနီရောင်ဝတ်စုံဝတ် အမျိုးသမီးက

သူနှင့်အတူ လောကသုံးပါးကို

တက်လာခဲ့သည်။ သို့သော်

လောကသုံးပါးသို့ရောက်လာပြီးနောက်

ပြန်မတွေ့ရတော့ပေ။ ဤနေရာတွင်

ပြန်တွေ့မည်ဟု မမျှော်လင့်ထားခဲ့ပေ။

ဤအချိန်တွင် အမျိုးသမီးက

ယန်ယဲ့ရှေ့သို့ ရောက်လာပြီး သူမက"

နင်တော်တော်ပြောင်းလဲသွားပြီ"

ယန်ယဲ့က

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးကို

စိုက်ကြည့်လိုက်ပြီး "မင်းလည်း

အတူတူပဲမဟုတ်လား..."

ယန်ယွဲ့ကထပ်ပြောလိုက်သည်။
"မင်းဒီမှာ ဘာလုပ်နေတာလဲ..."

သူမက "ငါက တစ်စုံတစ်ယောက်ကိုရှာဖို့
ဒီကိုရောက်နေတာ"ဟု ပြန်ဖြေသည်။

ယန်ယွဲ့က "မင်းတစ်ယောက်ယောက်ကို
ရှာနေတာလား..."

သူမက အနည်းငယ် ခေါင်းညိတ်ပြသည်။
ယန်ယဲ့ကို စိုက်ကြည့်ကာ "ငါထင်တာ
မမှားရင်
နင်သူ့ကိုတွေ့လိုက်တယ်ထင်တယ်”

“အရင်တုန်းက အဘိုးကြီးများလား"

ယန်ယဲ့က
အနီရောင်ဝတ်စုံအမျိုးသမီးပြောနေသည့်
တစ်စုံတစ်ယောက်ကို သိလိုက်သည်။

ကျွဲအတောအတွင်း

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးက "

သူက မကောင်းဆိုးဝါးဖန်ဆင်းရှင်ရဲ့

အကြီးဆုံးတပည့်။

မကောင်းဆိုးဝါးဖန်ဆင်းရှင်က

ယင်ဝိဉာဉ်အရိပ်ကို ယူဖို့

ထွက်သွားတဲ့အချိန်ကို သူက

ခိုးထွက်လာတယ်။ငါတို့က နေရာအနှံ့

စစ်ဆေးကြည့်လိုက်တော့

သူဒီမှာရှိနေတယ်လို့

သတင်းရလိုက်တယ်”

ယန်ယဲ့က နှုတ်ဆိတ်နေခဲ့သည်။

" အဲ့ဒီအရာက နင့်လက်ထဲကို

ကျသွားပြီလား"

အနီရောက်ဝတ်စုံဝတ်အမျိုးသမီးက

ဆက်ပြောသည်သည်။

"ဘယ်ဟာလဲ..." ယန်ယဲ့က အံ့သြသော အမူအရာဖြင့် သူမကိုစိုက်ကြည့်နေသည်။

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးက သူ့ကို စိုက်ကြည့်ကာ "ဒါက လိုအပ်လို့လား..."

ယန်ယဲ့က ပခုံးလှုပ်လိုက်ပြီး "မင်းဘာတွေပြောနေတာလဲ...။ ငါတကယ်မသိဘူး"

သူမက " ဒါက ငါ့မကောင်းဆိုးဝါးဂိုဏ်းနဲ့
သက်ဆိုင်တယ်"

ယန်ယဲ့က "မဟုတ်သေးဘူး။
မင်းပြောတာကို ငါတကယ်
နားမလည်ဘူး"

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးက
ယန်ယဲ့ကို အချိန်အကြာကြီး

စိုက်ကြည့်ကာ ခေါင်းငြိမ့်လိုက်သည်။

ထို့နောက် သူမ၏ လက်ချောင်းကို

ရုတ်တရက် အရှေ့သို့ ပုတ်လိုက်သည်။

ဤအချိန်တွင် ယန်ယွဲ့သည် သူ၏ဓားကို

အမြန်ဆွဲထုတ်လိုက်သည်။

ခဏအကြာတွင် နှစ်ယောက်စလုံးက

တဖက်နှင့်တဖက် ကီလိုမီတာ (၃၀၀)

အကွာ၌ ရပ်နေကြသည်။

ယန်ယဲ့က သူမကို စိုက်ကြည့်ပြီး

"မကောင်းဆိုးဝါးဂိုဏ်းနဲ့

ရန်သူမဖြစ်ချင်ဘူး"

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးက

"ဒါဆိုလည်း လွှဲပေးလိုက်ပါ"

ယန်ယဲ့၏ မျက်လုံးများ အနည်းငယ်

မှိတ်သွားပြီး "ဘာလို့လုပ်ရမှာလဲ..."

အမျိုးသမီးက ဘာမှပြန်မပြောဘဲ

နေရာမှာပင် ပျောက်ကွယ်သွားခဲ့သည်။

ခဏအကြာတွင်ဘဲ ဒါဇင်ချီသော

အနီရောင်အလင်းတန်းများက

ယန်ယွဲ့အား လွှမ်းခြုံထားသည်။ သို့သော်

ဓားအူသံ ရုတ်တရက်

မြည်ဟည်းလာပြီးနောက်

အနီရောင်အလင်းတန်းများ

အပိုင်းပိုင်းပြတ်တောက်သွားသည်။

သို့သော် လက်ဝါးတစ်ဖက်က ယန်ယွဲ့၏ ရင်ဘတ်ပေါ်သို့ ရိုက်ချလိုက်သည်။

"အုန်း..."

ယန်ယွဲ့သည် မီတာ (၃၀၀) အကွာသို့ လွင့်ထွက်သွားခဲ့သည်။
သူရပ်တန့်လိုက်သည်နှင့် အမျိုးသမီးက သူ့ရှေ့တွင် ပေါ်လာပြန်သည်။ သို့ရာတွင်

သူမ၏ လက်ကိုအသုံးမပြုဘဲ ညာဘက်ခြေထောက်ဖြင့် ဖြတ်ကန်လိုက်သည်။

"ဘုန်း...ဘုန်း..."

ခြေထောက်မှ

အနီရောင်အလင်းတန်းများ

ဖြာထွက်လာပြီး ယန်ယွဲ့သည်

အနောက်သို့

အကြိမ်ကြိမ်လွင့်ထွက်သွားခဲ့သည်။

ဤအချိန်တွင်  ယန်ယဲ့၏

ပတ်ပတ်လည်မှ ပုံရိပ်ယောင်များစွာ

ရုတ်တရက်ပေါ်လာသည်။ ယန်ယဲ့၏

ပုံရိပ်ယောင်များက ပတ်ဝန်းကျင်အနှံ့

ပြည့်သွားခဲ့သည်။

"ဆူး...ဆူး...ဆူး..."

ပုံရိပ်ယောင်များ ထွက်ပေါ်လာသည်နှင့်

အာကာသအက်ကွဲသံများထွက်ပေါ်လာ

သည်။

အရိပ်ဓား။

ယန်ယဲ့သည်

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးနှင့်

ပေါ့ပေါ့ဆဆပြုမူဝံ့ခြင်း မရှိပေ။

နောက်ဆုံးတွင် ထိုအမျိုးသမီးက

နှစ်ပေါင်းထောင်ချီအသက်ရှင်လာခဲ့

သော ကျင့်ကြံသူပင် မဟုတ်ပါလား...။ .

အသက်ရှူ (၃) ရှိုက်စာအကြာတွင်

နှစ်ယောက်သား တစ်ယောက်နှင့်

တစ်ယောက်  ၃ ကီလိုမီတာ အကွာ၌

ပြန်ပေါ်လာကြသည်။

နှစ်ယောက်စလုံးက အပြင်ဘက်တွင်

လုံးဝကို အဆင်ပြေနေပုံပါ။

အမျိုးသမီးက ယန်ယဲ့ကို
စိုက်ကြည့်လိုက်ပြီး"နင်ဒီလောက်ထိ
သန်မာလာဖို့ ငါမမျှော်လင့်ထားဘူး"

ယန်ယဲ့က ပခုံးတွန့်လိုက်သည်။ "ဒါကို
ငါလည်း ဘယ်တုန်းကမှ
မမျှော်လင့်ထားဘူး။ မင်းငါ့ကိုထပ်ပြီး
တိုက်ခိုက်မယ်ဆိုရင် ဒီနေ့သေတဲ့အထိ
တိုက်ခိုက်လို့ရတယ်" ဟု ပြောခဲ့သည်။

သူသည် မကောင်းဆိုးဝါးဂိုဏ်းတွေနှင့်

ရန်သူမဖြစ်ချင်ပေ။သို့မဟုတ် သူ့ရှေ့ရှိ

ဤလှျို့ဝှက်ဆန်းကြယ်သော

အမျိုးသမီးနှင့် ပိုလို့တောင်

ရန်သူမဖြစ်ချင်ပေ။ သို့သော်

သူ၏စိတ်ရှည်မှုက

အကန့်အသတ်ရှိသည်။

အမျိုးသမီးက ယန်ယဲ့ကို

အချိန်အကြာကြီး စိုက်ကြည့်ပြီးနောက်

"ဒီအရာက နင့်အတွက်
တော်တော်ဒုက္ခများလိမ့်မယ်"

ယန်ယဲ့က သူမကို ပြန်ကြည့်ကာ "နင့်ရဲ့ မကောင်းဆိုးဝါးဂိုဏ်းကတစ်စုံတစ်ယောက်က ငါ့ကိုသတ်ချင်တယ်။ ဒါပေမဲ့ ငါသူ့ကိုပြန်သတ်လိုက်တယ်။ အခုတော့ မကောင်းဆိုးဝါးဂိုဏ်းက တိုက်ပွဲမှာ ငါရထားတာတွေကို ပြန်ပြီး တောင်းနေတာလား...။ ဒါဆို

ငါကအနိုင်ကျင့်ဖို့ လွယ်တယ်လို့

မင်းထင်လား..."ဟု ပြောပြီးသည်နှင့်

ယန်ယွဲ့ရဲ့ အမူအရာက

အေးစက်သွားသည်။

အနီရောင်ဝတ်စုံ အမျိုးသမီးက ခေါင်းကို

အနည်းငယ် ခါယမ်းလိုက်သည်။

ထို့နောက် စကားတစ်လုံးမှ

မပြောဘဲထွက်သွားခဲ့သည်။

သူမပျောက်ကွယ်သွားသည့်အခိုက်

အဝေးကနေ အသံပြန်လွှင့်လာသည်။

"ငါတို့ပြန်ဆုံကြမယ်"

“ပြန်ဆုံကြမှာလား...” ယန်ယဲ့က

ရယ်မောပြီး ထွက်သွားသည်။

သူသည် ရှေးဟောင်းမြို့မှ

ထွက်သွားပြီးနောက်တွင်

အရှိန်မြင့်လိုက်သည်။ဤအချိန်တွင်

သူက သတ်ဖြတ်ခြင်းဓား (၁၂)

ချောင်းကို တတ်နိုင်သမျှအမြန်ဆုံးရယူဖို့

ရည်ရွယ်ထားသည်။ထို့နောက် အန့်မန်နဲ့

အခြားသူများကို ကူညီရန် လိုအပ်သည်။

သူက ထိုလူများကို ခဏလေးသာ

သိခဲ့သော်လည်း

မိတ်ဆွေအရင်းများအဖြစ်

ဆက်ဆံခဲ့သည်။

အလင်းတန်းတစ်ခုဟာ

တောင်တန်းများတစ်လျှောက်

လျင်မြန်စွာ ရိုက်ခတ်သွားခဲ့သည်။

၎င်းအတောအတွင်း ယန်ယဲ့သည်

အစွမ်းထက် အော်ရာများကို

ခံစားမိခဲ့သည်။ အစွမ်းထက်

နတ်ဆိုးသားရဲ အချို့နဲ့လည်း

တိုက်ခိုက်ခဲ့သည်။

သူသည် တိုက်ပွဲအချို့ကို အနိုင်ယူပြီး

အချို့ကို ထွက်ပြေးခဲ့ရသည်။

အချို့သော

နတ်ဆိုးသားရဲများ၏ခွန်အားက

သူထင်ထားသည်ထက်ပင်

သာလွန်နေသောကြောင့်ပင်။

ကံကောင်းထောက်မစွာ သူ့အား

အမီမလိုက်နိုင်သောကြောင့်

ထွက်ပြေးလွတ်မြောက်ခဲ့သည်။ (၆)

နာရီခန့်အကြာတွင် ယန်ယဲ့သည်

ရပ်တန့်ခဲ့သည် အကြောင်းမှာ သူ့ရှေ့တွင်

အကန့်အသတ်မဲ့သော

ကန္တာရကြီးပေါ်လာသောပင်ဖြစ်သည်။

နောက်ဆုံးတွင် သူသည်

ငရဲတောင်တန်းကို ကျော်ဖြတ်နိုင်ခဲ့ပြီး။

ယန်ယဲ့သည် နောက်လှည့်လိုက်ပြီး

သူ့နောက်ကွယ်ရှိ တောင်တန်းကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ
သဲကန္တာရဆီသို့ ပြေးထွက်သွားခဲ့သည်။

သက်လတ်ပိုင်းအဘိုးအိုက သူ့အား
ပေးခဲ့သည့် အချက်အလက်အရ
သဲကန္တာရကို ဖြတ်သန်းပြီးမှသာ
လက်နက်သင်္ချိုင်းသို့
ရောက်ရှိပါလိမ့်မည်။
ဤအခိုက်အတန့်တွင် သဲကန္တာရအထဲမှ

ပေါက်ကွဲသံတစ်ချက် ရုတ်တရက်
ထွက်ပေါ်လာသည်။

ထိုနောက် အနီရောင်အရိပ်တစ်ခု
ကောင်းကင်အထက်သို့ လွင့်ထွက်လာပြီး
ယန်ယဲ့ ကို ဆောင့်ကန်လိုက်သည်။

“အုန်း…”

ယန်ယဲ့သည် ရပ်တန့်လိုက်ရသည်။ သူရပ်တန့်လိုက်သည်နှင့် အနီရောင် အရိပ်က ပျောက်ကွယ်သွားခဲ့သည်။

“ပျောက်သွားပြီးလား…”

ယန်ယဲ့သည် သူ၏ညာလက်တွင် ဓားကို ဖြည်းညင်းစွာ ဆုပ်ကိုင်လိုက်သည်။ ဤအချိန်တွင် သူ့ညာဘက်အခြမ်းက အက်ကွဲသွားပြီး အနီရောင်အရိပ်တစ်ခု

ထွက်လာသည်။ ယန်ယွဲ့က
တံ့ဆိုင်းမနေဘဲ ဓားကို မြှောက်ပြီး
ခုတ်ချလိုက်သည်။

“ဘုန်း...”

အနီရောင်အရိပ်က ၁
ကီလိုမီတာအကွာသို့
လွင့်ထွက်သွားသည်။ ဤအချိန်တွင်
ယန်ယွဲ့သည် ရှင်းရှင်းလင်းလင်း

မြင်လိုက်ရသည်။ ၎င်းက
ကြက်သွေးရောင်
ကင်းမြီးကောက်တစ်ကောင်ဖြစ်သည်။

ကင်းမြီးကောက်က လူသားထက်
အဆအနည်းငယ် ပိုကြီးမားပြီး လုံးဝကို
ကြက်သွေးရောင်ဖြစ်သည်။
ဤအခိုက်တွင် ကင်းမြီးကောက်နီက
ယန်ယွဲ့ကို စိုက်ကြည့်နေသည်။ ၎င်း၏
မျက်လုံးများထဲတွင်

ရက်စက်ခြင်းသာမက

ကြောက်ရွံ့မှုများပါ ရှိနေခဲ့သည်။

ကင်းမြီးကောက်နီက ရုတ်တရက်

ခုန်ထလာပြီး ယန်ယဲ့ဆီသို့

ပြေးဝင်လာသည်။ ယန်ယဲ့သည်

သူ၏ဓားကို တင်းကျပ်စွာ

ဆုပ်ကိုင်လိုက်ပြီး

မျက်လုံးမှိတ်ထားလိုက်သည်။

ခဏအကြာတွင် မရေမတွက်နိုင်သော

ပုံရိပ်များ ထွက်ပေါ်လာသည်။ အသက်ရှူ

(၁၀) ရှိုက်လောက် အချိန်တွင်တော့

ယန်ယွဲ့သည် မူလရပ်နေသည့် နေရာတွင်

ပြန်ရောက်နေသည်။ သူ့ရှေ့တွင်

ခေါင်းမပါသော

ကင်းမြီးကောက်နီတစ်ကောင် ရှိနေ၏။

ယန်ယွဲ့သည်

တစ်စုံတစ်ခုကိုတွေးနေပုံရပြီး သူ့ဓားကို

ပြန်သိမ်းကာ

ထွက်သွားရန်ပြင်လိုက်သည်။ သို့သော်
သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ
အလောင်းထဲမှ လက်သီးအရွယ်
ပုလဲတစ်လုံးထွက်လာသည်။

အမြုတေ။

ယန်ယွဲ့သည် သူ့ရှေ့ရှိ ပုလဲကို
ခဏစစ်ဆေးကြည့်လိုက်သည်။ သို့သော်
လက်သည်းသေးသေးလေး တစ်ဖက်က

ဖမ်းဆွဲသွားသည်။

အခြားတော့မဟုတ်ပေ နှင်းပွင့်လေးပင် ဖြစ်သည်။

နှင်းပွင့်လေးက

လက်သည်းများအကြားတွင် ပုလဲကို ကိုင်ထားပြီး ယန်ယွဲ့အား ပြုံးပြလိုက်သည်။

ယန်ယဲ့က သူမ၏ခေါင်းလေးကို ပွတ်သပ်လိုက်ကာ “ကောင်းပြီ မင်းယူလို့ရတယ်”

နှင်းပွင့်လေး၏ အပြုံးက ပို၍ပင် ပီပြင်လာသည်။ ထိုနောက် သားရဲအမြုတေကို ယူကာ မူလစေတီထဲသို့ ပြန်ဝင်သွားသည်။ ယန်ယဲ့သည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး

ရှေ့ဆက်သွားလိုက်သည်။ သို့သော်

သူ၏ဓားကို ရပ်တန့်လိုက်သည်။

အကယ်၍ ဓားပျံကို စီးနင်းနေပါက

သူ့နောက်ကျောတစ်လျှောက် ပစ်မှတ်က

အထင်သား မြင်ရပါမည်။ ယန်ယဲ့သည်

လမ်းတစ်လျှောက်လုံး

သတိအပြည့်ထားကာ

ခရီးဆက်လာခဲ့သည်။ ဤအချိန်တွင်

ဓားနယ်မြေဖြင့် သူ့ကိုယ်သူ

ဖုံးကွယ်ထားလေရာ

မည်သည့်ဒုက္ခမှမကြုံခဲ့ရပေ။

သို့သော် ဤအရာသည် ကြာရှည်မခံပါ။

တစ်ညလုံး ရှေ့ဆက်တိုးလာပြီးနောက်

ယန်ယဲ့သည် တစ်စုံတစ်ခု ရုတ်တရက်

ပိတ်ဆို့သွားသည်ကို

သတိပြုမိလိုက်သည်။ ထိုပြင်

သူ့ခြေထောက်အောက်ရှိ

သဲကန္တာရပြင်ကြီးကတုန်ခါနေသည်။

“အောက်မှာ တစ်ခုခုရှိနေတာလား…”

ယန်ယဲ့သည် ဆက်မနေဘဲ ခပ်ဝေးဝေးသို့ တစ်ဟုန်ထိုးပြေးထွက်သွားသည်။ ခဏလေးအတွင်း သူ၏ပုံရိပ်က (၁၀) ကီလိုမီတာ အကွာသို့ ခုန်ထွက်သွားသည်။ ထိုနောက် သူ ရပ်နေခဲ့သည့် နေရာကို တစ်ချက်ကြည့်လိုက်ရာ

ကျောရိုးတစ်လျှောက်အေးစက်သွားလေ

သည်။ ထိုနောက်

ချက်ချင်းအရှိန်မြှင့်လိုက်သည်။

(၆)နာရီခန့် အကြာတွင် ယန်ယဲ့သည်

သဲကန္တာရကို ဖြတ်သွားခဲ့သည်။

သဲကန္တာရ၏ အဆုံးတွင်

ကြက်သွေးရောင် နီရဲနေသော

မြေပြင်ကြီးရှိနေသည်။

မြေပြင်တစ်ခုလုံးသည်

မီးတောက်လောင်နေသလိုပင်။

ယန်ယွဲ့သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး

ရှေ့ဆက်သွားလိုက်သည်။ သူ့ရှေ့တွင်

ပျက်စီးယိုယွင်းနေသော

ရှေးဟောင်းမြို့တစ်မြို့ပေါ်လာ၏။

မြို့တံခါးအထက်ကို ကြည့်လိုက်ရာ

လက်နက်မြို့တော်ဟူ၍

ရေးထိုးထားသည်။

လက်နက်မြို့တော်။

လက်နက်လမ်းစဉ်၏ အဓိက ဌာနချုပ်။

“နောက်ဆုံးတော့

ငါဒီကိုရောက်လာပြီးပေါ့”

ယန်ယွဲ့သည် မြို့ကို

ခဏအာရုံခံကြည့်လိုက်သည်။ လုံးဝ

တိတ်ဆိတ်နေသည်။ အတွင်းပိုင်းမှာ

လှုပ်ရှားမှုမရှိပေ။ ယန်ယွဲ့သည်

ခဏာမျှတုံ့ဆိုင်းသွားပြီး မြို့ထဲသို့ တိတ်တဆိတ်ဝင်ရောက်သွားသည်။

ဤအချိန်တွင် မြို့တံခါးပွင့်လာပြီး ဓားကြီးတစ်ချောင်းက သူ့ကို ရိုက်ထုတ်လိုက်သည်။

“ဘုန်း…”

ယန်ယဲ့သည် တုံ့ပြန်ချိန်ပင် မရလိုက်ပေ။

၁ ကီလိုမီတာ အကွာသို့

ချက်ချင်းလွင့်ထွက်သွားသည်။

သူ့ကိုယ်သူ ရပ်တန့်လိုက်သည့်အချိန်တွင်

အနည်းငယ် ထုံကျဉ်နေသော

လက်မကိုတစ်ချက်ကြည့်လိုက်ပြီးနောက်

ရှေ့သို့ မော့ကြည့်လိုက်သည်။

မြို့တံခါးရှေ့တွင် ချပ်ဝတ်တန်ဆာ

ဝတ်ဆင်ထားသော

သက်လတ်ပိုင်းအမျိုးသား တစ်ဦး

ပေါ်လာသည်။

သက်လတ်ပိုင်းအဘိုးအို၏

အကြည့်များက

ရှေ့ကိုလှမ်းကြည့်နေသော်လည်း

ဗလာဖြစ်နေသည်။

“ရုပ်သေးလား…”

ယန်ယဲ့သည် ပျက်စီးနေသော

မြို့အတွင်းထဲသို့ ကြည့်လိုက်သည်။

လုံး၀ကို ဗလာပါ။ သူသည်

ခဏမျှငြိမ်သက်သွားပြီးနောက်

မြို့ရိုးများအရှေ့သို့ ရောက်လာသည်။

အထဲ၀င်ဖို့ ပြင်လိုက်သော်လည်း

သက်လတ်ပိုင်းအမျိုးသားက သူ့ရှေ့တွင်

ရုတ်တရက် ပေါ်လာပြီး

ရောမဓားကြီးဖြင့် နောက်တစ်ကြိမ်
ထပ်ခုတ်လိုက်သည်။

“ဘုန်း…”

ယန်ယဲ့သည် ထပ်မံလွင့်ထွက်သွားသည်။
ဤတစ်ကြိမ်တွင်
သူ၏လက်နှစ်ဖက်တင်မကဘဲ
တစ်ကိုယ်လုံးပင် ထုံကျဉ်သွားသည်။

“ဒီရုပ်သေးက သန်မာတယ်”

ယန်ယဲ့က သက်လတ်ပိုင်းအမျိုးသားကို

မော့ကြည့်လိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက

အနည်းဆုံးတော့

အမြင့်တာအိုသခင်ဖြစ်သည်။

သာမန်လူမဟုတ်ပေ။ သို့သော်

သက်လတ်ပိုင်းအမျိုးသား၏ ခွန်အားက

ကြမ်းတမ်းသောဝံပုလွေထက်

အဆပေါင်းများစွာ သန်မာသည်။

တကယ်တော့

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို

တားတီးခြင်းမဟုတ်ပေ။ မြို့တံခါးကို

စောင့်ကြပ်ရှိသာဖြစ်သည်။

ယန်ယဲ့သည်

ခဏမျှတိတ်ဆိတ်သွားပြီးနောက်

သက်လတ်ပိုင်းအဘိုးအို၏ အပေါ်မှ

ရုတ်တရက် ပေါ်လာသည်။ ထိုနောက်

သူ့အားကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ အောက်သို့ ခုတ်ချလိုက်သည်။ ဤတစ်ကြိမ်တော့ သူက နည်းစနစ်ကို မသုံးပေ။ သာမန် ရိုးစင်းသော ခွန်အားကိုသာ သုံးထားသည်။

ထိပ်တိုက်ရင်ဆိုင်ခြင်း။

သက်လတ်ပိုင်းအမျိုးသားက
သူ၏ဓားကြီးကို မြှောက်ကာ
ပင့်ခုတ်လိုက်သည်။

“ဘုန်း…”

ပုံရိပ်တစ်ခုက လွင့်ထွက်သွားသည်။ ၁
ကီလိုမီတာ အကွာသို့ပင် လွင့်ပျံသွား၏။
အခြားမဟုတ်ပေ ယန်ယဲ့ပင်ဖြစ်သည်။

ယန်ယဲ့သည် သူ၏ ပါးစပ်ထောင့်မှ

သွေးများကိုသုတ်လိုက်ပြီး

သက်လတ်ပိုင်းအမျိုးသားကို

မော့ကြည့်လိုက်သည်။ ထိုလူက

သူထင်ထားသည်ထက် အများကြီး

ပိုသန်မာနေ၏။ သူက

ထပ်မံတိုက်ခိုက်ရန် ပြင်လိုက်သည်မှ

တစ်ခုခုကို တွေးမိလိုက်သည်။

ထိုနောက်ရပ်လိုက်ပြီး တံဆိပ်တစ်ခုကို ထုတ်ယူလိုက်သည်။

လက်နက်တံဆိပ်။

ထိုနေ့က သက်လတ်ပိုင်း အဘိုးကြီးပေးခဲ့သော တံဆိပ်ပြားပင်။ ၎င်းသည် လက်နက်လမ်းစဉ်၏ သတ်ဖြတ်ခြင်းလမ်းကြောင်းသခင်တံဆိပ်ပြားဖြစ်သည်။

သက်လတ်ပိုင်းအဘိုးအိုက

တံဆိပ်ပြားကို မြင်သောအခါ

ထိတ်လန့်သွားသည်။

ထိုနောက် ယန်ယဲ့ဆီသို့ ဖြည်းညင်းစွာ

လျှောက်လာပြီး “သခင်ငယ်လေး”

ယန်ယဲ့သည် အံ့အားသင့်သွားကာ

စကားပင်မပြောနိုင်တော့ပေ။

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၃၃၃

[အဆိုးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆိုးမဲ့ဓားကမ္ဘာ

“သခင်လေးလား...”

ယန်ယဲ့သည် သူ့မျက်နှာပေါ်တွင်
ထူးဆန်းသော အမူအရာဖြင့်
လက်နက်တံဆိပ်ကို
စိုက်ကြည့်လိုက်သည်။ သူက
စမ်းသုံးဖို့သာ ရည်ရွယ်ခဲ့သည်။
လက်နက်တံဆိပ်က အလုပ်ဖြစ်မည်ဟု
မမျှော်လင့်ထားပေ။

မှန်သည်။ ထိုအခြေအနေက သူ့အတွက်
ကောင်းသောအရာတစ်ခုပင်။

ယန်ယဲ့သည် ရှေ့သို့ ခြေတစ်လှမ်းတိုးကာ

သက်လတ်ပိုင်းအမျိုးသားကို

စိုက်ကြည့်လိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက

တကယ်တော့

ရုပ်သေးတစ်ထုပ်သာဖြစ်ကြောင်း

သတိပြုမိလိုက်သည်။

ကိုယ်ပိုင်အသိစိတ်မရှိသော ရုပ်သေးရုပ်။

သို့ရာတွင်

တာအိုသခင်(တာအိုအဆင့်)ရုပ်သေးရုပ်ပ
င်ဖြစ်သည်။

ယန်ယဲ့သည်
ခဏာမျှငြိမ်သက်သွားပြီးနောက်
သူ့ညာလိုက်ကို ငွေယမ်းကာ
သက်လတ်ပိုင်းအမျိုးသားကို
မူလစေတီအထဲသို့ ပို့လိုက်သည်။
ထိုနောက်တွင်
ရှေးဟောင်းမြို့ပျက်အထဲသို့

လျှောက်ဝင်သွားသည်။ မြို့သည်
လူသူလေးပါး တိတ်ဆိတ်နေခဲ့သည်။
မရေမတွက်နိုင်သော
အဆောက်အဦးများရှိနေသော်လည်း
ပြိုကျ ပျက်စီးနေခဲ့သည်။ အားလုံးက
မီးလောင်ကျွမ်းသကဲ့သို့
မည်းနက်နေခဲ့သည်။ အတိတ်တွင်
ကြီးမားသော တိုက်ပွဲတစ်ခု ဖြစ်ခဲ့ပုံရ၏။

ယန်ယဲ့သည် ကောင်းကင်ကို

တစ်ချက်ကြည့်လိုက်သည်။

ရှေးဟောင်းမြို့ပျက်သည်

သေမင်းတမန်အလား

တိတ်ဆိတ်နေခဲ့သည်။

ပတ်ဝန်းကျင်သည် အုံ့မှိုင်းနေကာ

မကောင်းသည့် အနံ့အသက်များ

ထွက်ပေါ်နေသဖြင့် သူ့ကို

အလွန်စိတ်မသက်မသာဖြစ်စေသည်။

သတ်ဖြတ်ခြင်းများ (၁၂)ချောင်း။

ယန်ယဲ့သည် တွန့်ဆုတ်မနေဘဲ မြို့ထဲသို့ ဆက်ဝင်သွားခဲ့သည်။

အချိန်သိပ်မကြာလိုက်ဘဲ ရပ်တန့်လိုက်၏။ သူနှင့် မလှမ်းမကမ်းတွင် အလွန်မြင့်မားသော မျှော်စင်ကြီးတစ်ခုရှိနေသည်။

မျှော်စင်၏ထိပ်ပိုင်းကို လှီးဖြတ်ထားသဖြင့် တစ်ဝက်သာ

ကျန်ရှိတော့သည်။ မျှော်စင်၏

အလယ်ဗဟိုတွင် ထင်ရှားသော

စကားလုံးနှစ်လုံးဖြစ်သော “လက်နက်

သင်္ချိုင်း” ဟူ၍ ရေးထိုးထားသည်။

“လက်နက်သင်္ချိုင်း နောက်ဆုံးတော့

ငါရောက်လာပြီ”

ယန်ယွဲ့သည် သိသိသာသာ

သက်သာရာရသွားသည်။ သူက

တံ့ဆိုင်းမနေဘဲ

မျှော်စင်ထဲသို့ဝင်လိုက်သည်။

ဤအချိန်တွင် သူက

ခန်းမဆောင်တစ်ခုတည်းသို့

ရောက်လာခဲ့သည်။ အထဲသို့

ရောက်လာပြီးနောက် ထိုနေရာတွင်

တင်ပျဉ်ခွေထိုင်နေသော

လူ(၁၂)ယောက်ကို တွေ့လိုက်ရသည်။

သူတို့ထဲတွင် အမျိုးသား

အမျိုးသမီးများရှိသော်လည်း
အသက်ပြန်ရှင်လာမည့်
အရိပ်အယောင်များ မတွေ့ရပေ။

သို့သော် သူတို့ရှေ့တွင် ဓားတစ်ချောင်း
ကိုင်ထားသော အဘိုးအိုကြီး၏
ရုပ်ထုရှိနေသည်။ ယန်ယဲ့သည်
သူ့ကိုတစ်ချက်ကြည့်လိုက်ပြီး ရှေ့ကို
ဆက်လျှောက်သွားလိုက်သည်။

ဤအချိန်တွင် အသံတစ်သံ

ပဲ့တင်ထပ်လာသည်။

“မင်းက ငါ့သိုင်းပညာဦးရီးတော်

ရွေးချယ်ထားတဲ့လူပဲ”

ယန်ယဲ့က ရပ်တန့်ကာ

လှည့်ကြည့်လိုက်သည်။ သူ့ရှေ့တွင်

တင်ပျဉ်ခွေထိုင်နေသော

အမျိုးသား၏အထက်မှ သာမန်ဆန်သော

ပုံရိပ်ယောင်တစ်ခုကို မြင်လိုက်ရသည်။

ထိုလူက ပုံရိပ်ယောင်တစ်ခုကို

ဖန်တီးလိုက်ပုံပင်။

ယန်ယဲ့က ထိုလူကို

တစ်ချက်ကြည့်လိုက်ပြီး “မင်းရဲ့

သိုင်းပညာဦးရီးတော်…”

ထိုလူက “မင်းကို လက်နက်တံဆိပ်

ပေးခဲ့တဲ့သူ”

ယန်ယဲ့က

အနည်းငယ်ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်"

ထိုလူက အချိန်အနည်းငယ်ကြာအောင် ငြိမ်သက်သွားသည်။ "အဲ့ဒါကိုလုပ်ဖို့ မင်းမှာ ဘာအရည်အချင်း ရှိလို့လဲ..."ဟု ပြန်မေးသည်။

“စွမ်းရည်လား…”

ယန်ယဲ့သည် အနည်းငယ်

ရယ်မောလိုက်ပြီး “ငါလည်းမသိဘူး။

ဘာပဲဖြစ်ဖြစ် သူက

ငါ့ကိုပေးလိုက်တယ်။ ဟုတ်တယ်။

မင်းလိုချင်ရင် ငါပြန်ပေးလို့ရတယ်”

ထိုလူက ယန်ယဲ့ကို အချိန်အကြာကြီး စိုက်ကြည့်ကာ "သတ်ဖြတ်ခြင်းဓား (၁၂)ချောင်းကို ဓား(၁၂)ချောင်းလို့ ခေါ်သင့်တယ်။ တစ်ချောင်းစီတိုင်းက အရမ်းကို ရက်စက်ကြမ်းကြုတ်တယ်။ ငါ့ သတ်ဖြတ်ခြင်းလမ်းကြောင်းရဲ့ တံဆိပ်ပြားသခင်ကပဲ သူတို့ကို လွှန်ခဲ့တဲ့နှစ်တွေက ဖိနှိပ်ထားနိုင်တယ်"

"ဓား (၁၂)ချောင်း"

ယန်ယဲ့က "မင်းဘာပြောဖို့
ကြိုးစားနေတာလဲ..."

ထိုအမျိုးသားက "မင်းက
အရမ်းအားနည်းတယ်။ မင်းသူတို့ကို
သိမ်းသွင်းလို့မရသေးဘူး။ ဒါကြောင့်
မင်းအတင်းအကျပ်လုပ်ရင်
တန်ပြန်ရိုက်ခတ်တဲ့ဒဏ်ကို
မင်းခံရလိမ့်မယ်"

ယန်ယဲ့က "ငါတကယ်ကို

နားမလည်တာတစ်ခုရှိတယ်။

သတ်ဖြတ်ခြင်းလမ်းကြောင်း

ပျက်စီးသွားတော့ ဒီဓားတွေကို

ဘာကြောင့် ယူမသွားရတာလဲ..."

"ဘာကြောင့်လဲဆိုတော့ နောက်ဆုံး

တံဆိပ်ပြားသခင်က မသေခင်

သတ်ဖြတ်ခြင်းဓား (၁၂)ချောင်းကို

သိမ်းထားခဲ့လို့” ထိုလူက ဆက်ပြောသည်။

“လက်နက်ဖန်ဆင်းရှင်ကိုယ်တိုင်မလာရင် လက်နက်တံဆိပ်ပြားမပါဘဲနဲ့ အခြား ဘယ်သူကမှ အဲ့ဒါတွေကို ရှာမတွေ့နိုင်ဘူး”

“လက်နက်တံဆိပ်”

ယန်ယဲ့က သူ့လက်ထဲမှ တံဆိပ်ပြားကို
ငုံ့ကြည့်လိုက်ပြီး ထိုလူကို စိုက်ကြည့်ရင်း
“အဲ့ဒါတွေကို ငါအခုလိုချင်တယ်”

ထိုလူက “မင်းက အားနည်းလွန်းတယ်”

ယန်ယဲ့က “အဆင်ပြေပါတယ်။
ငါဘာလုပ်နေလည်းဆိုတာ ငါသိတယ်”

ထိုလူက အချိန်အတော်ကြာအောင်

တိတ်ဆိတ်သွားပြီးနောက် ယန်ယဲ့ဆီသို့

ဖြည်းညင်းစွာ လှည့်မျှော်သွားသည်။

ဓား(၁၂)ချောင်းက ဤအချိန်တွင်

မထင်မှတ်ထားသော အရာတစ်ခု

ရုတ်တရက် ဖြစ်ပေါ်လာသည်။

ထိုလူ၏မျက်နှာပေါ်တွင်

ရက်စက်ကြမ်းကြုတ်သော

အမူအရာပေါ်လာသည်။ ထိုနောက်

နေရာမှာပင် ပျောက်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင်

ယန်ယဲ့၏နဖူးရှေ့တွင်

ဓားတစ်ချောင်းပေါ်လာသည်။

ပတ်ဝန်းကျင်သည်

တိတ်ဆိတ်သွားသည်။ ယန်ယဲ့၏

နဖူးရှေ့မှ ဓားက နီညိုရောင်ဖြစ်ကာ

လက်ချောင်းတစ်ချောင်းလောက်သာရှိ

သည်။ သို့သော်လည်း ၎င်းက

အလွန်ရှည်လျားသည်။ သာမန်ဓားထက်
အနည်းဆုံး (၇၀%)လောက်
ရှည်လျားသည့်။

သို့သော် မမြင်နိုင်သော
စွမ်းအားတစ်ခုကြောင့် ဓားက
ရုတ်တရက် ရပ်တန့်သွားသည်။
ဓားနယ်မြေနှင့် တားဆီးခံလိုက်ရလို့ပါ။
ဓားနယ်မြေက ထိုဓားကို
ဖိနှိပ်လိုက်သဖြင့် နှေးကွေးသွားခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့သည် မီတာ (၃၀)ကျော်အကွာသို့ ပြန်ဆုတ်သွားကာ ဓားနယ်မြေကို ပြန်ပိတ်လိုက်သည်။

ထိုနောက်သူ၏မျက်လုံးထဲတွင် လေးနက်သောအမူအရာတစ်ခုပေါ်လာသည်။ ဓားမှသယ်ဆောင်လာသော စွမ်းအားက အစွမ်းထက်လွန်းသောကြောင့်

ဓားနယ်မြေဖြင့် အချိန်အကြာကြီး ဖိနှိပ်မထားနိုင်ပေ။ သူလုပ်ပါက တန်ပြန်ရိုက်ခတ်ခံရနိုင်၏။

ယန်ယဲ့က မော့ကြည့်လိုက်သည်။ အစောပိုင်းက လူဟာ ပျောက်သွားပြီး ဓားတစ်ချောင်းသာ ရှိတော့သည်။

ယန်ယွဲ့က "ငါ့အထင် မင်းက

ဓား(၁၂)ချောင်းထဲက

တစ်ချောင်းပဲမဟုတ်လား..."

ဓားက ဘာမှမတုံ့ပြန်ပေ။ ယန်ယွဲ့ရှေ့တွင်

ရုတ်တရက် ပေါ်လာပြီး သူ့မျက်နှာကို

ပိုင်းချလိုက်သည်။

ဓားနည်းစနစ်။  ဓားက တကယ်ပင်

ဓားနည်းစနစ်ကို အသုံးပြုထားသည်။

သို့သော်လည်း အမျိုးမျိုးသော

ဓားနည်းစနစ်များနှင့် ရင်းနှီးထားသည့်

ယန်ယဲ့အတွက် လုံးဝ

ကြောက်ရွံ့စရာမရှိပေ။

သူ့လက်ကောက်ဝတ်ကို အနည်းငယ်

လှန်ကာ ဓားဖြင့်

ရှေ့လှမ်းထိုးလိုက်သည်။

“ဘုန်း…”

ဆားကို ခုတ်ပိုင်းချလိုက်၏။
အချိန်သိပ်မကြာလိုက်ပေ ဆားက
ရပ်တန့်သွားသည်။ ရုတ်တရက်
တုန်လှုပ်လာသည်။ ထိုနောက်တွင်
ဆားအလင်းတန်း (၁၀၀)
လောက်ဖြာထွက်လာကာ ယန်ယဲ့ရှေ့ကို
ချက်ချင်း ရောက်လာတော့သည်။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ သူရှေ့သို့

ခြေတစ်လှမ်း လှမ်းလိုက်သည်နှင့်

ဓားစွမ်းအင် အလင်းတန်း (၁၀၀) က သူ့

ပတ်ပတ်လည်တွင် ပေါ်လာသည်။

ထိုနောက် လျှပ်စီးကြောင်းများကဲ့သို့

ရှေ့သို့ ပစ်လွှတ်လိုက်သည်။

"ဘုန်း...ဘုန်း...ဘုန်း..."

ဓားစွမ်းအင်များ

ခန်းမအပြည့်ဖြစ်သွားသည်။ နံရံများကို

ထိမှန်သည်နှင့် နက်ရှိုင်းသော ဓားရာများ

ကျန်နေခဲ့သည်။ သို့သော်

သိပ်မကြာလိုက်ဘဲ ထိုအမှတ်အသားများ

အားလုံး ပျောက်ကွယ်သွားသည်။

အသက်ရှူ (၃)

ရှိုက်စာလောက်အကြာတွင်တော့

ဓားစွမ်းအင်အားလုံး ပျောက်သွား၏။

ဤအခိုက်အတန့်တွင် လူတစ်ယောက်နှင့်

ဓားတစ်ချောင်းက

ထိပ်တိုက်ရင်ဆိုင်တွေ့နေကြသည်။

ယန်ယဲ့သည် လည်ပင်းကို

ဟိုဘက်ဒီဘက် လိမ်လိုက်ပြီး“လာပါ

ဆက်ပြီးတိုက်ခိုက်ကြရအောင်”

စကားပြောပြီးသည်နှင့် နေရာမှာပင်

ပျောက်သွားသည်။

ထိုနောက် ဓားကို ရှေ့သို့
လှမ်းထိုးလိုက်သည်။

ဤအချိန်တွင်
အနီရောင်ဓားတစ်ချောင်းက ယန်ယဲ့၏
အနီးတစ်ဝိုက်တွင် လွင့်မျောနေသည်။
ဖြတ်သွားတိုင်း အာကာသတစ်လျှောက်
အနီရောင် အစင်းကြောင်းကြီး တစ်ခုစီ
ကျန်နေခဲ့သည်။ ခဏအကြာတွင်
ယန်ယဲ့သည် သူ့လက်ထဲမှ

ဝိညာဉ်ဖျက်ဆီးသူက

ဓားအငွေ့အသက်များ

ပျောက်ကွယ်သွားသည်ကို

သတိပြုမိလိုက်သည်။

တိုက်စားခြင်း။

သူ့ရှေ့ရှိဓားက အမှန်ပင်

ဝိညာဉ်ဖျက်ဆီးသူကို

တိုက်စားနိုင်ခဲ့သည်။ ယန်ယွဲ့က ဓားကို

အမြန်သိမ်းလိုက်ပြီး
မြင့်မြတ်သောဓားကို ထုတ်ယူလိုက်၏။
ထိုနောက် အရိပ်ဓားနည်းစနစ်ကို
ချက်ချင်းထုတ်ဖော်လိုက်သည်။

“ဝှစ်...ဝှစ်...ဝှစ်...ဝှစ်...”

တလျှပ်လျှပ်တောက်ပနေသော
ဓားအလင်းတန်းများက ပတ်ဝန်းကျင်ကို
ဖုံးလွှမ်းသွားသည်။ ယန်ယဲ့သည်

မြင့်မြတ်သောဓားကို လက်နှစ်ဖက်ဖြင့်
ဆုပ်ကိုင်ထားပြီး အနီရောင်ဓားကို
အဆက်မပြတ် ပိုင်းချလိုက်သည်။

(၁၅) မိနစ်ခန့် အကြာတွင် ယန်ယဲ့သည်
ရုတ်တရက် ရပ်တန့်သွားသည်။ ဓားက
သူ့ရှေ့တွင် တိတ်တဆိတ်
လွင့်မျောလာသည်။ ထိုနောက် ယန်ယဲ့က
ဓားကို ရုတ်တရက် ဖမ်းကိုင်လိုက်သည်။
ဓားကအနည်းငယ် တုန်ခါသွားပြီး

သူ့ဘေးတွင် နောက်ထပ်

ဓားတစ်ချောင်းပေါ်လာသည်။ ထိုဓားက

ပန်းခရမ်းရောင်ရှိကာ လက်ချောင်း

နှစ်ချောင်းစာခန့်ကျယ်သည်။

ဓားပတ်ပတ်လည်တွင်

ပန်းရောင်အလင်းတန်းများ

တဖျပ်ဖျပ်လပ်နေသည်။ သို့သော်

အဆုံးတော့ မဟုတ်ပေ နောက်ထပ်

ဓားတစ်ချောင်းပေါ်လာပြန်သည်။

ထိုနောက်တွင် ခဏလေးအတွင်းမှာပဲ ဓား (၁၁)ချောင်းက ယန်ယွဲ့ရှေ့တွင် လွင့်မျောနေသည်။

အနီရောင်ဓားက ခေါင်းဆောင်ဖြစ်ပုံပါ။ တစ်ချောင်းစီတိုင်းက ရက်စက်ကြမ်းကြုတ်သော အငွေ့အသက်များ ထုတ်လွှတ်နေခဲ့သည်။ ဓား (၁၂)ချောင်းရှိမည်ဟု

ထင်ရသော်လည်း သူ့ရှေ့တွင်

ဓား(၁၁)ချောင်းသာရှိခဲ့သည်။

ယန်ယဲ့က မြင့်မြတ်သောဓားကို

ဆုပ်ကိုင်လိုက်ပြီး "ဘာလဲ..."

"လက်နက်တံဆိပ်ကို လွှဲပေးပါ"

အသံတစ်သံထွက်ပေါ်လာသည်။

ယန်ယဲ့က အနီအနက်ရောင်

ဆားရှည်ကိုစိုက်ကြည့်ကာ

“လက်နက်တံဆိပ်ကို လွှဲပေးရမှာလား…။

မင်းတို့အားလုံးပုန်ကန်ဖို့

စီစဉ်နေတာလား…”

“ပုန်ကန်နေတာလား…”

အနီအနက်ရောင်ဆားက

ပြင်းပြင်းထန်ထန်အသံဖြင့်

ပြန်ပြောသည်။ “ငါတို့လွတ်မြောက်ပြီး

ဒါပေမဲ့ အဲ့ဒီခွေးကောင်ကြီးက

အတင်းစုစည်းပြီး ငါတို့ကို ဒီမှာက

ချိတ်ပိတ်ထားခဲ့တယ်။

ယုတ်မာတဲ့လူသား လက်နက်တံဆိပ်ကို

လွှဲပေးမလား…။ ဒါမှမဟုတ်ရင်

ဒီနေ့မင်းရဲ့သွေးကို သောက်ရမယ်”

“သတ်ဖြတ်ခြင်းဓားတွေက

မျှော်လင့်ထားသလိုပဲ”

ယန်ယဲ့က ရယ်မောရင်း "ငါတစ်ခုခုကို
သိချင်နေမိတယ်။ မင်းက
လက်နက်တံဆိပ်ကို
ဘာကြောင့်လိုချင်တာလဲ..."

"အဲ့တာ ငါတို့အလုပ်ပဲ"

ဓားရှည်က “မင်းလွှဲပေးမှာလား

မပေးဘူးလား...” ဟုပြင်းပြင်းထန်ထန်

ပြောလိုက်သည်။

“သောက်ရူးပဲ”

ယန်ယွဲ့က

ဒေါသတကြီးအော်လိုက်သည်။ “မင်းက

ဓားတစ်ချောင်းပဲ ဒီလောက်မောက်မာတဲ့

လုပ်ရပ်က

ဘယ်လိုနောက်ခံနဲ့ပြောတာလဲ…။ လာပါ တိုက်ခိုက်ကြရအောင်”

စကားပြောပြီးနောက် ယန်ယဲ့က သူ၏ ညာလက်ကို ဝှေ့ယမ်းကာ မြင့်မြတ်သောဓားကို ရှေ့သို့ လှမ်းပိုင်းလိုက်သည်။

အနီရင့်ရောင်ဓားက ရုတ်တရက် တုန်ခါသွားကာ “သူ့ကို သတ်ပစ်ကြ”

ထိုခဏလေးမှာပဲ ဓား (၁၁)ချောင်းက လျှပ်စီးလက်သလိုမျိုး ရှေ့သို့ လွင့်မျောလာခဲ့သည်။ ဤအချိန်တွင် ယန်ယွဲ့သည် အတော်လေး ဒေါသထွက်နေသည်။ အကြောင်းမှာ သူက သတ်ဖြတ်ခြင်းဓား (၁၁)ချောင်း၏စွမ်းအားကို အတော်လေး လျှော့တွက်ထားခဲ့လိုပင်။ သူသည် မြင့်မြတ်သောဓား ကိုင်ထားသော်လည်း

အခြေအနေမကောင်းပေ။

အဘယ်ကြောင့်ဆိုသော်

လုံးလုံးလျားလျား ဖိနှိပ်ခံခဲ့ရသည်။

ပြန်ပြီးတိုက်ခိုက်ဖို့ ခွန်အားပင်

လုံးဝမရှိပေ။

“အုန်း…”

ယန်ယွဲ့၏ခန္ဓာကိုယ်ထဲမှ

ရွှေရောင်အလင်းတန်းများ ရုတ်တရက်

လွင့်ထွက်လာပြီး တစ်ကိုယ်လုံး
ရွှေရောင်အလွှာ ပါးပါးလေးဖြင့်
ဖုံးလွှမ်းသွားသည်။

"ဗုဒ္ဓရွှေခန္ဓာကိုယ်"

ဤအချိန်တွင် ယန်ယွဲ့သည်
မသက်သာတော့ဘဲ ဗုဒ္ဓရွှေခန္ဓာကိုယ်ကို
အတင်းအကျပ် ထုတ်ဖော်လိုက်ရသည်။
သို့သော် ထိုအရာသည်ပင်

မထူးခြားကြောင်း သတိပြုမိခဲ့သည်။

ဓားတစ်ချောင်းစီတိုင်းက

ဗုဒ္ဓရှေ့ခန္ဓာကိုယ်ကို အသာအယာ

ဆုတ်ဖြဲကာ သူ့အား

သနားစရာကောင်းသော

အခြေအနေသို့ပင်

ရောက်သွားစေခဲ့သည်။

"ဓားနယ်မြေ"

ယန်ယဲ့က ဆက်ပြီး မထိန်းထားဝံ့တော့ဘဲ

ချက်ချင်းဆိုသလို

အသက်သွင်းလိုက်တော့သည်။

ဓားနယ်မြေပေါ်လာသည်နှင့်

ဓား(၁၁)ချောင်းလုံးကို

ဖိနှိပ်လိုက်သော်လည်း

သိပ်မကြာလိုက်ပေ တုန်လှုပ်လာခဲ့သည်။

ဓား(၁၁)ချောင်းက

တန်ပြန်တိုက်ခိုက်နေကြသည်။

ဤမြင်ကွင်းကြောင့် ယန်ယဲ့သည်
မျက်ခွံများ လှုပ်ယမ်းသွားသည်။

သူက ဓားနယ်မြေကို အမြန်ပိတ်လိုက်ပြီး
“အကြမ်းဖက်တာက
ဘာမှဖြေရှင်းလို့မရဘူးလို့ ငါထင်တယ်။
ဆွေးနွေးတာက ပြဿနာကို ဖြေရှင်းဖို့
တစ်ခုတည်းသော နည်းလမ်းပဲ။ မင်းတို့
ဘယ်လိုထင်လဲ...”

“လက်နက်တံဆိပ်ကို လွှဲပေး…”

အနီအနက်ရောင် ဓားက ဒေါသအသံနှင့်

ပြောလေသည်။

“လက်နက်တံဆိပ်”

ယန်ယဲ့က လက်နက်တံဆိပ်ကို

ထုတ်ယူကာ

တစ်ချက်စိုက်ကြည့်လိုက်ပြီးနောက်

ဓားကိုတစ်ချက်ကြည့်လိုက်သည်။

ဓား(၁၁)ချောင်းလုံး

နောက်ပြန်ဆုတ်သွားသည်ကို

သတိပြုမိလိုက်၏။

ကြောက်ရွံ့နေကြပုံပါ။

ဓား(၁၁)ချောင်းလုံးက

လက်နက်တံဆိပ်ကို ကြောက်သည်ဟု

ခံစားနိုင်သည်။

ယန်ယဲ့က ခဏလောက် စဉ်းစားပြီး
“ဘာကြောင့်ဒီလက်နက်တံဆိပ်ကို
လိုချင်တာလဲ ပြောပါ”

“ငါတို့ကိုပေး”

ဓားက ပြင်းထန်စွာပြောသည်။
“မဟုတ်ရင် မင်းရဲ့သွေးနဲ့
ငါတို့ရေချိုးမယ်”

ယန်ယဲ့က ခဏာန္တုတ်ဆိတ်သွားပြီး

“ဆွေးနွေးတာက ဘာမှမပြောင်းလဲဘူးလို့

ငါထင်တယ် ဒါကြောင့် ဒါကိုဖြေရှင်းဖို့

အကြမ်းဖက်နည်းလမ်းကို သုံးသင့်တယ်”

ထိုနောက် ဓား(၁၁)ချောင်းကို

စိုက်ကြည့်ရင်း လက်နက်တံဆိပ်ကို

သူ့ရင်ဘက်ထဲသို့ ဖြည်းညင်းစွာ

ကပ်ထားလိုက်သည်။ သူ့ရင်ဘက်မှ

ရွှေရောင် အလင်းတန်းများ

ထွက်ပေါ်လာပြီး လက်နက်တံဆိပ်ကို

ချက်ချင်း စုပ်ယူလိုက်သည်။

ယန်ယဲ့က ဓား (၁၁)ချောင်းကို

စိုက်ကြည့်ရင်း “ဒါဟာ

ရတနာထဲမှာပဲမင်းတို့

ဝင်ပြီးယူရဲ့သလား…”

“ဘာလို့မဖြစ်ရမှာလဲ…”

အနီအနက်ရောင်ဓားက

အေးစက်စက်ပြောပြီးနောက်

အခြားဓားများနှင့်အတူ

ယန်ယဲ့၏ရင်ဘက်ထဲသို့

ဝင်ရောက်သွားသည်။

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၃၃၄

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အကြမ်းဖက်မှာလား ဆွေးနွေးမှာလား…။

မဟုတ်ပေ လှည့်စားခြင်းသာ

သူ၏နည်းလမ်းပင် ဖြစ်သည်။

ထိုကဲ့သို့ပင် ဓား (၁၁)ချောင်းသည်

ယန်ယဲ့၏

ခန္ဓာကိုယ်ထဲသို့ဝင်ရောက်သွားသည်။

သို့မဟုတ် အတိအကျပြောရမည်ဆိုလျှင်

မူလစေတီအထဲသို့

အလိုလိုဝင်သွားခဲ့သည်။

မူလစေတီထဲတွင် ဓား(၁၁)ချောင်းက

လေထဲမှာလွင့်မျောနေသည်။

နှင်းပွင့်က ဓား(၁၁)ချောင်းကို

စူးစိုက်ကြည့်ကာ စူးစမ်းချင်စိတ်များဖြင့်

မျက်တောင်ခတ်နေလေသည်။

အခြားတစ်ဖက်တွင်မူ ဟိုချင်က

နှင်းပွင့်၏ ဘေးနားတွင် ရပ်နေကာ

မျက်နှာတွင် လေးနက်သော

အမူအရာရှိနေသည်။ သူက ဓား(၁၁)ချောင်း၏ ထူးခြားမှုကို သတိပြုမိလို့ပါ။

ဤအချိန်တွင် ယန်ယဲ့က မူလစေတီ အထဲသို့ ဝင်လာခဲ့သည်။ ယန်ယဲ့သည် ကောင်းကင်သို့ မော့ကြည့်လိုက်ပြီးနောက် ဓား(၁၁)ချောင်းကို စိုက်ကြည့်နေသည်။ ဤအချိန်တွင် အားလုံးလေထဲ၌

လွင့်မျောနေကြသည်။ သေချာသည်မှာ ဓာ(၁၁)ချောင်းလုံးက ဤနေရာနှင့် ပတ်သက်၍ တစ်စုံတစ်ခုလွဲမှားနေကြောင်း သတိပြုမိပုံပင်။

ခဏအကြာတွင် အနီအနက်ရောင်ဓားက "လက်နက်တံဆိပ်က ဘယ်မှာလဲ..." ဟုမေးလိုက်သည်။

“လက်နက်တံဆိပ်လား...”

ယန်ယဲ့က ရယ်မောပြီး သူ၏ညာလက်ကို မြှောက်လိုက်သည်။ သူ့လက်ထဲတွင် လက်နက်တံဆိပ်ပေါ်လာသည်။

သူက အနီအနက်ရောင်ဓားကို စိုက်ကြည့်ကာ လျှောင်ပြောင်ရင်း “ဒီမှာပဲ မင်းလာယူမလား...”

“ဝှစ်…ဝှစ်…ဝှစ်…”

အလင်းတန်း (၁၁)ခု လင်းလပ်လာပြီး

ယန်ယဲ့ဆီသို့ ချက်ချင်း ရောက်လာသည်။

“အုန်း…”

ကောင်းကင်အထက်မှ

ရွှေရောင်အလင်းတန်းတစ်ခု ရုတ်တရက်

ဆင်းသက်လာကာ ဓား(၁၁)ချောင်းလုံး

အစောပိုင်းက လွင့်မျောနေသည့်နေရာသို့ ပြန်လွင့်သွားခဲ့သည်။

အနီအနက်ရောင် ဓားက တိုးညင်းသောအသံဖြင့်မေးသည်။
“အဲ့ဒါက ဘာလဲ…”

ယန်ယဲ့က ပြုံးပြီး “ဆက်ကြည့်နေ”

ခဏာမျှတိတ်ဆိတ်သွားပြီးနောက်

ဓား(၁၁)ချောင်းက လျင်မြန်စွာ

လည်ပတ်နေတော့သည်။

သိပ်မကြာလိုက်ပေ သိပ်သည်းသော

ဓားစွမ်းအင် အလင်းတန်းများဟာ

လေထုထဲသို့ လွင့်မျောလာကာ ကမ္ဘာကို

ဖျက်ဆီးတော့မည်အလားပင်။

ဤအခိုက်အတန့်တွင် ကောင်းကင်မှ

ထူးဆန်းသောအသံတစ်သံထွက်ပေါ်လာ

ပြီး ရွှေရောင် စေတီငယ်တစ်ခု
ပေါ်လာသည်။

ရွှေးဟောင်းမူလစေတီ။

ယန်ယွဲ့သည် ဓား(၁၁)ချောင်းလုံး
တုန်လှုပ်သွားသည်ကို
ခံစားမိလိုက်သည်။ သို့သော် ဓားများက
ချက်ချင်းပင် ဓားတစ်လက်တည်းအဖြစ်

ပေါင်းစည်းသွားကာ ရွှေစေတီငယ်ဆီသို့
ပျံသန်းသွားသည်။

“စိတ်ဝင်စားစရာပဲ”

ယန်ယွဲ့က ရယ်မောလိုက်သည်။
သာမန်ရတနာများက မူလစေတီအထဲသို့
ဝင်လာသည်နှင့်
ချက်ချင်းအရှုံးပေးရသည်။ သို့ရာတွင်
သတ်ဖြတ်ခြင်းဓား(၁၁)ချောင်းကို

ချက်ချင်းမဖိနှိပ်နိုင်ပေ။ ထိုပြင်

မူလစေတီကို တိုက်ခိုက်ရန်ပင်

ရည်ရွယ်နေပုံပါ။ သို့သော် ၎င်းသည်

လက်နက်လမ်းစဉ်၏အထွတ်အမြတ်

ရတနာများဖြစ်သောကြောင့်

အဓိပ္ပါယ်ရှိပေသည်။

ဓား(၁၁)ချောင်းမှ ထွက်လာသည့်

အငွေ့အသက်ကို မူလစေတီက

ခံစားမိပုံပင်။ အလွန်ဒေါသထွက်သွား၏။

မူလစေတီက

ပြင်းထန်စွာတုန်ခါသွားပြီးနောက်

မရေမတွက်နိုင်သော

ရွှေရောင်အလင်းတန်းများ

ဖြာထွက်လာကာ ဓား(၁၁)ချောင်းကို

ဖုံးလွှမ်းသွားသည်။ ဤအချိန်တွင်

ဓား(၁၁)ချောင်းက လျင်မြန်စွာ

လည်ပတ်လာပြီး ၎င်းတို့ထံမှ

အလင်းတန်းများ အဆက်မပြတ်

ဖြာထွက်လာသည်။

ထိုခဏလေးအတွင်းမှာပင်

ကောင်းကင်တစ်ခုလုံးရွှေရောင်နှင့်

ဓားစွမ်းအင်များဖြင့် ဖုံးလွှမ်းသွားသည်။

"ရှူး...ရှူး...ရှူး..."

ကောင်းကင်သည် ပြင်းထန်စွာ

တုန်ခါစပြုလာကာ

နေရာအနှံ့ အက်ကြောင်းများ
အဆက်မပြတ် ပေါ်လာသည်။

လုံးဝကို တုန်လှုပ်စရာပင်။

ယန်ယဲ့သည် မြေပြင်ပေါ်မှကြည့်နေရင်း
မျက်မှောင်ကြုတ်လိုက်သည်။
ဤအချိန်တွင် အထက်ကောင်းကင်ယံ၌
လွင့်မျောနေသော ရွှေစေတီငယ်က
ပြင်းထန်စွာ တုန်ခါသွားသည်။ ထိုနောက်

တဖြည်းဖြည်း ကြီးမားလာ၏။

တစ်ခဏလေးအတွင်းမှာပဲ ယခင်ထက်

အနည်းဆုံး အဆတစ်ရာ

ပိုကြီးမားလာ၏။ ဤအခိုက်အတန့်တွင်

ကောင်းကင်ယံ၌ ရောမ

ရွှေစေတီကြီးတစ်ဆူ ပေါ်လာသည်။

ခဏအကြာတွင် အောက်သို့

ဆင်းသက်လာ၏။

“အုန်း…”

ဓား(၁၁)ချောင်းလုံး ချက်ချင်းပင်

မြေပြင်ပေါ်သို့ ပြုတ်ကျကာ

မလှုပ်ရှားနိုင်တော့ပေ။

ဤမြင်ကွင်းကြောင့်

နှင်းပွင့်၏မျက်လုံးလေးများက

ပြူးကျယ်သွားသည်။ သေချာသည်မှာ

မူလစေတီက

အရှယ်အစားလိုသလိုထိန်းချုပ်ထားနိုင်သည်ဟု မထင်ထားပုံပါ။

ယန်ယဲ့က မူလစေတီကို စိုက်ကြည့်ရင်း တိုးတိုးလေးပြောလိုက်သည်။ “ဒါက ကိုယ်ထည် အစစ်လား…”

ဤအချိန်တွင် မူလစေတီက ပုံမှန်အတိုင်း ပြန်ဖြစ်သွားသည်။ ထိုနောက် ဓားများပေါ်တွင်

ရွှေရောင်အလင်းတန်းများလင်းလပ်လာသည်။ ရွှေရောင်အလင်းတန်းများကဓားတစ်ချောင်းစီ၏ပတ်ပတ်လည်၌ရစ်ပတ်နေခဲ့သည်။ မည်မျှပင်ဓား(၁၁)ချောင်းလုံး တုန်ခါနေသည့်တိုင်ရွှေရောင်အလင်းတန်းများကိုမချေဖျက်နိုင်ခဲ့ပေ။

ယန်ယဲ့က ဓားများဆီသို့လျှောက်သွားလိုက်သည်။ သူက

မူလစေတီကို

စိုက်ကြည့်လိုက်သော်လည်း ၎င်းက

တဖြည်းဖြည်းဝေဝါးသွားခဲ့သည်။

ယန်ယဲ့သည်

ဘာပြောရမှန်းမသိတော့ပေ။

တစ်ချိန်တည်းတွင် ဟိုချင်က ရုတ်တရက်

ပြောခဲ့သည် “မင်းဒါတွေကို

လောလောဆယ်

ထိန်းချုပ်လို့မရသေးဘူး”

ယန်ယဲ့လည်း

ကောင်းကောင်းသတိပြုမိသောကြောင့်

အနည်းငယ်ခေါင်းညိတ်လိုက်သည်။

သူ၏လက်ရှိ ခွန်အားက ထိုဓားများကို

ထိန်းချုပ်ရန် မလုံလောက်ပေ။

အတင်းအကျပ် ထိန်းချုပ်ပါက

ကိုယ့်သေတွင်းကိုယ်တူးသည်နှင့်အတူတူ

ပင်။

ဟိုချင်က ဆက်ပြောသည်။

“အခုဘာဖြစ်လို့လဲ...”

ယန်ယဲ့က ဓားများကို

တစ်ချက်ကြည့်လိုက်သည် “သူတို့ကို

ဒီအတိုင်းထားလိုက်ပါ။

ငါပိုသန်မာလာတဲ့အခါ လာယူလိုက်မယ်”

ဟိုချင်က အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး “ကောင်းတယ်

ဒါဟာမင်းရဲ့ တစ်ခုတည်းသော
ရွေးစရာတစ်ခုပဲ”

ယန်ယွဲ့သည် ကောင်းကင်သို့
မော့ကြည့်လိုက်သည်။ ရွှေစေတီက
သဲလွန်စမရှိဘဲ
ပျောက်ကွယ်သွားခဲ့ပြီးဖြစ်သည်။

ယန်ယွဲ့သည် ခေါင်းယမ်းကာ
သူ့အကြည့်ကို ရုတ်လိုက်ပြီး အနီရောင်

ဓားကို စိုက်ကြည့်ရင်း “ငါ့အသိအရ

ဒီမှာဓား(၁၂)ချောင်းရှိသင့်တယ်။ ဒါပေမဲ့

အခုလောလောဆယ် ဓား

(၁၁)ချောင်းပဲရှိသေးတယ်။

နောက်ဆုံးဓားက ဘယ်မှာလဲ…”

“မျှော်စင်ရဲ့ အောက်ခြေ

အနက်ရှိုင်းဆုံးနေရာမှာ” အနီရင့်ရောင်

ဓားက လေးနက်စွာပြောခဲ့သည်။

“အဲ့ဒါက ဘာလဲ ငါတို့ရဲ့ အသိစိတ်တွေကို ဘာကြောင့် ဖိနှိပ်နိုင်တာလဲ...”

“မင်းရဲ့ အသိစိတ်ကို ဖိနှိပ်တာလား...”
ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး
“မင်းဘာကို ဆိုလိုတာလဲ...”

သို့သော် အနီအနက်ရောင်စားက ပြန်မဖြေပေ။

“ဒါက လူတစ်ယောက်ရဲ့
ဝိညာဉ်နဲ့တူတယ်”

ဤအချိန်တွင် ဟိုချင်ကပြောခဲ့သည်
“သူတို့ရဲ့ စိတ်ဝိညာဉ်တွေကို ဖိနှိပ်နိုင်တာ
မူလစေတီလို့ မင်းသိလိုက်”

ယန်ယွဲ့က ပြုံးလိုက်သည်။
ဓာ(၁၁)ချောင်းလုံးက မူလစေတီကို
အလွန်ကြောက်ရွံ့သွားပုံပါ။

ယန်ယဲ့က တစ်ခုခုကို

တွေးမိပုံရပြီး“မင်းတို့အားလုံး

ဘာကြောင့် ကိုယ့်ဘာသာကိုယ်

ထွက်မသွားကြတာလဲ...။ ဘာကြောင့်

ဒီမှာနေတာလဲ...”

ထိုအကြောင်းကို စဉ်းစားမိသောအခါ

သူ့စိတ်ထဲ အံ့ဩမိသွားသည်

အကြောင်းကတော့ ဓာ(၁၁)ချောင်းလုံး

ထွက်သွားနိုင်သော်လည်း တစ်ချိန်လုံး
လက်နက်လမ်းစဉ်တွင် ရှိနေခဲ့ကြသည်။
ထိုအရာက အနည်းငယ်တော့
အဓိပ္ပါယ်မရှိလှပေ။ ဤတစ်ကြိမ်တွင်
အနီအနက်ရောင်ဓားက
လုံးလုံးပြန်မဖြေတော့ဘဲ
နှုတ်ဆိတ်နေခဲ့သည်။

ယန်ယဲ့က ခဏမျှနှုတ်ဆိတ်နေပြီး
"ဘာကြောင့် နောက်ဆုံးဓားက

မျှော်စင်အောက်ခြေမှာ

ရှိနေရတာလဲ...”ဟုမေးလိုက်သည်။

ဓားက “အဲ့ဒီဓားက

အမှောင်လမ်းစဉ်ထဲကို ကျသွားပြီ” ဟု

လေးနက်စွာပြောခဲ့သည်။

“အမှောင်လမ်း”

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ

“ဓားတစ်ချောင်းက

အမှောင်လမ်းစဉ်ထဲကို

ရောက်သွားနိုင်လို့လား…”

ဓားက “မရဘူးလား…”

ယန်ယဲ့က “ဘယ်လိုမျိုးလဲ…”

ဓားက အချိန်အတော်ကြာ
ငြိမ်သက်သွားကာ “လူတစ်ယောက်ရဲ့
ဝိညာဉ်တွေ အထူးသဖြင့်
ဓားကျင့်ကြံသူတွေရဲ့ဝိညာဉ်တွေကို
ဝါးမျိုတာက အသက်ရှင်တယ်။ ဒါအပြင်
ဓားတွေရဲ့ အသိစိတ်ကို ဝါးမျိုနိုင်တယ်”

“ဓားတွေရဲ့ အသိစိတ်ကို ဝါးမျိုတယ်”

ယန်ယဲ့သည်

စကားမပြောနိုင်သလိုခံစားလိုက်ရသည်။

“တကယ်ကို စိတ်ဝင်စားဖို့ကောင်းတယ်”

ဤအတောအတွင်း ဆားက ရုတ်တရက်

“မင်းငါတို့ကို လွှတ်ပေးရအောင် ငါတို့

ဘာလုပ်ပေးရမလဲ...”ဟု မေးခဲ့သည်။

ယန်ယဲ့က ပြုံးလိုက်သည်။

“ဒါပဲငါလိုချင်တာ”

“မင်းတို့ဒီနေရာက ထွက်သွားချင်လား…” ယန်ယဲ့က ပြုံးလိုက်ပြီး“ငါ့နောက်လိုက်ခဲ့ ဒါဆိုမင်းတို့ အပြင်ထွက်လို့ရပြီး”

“အိမ်မက်ပဲမက်နေလိုက်”

အနီအနက်ရောင်ဓားက အေးစက်စက် ပြန်ပြောသည်။ “လူယုတ်မာကောင် မင်းကအရည်အချင်းလုံးဝမရှိဘူး။

ငါတို့မင်းကိုလုံးဝ ဘယ်တော့မှ လက်ခံမှာမဟုတ်ဘူး”

ယန်ယဲ့က ပခုံးတွန့်လိုက်ပြီး “ငါတို့ သဘောတူညီမှုမရဘူး ဒါဆို ဒီမှာပဲနေခဲ့ကြ”

ယန်ယဲ့က လှည့်ထွက်သွားသည်။ သူ့နောက်မှ ဓားအော်သံကို ကြားနေရသည်။

သို့သော်ဂရုမစိုက်တော့ပေ။ ဟိုချင်နှင့်
ခဏတဖြုတ် စကားစမြည်ပြောကာ
မူလစေတီအထဲမှ ပြန်ထွက်သွားသည်။

အပြင်ဘက် ပြန်ရောက်လာပြီးနောက်
ယန်ယွဲ့သည် ခန်းမအထဲရှိ ရုပ်ထုကို
စိုက်ကြည့်လိုက်သည်။ ၎င်းက
အတိတ်သတ်ဖြတ်ခြင်းလမ်းကြောင်း၏
တံဆိပ်သခင်ဖြစ်သည်ကို သိခဲ့သည်။
ထိုလူက သေဆုံးသွားခဲ့သည်။

ဤအချိန်တွင် သူသည်
လက်နက်လမ်းစဉ်၏
သတ်ဖြတ်ခြင်းလမ်းကြောင်းကို
အမွေဆက်ခံခဲ့သည်။

အချိန်အတော်ကြာသွားပြီးနောက်
ယန်ယဲ့သည် ဆက်သွားခဲ့သည်။ သူသည်
မျှော်စင်မှ ထွက်မသွားခဲ့ပေ။ မျော်စင်၏
အောက်ထပ်သို့ ဆင်းလာခဲ့သည်။
အောက်သို့ ဆင်းလာလေလေ

ယန်ယွဲ့၏အမူအရာက ပို၍

လေးနက်လာလေလေပင်ဖြစ်သည်။

သူ့စိတ်ထဲတွင် ဆိုးရွားသော

ခံစားချက်များရှိနေသည်။

ယန်ယွဲ့သည်ရုတ်တရက် ရပ်လိုက်သည်။

ဆက်သွားရမှာလား…။

ခဏမျှတုံ့ဆိုင်းသွားပြီးနောက်

ဆက်လျှောက်သွားလိုက်သည်။

ဆက်သွားရပါမည်။ သူသည်

ဓားကျင့်ကြံသူဖြစ်ရာ ဓားကို

ကြောက်ရွံ့ရမည်လော။

ထိုစကားများပျံ့သွားလျှင် လူတိုင်းက

သူ့အား လှောင်ပြောင်ရယ်မောပေမည်။

ထိုပြင် သူ့လက်ထဲ၌ အဓိပတိ

ဓားဟုခေါ်သော

မြင့်မြတ်သောဓားရှိနေသည်။

ပိုဆိုးလာလျှင် ဓားနှစ်ချောင်းလုံးကို

အချင်းချင်းတိုက်ခိုက်စေခိုင်းရုံသာ။

ယန်ယဲ့သည် အချိန်မဆိုင်းဘဲ

မျှော်စင်အောက်သို့ ဆက်ပြီး

ဆင်းလာလိုက်သည်။

အောက်ပိုင်းနေရာက ပိုပို၍

မည်းမှောင်နေကာ ပတ်ဝန်းကျင်က

ပိုပိုပြီး အေးစက်စက် အငွေ့အသက်များ

ပျံ့လွင့်လာသည်။

အချိန်အတော်ကြာကြီးနောက်

ယန်ယဲ့သည် ရုတ်တရက်

ရပ်တန့်သွားသည်။ အကြောင်းမှာ နဂို

သူရောက်နေသည့် နေရာသို့

ပြန်ရောက်နေလို့ပါ။ လမ်းလျှောက်ရင်း

လျှောက်ရင်းဖြင့်

သူရောက်နေသည့်နေရာကိုသာ

ပြန်ရောက်သွားခဲ့သည်။

အချိန်အတော်ကြာတိတ်ဆိတ်နေပြီးနော

က် ယန်ယွဲ့သည် ရှေ့ဆက်သွားခဲ့သည်။

သို့သော် ယခင်အတိုင်းပင်

သူရောက်နေသည့် နေရာသို့
ပြန်ရောက်လာပြန်သည်။
ခဏအကြာငြိမ်သက်သွားပြီးနောက်မှ
ယန်ယွဲ့က ရှေ့တက်သွားလိုက်သည်။
ဤတစ်ကြိမ်တော့ သူက ဓားနယ်မြေကို
အသက်သွင်းထားသည်။ ဓားနယ်မြေက
ပတ်ဝန်းကျင်ကို လွှမ်းခြုံထားသဖြင့်
ယန်ယွဲ့သည် သူ့ပတ်ဝန်းကျင်က

ရုတ်ခြည်းပြောင်းလဲသွားသည်ကို သတိပြုမိလိုက်သည်။

ဤအချိန်တွင် သူ့ပတ်ဝန်းကျင်၌ များပြားသောအလင်းအတားအဆီးအလွှာများ ဝိုင်းရံထားပြီး အလင်းတန်းများ တဖျပ်ဖျပ်လပ်နေခဲ့သည်။

"ဒါကဘာကောင်တွေလဲ..."

ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်။

ထိုနောက် ဓားဆွဲထုတ်ကာ

အလင်းအတားအဆီးအလွှာများကို

ပိုင်းချလိုက်သည်။ သို့သော်

တုတ်တုတ်မျှပင်မလှုပ်ပေ။  ယန်ယဲ့က

မြင့်မြတ်သောဓားကို

ထုတ်ယူလိုက်သည်။ ဤအချိန်တွင် သူက

တစ်စုံတစ်ခုကိုတွေးမိပုံရပြီး

မြင့်မြတ်သောဓားကိုပြန်သိမ်းလိုက်ပြန်

သည်။

ထိုနောက် လက်နက်တံဆိပ်ကို

ထုတ်ယူလိုက်သည်။

လက်နက်တံဆိပ်ပေါ်လာသည်နှင့်

သူ့ပတ်ဝန်းကျင်ရှိ မြင်ကွင်းက

တုန်လှုပ်သွားသည်။

အလင်းအတားအဆီးများ တဖြည်းဖြည်း

ပျောက်ကွယ်သွားသည်။

ခဏအကြာတွင်

အားလုံးပုံမှန်ပြန်ဖြစ်သွား၏။

ယန်ယွဲ့သည် လက်နက်တံဆိပ်ကို

ဖယ်လိုက်ပြီး ရှေ့ဆက်သွားလိုက်သည်။

အချိန်သိပ်မကြာလိုက်ဘဲ

ရပ်တန့်သွားသည်။ သူသည်

အောက်ခြေတွင်ရောက်နေသည်။ သူ့ရှေ့

မလှမ်းမကမ်းတွင် ဓားတစ်ချောင်း

လွင့်မျောနေ၏။ ဓားက
အနက်ရောင်အတိဖြစ်သည်။

သို့သော် ထိပ်ဖျားတွင်
သွေးနီရောင်ဖြစ်သည်။
ဓားကိုယ်ထည်ပေါ်တွင်
မျဉ်းသုံးကြောင်းရှိနေ၏။ ထိုပြင်
ပတ်ပတ်လည်တွင် ရွှေရေ။cအ ချိန်းကြိုး
(၄)ကြိုးဖြင့် ရစ်ပတ်ထား၏။

ယန်ယဲ့က

ပတ်ဝန်းကျင်ကိုတစ်ချက်ကြည့်လိုက်သ

ည်။ ဤအခိုက်အတန့်တွင် နံရံအထက်၌

ထူးဆန်းသော သွေးနီရောင်

သင်္ကေတများဖြင့် ဖုံးလွှမ်းနေသည်ကို

သတိပြုမိလိုက်သည်။ ထိုပြင်

ထူးဆန်းသော မှော်ကျမ်းစာ

နှစ်ပိုဒ်ပါရှိနေသည်။

ယန်ယဲ့၏အကြည့်များက

အနက်ရောင်ဓားပေါ်သို့ဆင်းသက်လာသ
ည်။

“ဒီမှာ ချိတ်ပိတ်ထားတာလား...”

ခဏအကြာတွင် ရှေ့သို့
ဆက်လျှောက်သွားပြီး
အနက်ရောင်ဓားနှင့် (၁၀)
မီတာအကွာတွင်ရပ်တန့်သွားသည်။
ဤအခိုက်အတန့်တွင် သူသည်

ရှင်းရှင်းလင်းလင်း မြင်သွားသည်

ဓားပေါ်တွင် ရေးထိုးထားသော

စကားလုံးနှစ်လုံး “တရားစီရင်ခြင်းဓား”။

“တရားစီရင်ခြင်းဓားလား…”

ယန်ယွဲ့သည် ခဏမျှ

လေးလေးနက်နက်စဉ်းစားပြီး “ငါမင်းကို

ဒီနေရာကနေ ခေါ်ထုတ်သွားနိုင်တယ်

ဒါပေမဲ့ ငါမှာ အခြေအနေရှိတယ်။

ငါနဲ့ဆွေးနွေးချင်သလား...”

ဓားက ပြန်မဖြေ။

ယန်ယဲ့က လှည့်ပြီး ထွက်သွားသည်။

သူက တံ့ဆိုင်းမနေပေ။ အနည်းငယ်ပင်

မဆိုင်းမတွဘဲ လှည့်ထွက်သွားသည်။

ဓားက ထိုကဲ့သို့

မောက်မာဝံ့ကြွားနေသောကြောင့်

စိတ်မဝင်စားတော့ပေ။ သူ့တွင်

မူလစေတီနှင့် အဓိပတိဓားရှိနေလေရာ

အနက်ရောင်ဓားက ပညာရှင်အဆင့်

လက်နက်တစ်ခုသာဖြစ်သည်။

သူ၏နတ်ရတနာနှစ်ခုစလုံးက

တရားစီရင်ခြင်းဓားထက်

ပိုကောင်းခဲ့သည်။

သို့သော် ယန်ယွဲ့ ထွက်သွားကာနီးတွင်

“ငါမင်းကိုတွေ့ဖူးတယ်”

“မင်းငါ့ကို အရင်က တွေ့ဖူးတာလား…”

ယန်ယဲ့က ရပ်လိုက်ပြီး

အနက်ရောင်ဓားကို စိုက်ကြည့်ရင်း

“တရားစီရင်ခြင်းဓား

ငါ့ကိုလာနှောက်နေတာလား…”

"မဟုတ်ဘူး၊...ငါသိတယ်...သိတယ်"

တရားစီရင်ခြင်းက

အကြိမ်ကြိမ်ထပ်ပြောလေသည်။

ယန်ယဲ့သည်

ဘာပြောရမှန်းမသိတော့ပေ။

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၃၃၅

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

"အရင်တုန်းက ငါနဲ့တွေ့ဖူးတာလား"

ယန်ယဲ့က ဓားအနားသို့ လျှောက်သွားပြီး

"သေချာကြည့်လိုက်"

ဓားကတိတ်ဆိတ်သွားသည်။

ခဏကြာပြီးနောက် ဓားက "ငါမြင်တယ်"ဟုနောက်တစ်ကြိမ် ထပ်ပြောခဲ့သည်။

ယန်ယဲ့က "ဘာလဲ"

ဓားက အနည်းငယ် တုန်ခါသွားပြီး "မင်းဘယ်သူလည်းဆိုတာ မင်းသိလား..."

"ငါဘယ်သူလဲ..."

ယန်ယဲ့က ရယ်မောလိုက်သည်။

"မင်းပြောတာကို ငါနားမလည်ဘူး

မင်းငါ့ကိုသိတယ်လို့ ပြောတယ်။

ငါ့အမြင်အရတော့ မင်းငါ့ကို

လှည့်စားနေတာ ဒါမှမဟုတ်

ဒီလိုလှည့်ကွက်တွေ ကစားနေတာကို

ပြန်ရုတ်သိမ်းသင့်တယ်"

"ဒါဆို မင်းငါ့ကိုရှင်းပြပေးနိုင်မလား..."

"အဓိပ္ပာယ် မရှိတာပဲ"

ဓားက "အတိတ်ကအတိတ်ပဲ ပစ္စုပ္ပန်က

ပစ္စုပ္ပန်ပဲ။

အတိတ်အကြောင်းပြောနေတာက မင်းရဲ့

လက်ရှိပစ္စုပ္ပန်အတွက်

အဓိပ္ပာယ်မရှိဘူးမဟုတ်လား.."

ယန်ယဲ့က ဓားကို ခဏတာ စိုက်ကြည့်ပြီး

"မင်းဟာ ငါထင်ထားသာထက်

အများကြီးကွာသွားပြီး။

ပြောကြတာတော့ မင်းကအမှောင်ထဲ

ရောက်သွားတယ်လို့ ငါကြားထားတယ်။

ဒါပေမဲ့ ငါ့အမြင်ကတော့

မင်းရဲ့အသိစိတ်က ရှင်းနေတယ်”

“အမှောင်ထဲ ကျတာလား.."

ဓားက ရယ်မောက "မင်းလည်း
အမှောင်ထဲကျသွားသော
မဟုတ်ဘူးလား..."

ယန်ယွဲ့က မျက်မှောင်ကြုတ်သည်။
"မင်းဘာကိုဆိုလိုတာလဲ..."

ဓားက "စိတ်ဆန္ဒအနောက်

လိုက်ပါသူတွေက နတ်ဆိုးတွေပဲ"ဟု

ပြန်ဖြေသည်။

ယန်ယွဲ့သည် ငြိမ်သွားသည်။

မည်သို့နည်း။

ဆိုလိုသည်မှာ လူတစ်ယောက်၏

အမုန်ကန်ဆုံးအတွေးများအတိုင်း

လိုက်ပါလုပ်ဆောင်ခြင်းပင်ဖြစ်သည်။

ထိုသို့သောလူများသည်

ကိုယ်တိုင်နှင့်အခြားသူများအပေါ်

အလွန်သစ္စာရှိကြသော်လည်း

လုံးဝရှုံးသွပ်ကြသည်။

ဤအချိန်တွင် ဓားက ဆက်ပြောသည်

"ကွန်ဖြူးရှပ်လမ်းစဉ်က

ပညာရှင်အချို့က လူဟာ

မွေးရာပါထူးချွန်တယ်လို့ ဆိုကြတယ်။

ဒါပေမဲ့ အဲ့ဒါ တကယ်အမှန်လား...။

တကယ်တော့ လူတွေဟာ အကောင်းရော

အဆိုးရော ဒွန်တွဲပြီး

မွေးဖွားလာကြတယ်။

ဘာကောင်းလို့လဲ...။

မကောင်းမှုဆိုတာကဘာလဲ...။

ဘယ်သူက သူတို့ရဲ့စိတ်ထဲမှာ

မကောင်းမှုတွေ ကင်းလို့လဲ...

အကောင်းနဲ့အဆိုး ဒွန်တွဲနေတာပဲလေ...။

မင်းလိုပဲ မင်းမကောင်းတဲ့အခါ
နတ်ဆိုးလိုပဲ။ ကောင်းရင်ကောင်းတယ်
ဟုတ်တယ်မလား..."

အကောင်းနဲ့အဆိုး ဒွန်တွဲနေခြင်း။

ယန်ယွဲ့သည် အချိန်အတော်ကြာ
တိတ်ဆိတ်သွားသည်။

ထို့နောက် ခေါင်းခါလိုက်သည်။ "

ဒီအကြောင်းတွေကို ဆက်ပြီး ဆွေးနွေးဖို့

ငါစိတ်မဝင်စားဘူး။ ငါသိချင်တာက

မင်းဒီနေရာကနေ ထွက်သွားမှာလား။

မသွားဘူးလား..."

ဓားက ငြိမ်သွားသည်။

ယန်ယဲ့က  အလျင်စလိုမလုပ်ဘဲ

ထိုနေရာတွင်သာ

ရပ်စောင့်နေလိုက်သည်။

အချိန်အတော်ကြာမှ တရားစီရင်ခြင်းက

“မင်းရဲ့အခြေအနေက ဘယ်လိုလဲ..."ဟု

ရုတ်တရက်မေးခဲ့သည်။

ယန်ယဲ့၏ ပါးစပ်ထောင့်များ

ကွေးညွတ်သွားသည်။

တရားစီရင်ခြင်းက အတော်လေး

စဉ်းစားဆင်ခြင်ညာဏ် မြင့်မားပုံပင်။

ယန်ယဲ့က ပြောရန် ပြင်လိုက်စဉ်

တရားစီရင်ခြင်းက ထပ်ပြောခဲ့သည်။

"မင်း ငါ့ကို အညံ့ခံခိုင်းဖို့ ပြောရင်တော့။

မင်းဟာ ငါ့လောက်

မရင့်ကျက်သေးဘူးလို့ ပြောရမယ်။

ငါမင်းကို အထင်သေးတာ မဟုတ်ဘူး။

ဒါပေမဲ့ မင်းရဲ့ လက်ရှိ ခွန်အားက မင်းကို ငါ့သခင်အဖြစ် အသိမှတ်ပြုဖို့ မလုံလောက်သေးဘူး။ ငါက မင်းနောက်ကို အတိတ်ကတော့ လိုက်ခဲ့ဖို့ ဆန္ဒရှိတယ် "

ဤအချိန်တွင် တရားစီရင်ခြင်းက ရုတ်တရက် ရပ်သွားသည်။

“ငါ့အတိတ်ကာလ”

ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး "မင်း ဒါကို ရှင်းပြနိုင်မလား..."

ဓားက တိတ်ဆိတ်သွားပြန်သည်

"ကောင်းပြီ"

ယန်ယဲ့က "ဒါကို ဘေးဖယ်ထားပြီး စကားကောင်းကောင်းပြောကြရအောင်။ ငါ့ကို သခင်လို့ အသိအမှတ်ပြုဖို့ မင်းကို

မလိုအပ်သလို မင်းရဲ့သခင်အဖြစ် အသိအမှတ်ပြုဖို့ ငါမလိုအပ်ဘူး...။ ငါ့မှာ တောင်းဆိုချက် တစ်ခုပဲရှိတယ်။ အဲ့ဒါက မင်းကိုတစ်လ သုံးခါသုံးဖို့ပဲ။ သုံးနှစ်။ သုံးနှစ်ပဲ။  ဒါပြီးရင် မင်းရဲ့ လွတ်လပ်ခွင့်ကို ငါပြန်ပေးမယ်”

"သုံးနှစ်လား..."

"သုံးနှစ်"

ယန်ယဲ့၏ အမြင်အရတော့

သုံးနှစ်ဟူသော အချိန်က

လုံလောက်ပါပြီ။

တရားစီရင်ခြင်းက အချိန်အကြာကြီး

ငြိမ်သက်သွားသည်။

အဆုံးတွင်တော့

တုန်လှုပ်သွားပြီး"မင်းငါ့ကို

ဘယ်လိုကယ်တင်မှာလဲ..."ဟု

ပြောလိုက်သည်။

ဓားက သဘောတူတယ်။

ယန်ယွဲ့၏ ပါးစပ်ထောင့်များ ထပ်မံ

ကွေးညွတ်သွားပြန်သည်။

တရားစီရင်ခြင်းက

ထပ်ပြောလိုက်သည်"ဒီကြိုးတွေက

ငါ့ကိုချုပ်နှောင်ထားတဲ့ ထောင်ချောက်

မဟုတ်ဘူး။ နံရံပေါ်တွေပေါ်မှာ

ရေးထိုးထားတဲ့ မှော်ကျမ်းစာတွေပဲ။

မင်းဟာ အဲ့ဒီ မှော်ကျမ်းစာတွေကို

ဖျက်စီးနိုင်ရင် ငါလွတ်မြောက်နိုင်တယ်"

ယန်ယဲ့က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး

"ငါရဲ့လက်နက်တံဆိပ်က အဲ့ဒါတွေကို

ချေဖျက်ပေးနိုင်မလား"ဟု

မေးလိုက်သည်။

တရားစီရင်ခြင်းက ရုတ်တရက် "မင်းက

ဒါဆို သူ့ရဲ့ဆက်ခံသူပေါ့”

“ဆက်ခံသူလား..."

ယန်ယွဲ့က တဟားဟား ရယ်ရင်း

"မဟုတ်ဘူး။ ငါဒါကို

မတော်တဆရလိုက်တာ။ ဒါနဲ့ သူက

ဘာအတွက် မင်းတို့အားလုံးကို ဒီမှာ

ချိတ်ပိတ်ထားတာလဲ...။ သူက မင်းတို့ရဲ့

သခင်မဟုတ်ဘူးလား..."

တရားစီရင်ခြင်းက

ရုတ်တရက်မေးလိုက်သည်

"ဒီသတ်ဖြတ်ခြင်းလမ်းကြောင်းက

ဘာကြောင့် ဆိုးရွားတဲ့

ရှုံးနိမ့်မှုခံစားရတာလဲ သိလား..."

ယန်ယဲ့က "ဘာဖြစ်လို့လဲ"

တရားစီရင်ခြင်းက "ငါတို့
(၁၂)ယောက်ကြောင့်"ဟုပြန်ဖြေသည်။

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ
"မင်းဘာကို ဆိုလိုတာလဲ..."ဟု
မေးလိုက်သည်။

တရားစီရင်ခြင်းက "အရေးကြီးတဲ့
အခိုက်အတန့်မှာ ငါတို့သခင်ကို ပြန်ပြီး
တိုက်ခိုက်လို့"

ယန်ယဲ့သည် အံ့အားသင့်သွားပြီး
စကားပင် မပြောနိုင်တော့ပေ။

တရားစီရင်ခြင်းက “အဲ့ဒီဓား (၁၁)
ချောင်းက မွေးရာပါ
ရက်စက်ကြမ်းကြုတ်တာ မဟုတ်ဘူး။

သူတို့ကို ပိုသန်မာလာဖို့အတွက်

ဒီလက်နက်သင်္ချိုင်းရဲ့ သခင်က

သတ်ဖြတ်ခြင်းဓားတွေ ဖန်တီးဖို့

အပြင်းအထန်ဆုံး

ဆိုးသွမ်းရက်စက်တဲ့နည်းလမ်းတွေကို

အသုံးပြုထားတယ်။ ဒါ့အပြင်

လက်နက်တံဆိပ်ကိုသုံးပြီး အကုန်လုံးကို

ထိန်းချုပ်လိုက်တယ်။

လက်နက်တံဆိပ်ဖျက်ဆီးခံရရင် သူတို့ရဲ့ ဓားဝိညာဉ်တွေဟာ ပျက်စီးသွားလိမ့်မယ်

ယန်ယဲ့သည် ထိုစကားကို ကြားသောအခါ ချက်ချင်းပင် နားလည်မှုရလာသည်။ ဓား (၁၁) ချောင်းလုံးက လက်နက်တံဆိပ်ကို ထိုအရာကြောင့် လိုချင်နေခြင်းပင် ဖြစ်သည်။

ဤအချိန်တွင် တရားစီရင်ခြင်းက

ဆက်ပြောသည် “လွတ်မြောက်ခြင်း။

လွတ်လပ်မှုကို မတောင့်တတဲ့သူဆိုတာ

ဒီလောကမှာ ရှိသလား...။ သူက

ငါတို့ရဲ့လွတ်လပ်ခွင့်ကို ပိတ်ပင်ပြီးတော့

အတင်းအကျပ်  ထိန်းချုပ်ခဲ့တယ်။

အဲ့ဒါကို စဉ်းစားကြည့်လိုက်။ ငါတို့ကို

သူ့လက်ထဲမှာ ဘယ်လိုလုပ်

ချုပ်ကိုင်ထားဖို့ ဆန္ဒရှိနိုင်မှာလဲ...။

အခြားသူနဲ့ တိုက်ခိုက်တဲ့အခါ
အရေးကြီးတဲ့အချိန်မှာ ငါတို့က
ရုတ်တရက်တိုက်ခိုက်ပြီး
လုံးလုံးရှုံးနိမ့်စေခဲ့တယ်”

ကိုယ့်သခင်ကို ပြန်ပြီးတိုက်ခိုက်ခြင်း။

ယန်ယွဲ့သည် တရားစီရင်ခြင်းကို
တစ်ချက်ကြည့်လိုက်သည်။

ဤအခိုက်အတန့်တွင်

သတ်ဖြတ်ခြင်းလမ်းကြောင်း

ပျက်သုဉ်းခြင်းနှင့်

အဖွဲ့ဝင်များအားလုံးအသတ်ခံရခြင်းဟာ

သူ့ရှေ့ရှိ တရားစီရင်ခြင်းနှင့်

သတ်ဖြတ်ခြင်းဓား (၁၁)

ချောင်းကြောင့်ပင်ဖြစ်သည်။

သို့သော် အဓိပ္ပါယ်ရှိပါသည်။

သတ်ဖြတ်ခြင်းလမ်း၏

တံဆိပ်ပြားသခင်က သတ်ဖြတ်ခြင်းဓား

(၁၂) ချောင်းကို အမှန်တကယ်

ဖိနှိပ်နိုင်ခြင်းမရှိသောကြောင့်

အဆုံးသတ်ရလဒ်ကို ခံစားခဲ့ရခြင်းက

သာမာန်ပင်။

တရားစီရင်ခြင်းက ဆက်ပြောသည်။

"မင်းမှာ လက်နက်တံဆိပ်ရှိတယ်။

ဒါကြောင့် မင်းဒီမျော်သကော်တတွေကို

သဘာဝအတိုင်း

အသာလေးချေဖျက်နိုင်တယ်။ ဒါပေမဲ့

မင်းငါ့ကို တကယ် လွှတ်ပေးမှာလား...။

မင်းငါ့ကို

အခုချက်ချင်းလွှတ်ပေးထားမယ်ဆိုရင်

ငါ့ကို ခုခံဖို့ ခွန်အားမရှိဘူး ထင်တယ်"

ယန်ယဲ့က "မင်းကိုလွှတ်ပေးရင်

ငါ့ကိုသတ်မှာလား"

တရားစီရင်ခြင်းက "ဘာလို့ ခန့်မှန်းမကြည့်တာလဲ..."ဟုမေခွန်းဖြင့် ပြန်ဖြေသည်။

ယန်ယဲ့က ဘာမှပြန်မပြောဘဲ လက်နက်တံဆိပ်ကို ထုတ်လိုက်သည်။ ထိုခဏလေးမှာပဲ နံရံပေါ်ရှိ မှော်သင်္ကေတများ တုန်ခါလာပြီး တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့သည်။

ဤအတောအတွင်း တရားစီရင်ခြင်းက
ရုတ်တရက် တုန်ခါလာသည်။
ယန်ယွဲ့သည် နောက်မလှမ်းမကမ်းသို့
ချက်ချင်းပြန်ရွှေ့သွားသည်။

"အုန်း..."

တရားစီရင်ခြင်း၏ ပတ်ပတ်လည်ကို
ချုပ်နှောင်ထားသော ရွှေရောင်

သံမဏိကြိုးများ ရုတ်တရက်

ကွဲထွက်သွားသည်။

"နောက်ဆုံးတော့

ငါလွတ်မြောက်လာခဲ့ပြီ"

တရားစီရင်ခြင်း၏အသံက

ပတ်ဝန်းကျင်ကို ပွဲတင်ထပ်နေသည်။

ယန်ယွဲ့က တိတ်ဆိတ်စွာပင်

ကြည့်နေခဲ့သည်။

ခဏအကြာတွင် တရားစီရင်ခြင်းက ယန်ယဲ့ထံသို့ ပြန်တက်သွားပြီး "မြဲမြဲကိုင်ထားလိုက်"

ယန်ယဲ့က တရားစီရင်ခြင်း၏ လက်ကိုင်ရိုးကို ဖမ်းဆုပ်လိုက်သည်။

သို့သော် သူ၏မျက်လုံးများ ချက်ချင်းပင် ပြူးကျယ်သွားသည်။

သူ့ခန္ဓာကိုယ်ထဲတွင် တစ်စုံတစ်ခု
လျင်မြန်စွာပျောက်ဆုံးသွားသလို
ခံစားလိုက်ရသည်။ ဤအချိန်တွင်
တရားစီရင်ခြင်းက သူ့လက်ထဲကနေ
ရုတ်တရက် လွတ်မြောက်သွားသည်။

ယန်ယဲ့၏မျက်နှာက ဖျော့တော့နေသည်။
"အဲ့ဒါကဘာလဲ..."

တရားစီရင်ခြင်းက "ဝိညာဉ်စုပ်ယူခြင်း။ အဲ့ဒါငါ့စွမ်းအားပဲ။ ဒါပေမဲ့ ရန်သူရဲ့ ဝိညာဉ်တွေကို ဖမ်းစုပ်တဲ့အပြင် ဒါဟာ ငါ့ကိုကိုင်ဆောင်ထားတဲ့သူရဲ့ ဝိညာဉ်ကိုပါ ဖမ်းစုပ်နိုင်တယ်။ မင်းငါ့ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားရင် မင်းရဲ့ မူလဝိညာဉ်က အမြန်ထွက်သွားလိမ့်မယ်။ အများဆုံးမှ

(၁၅) မိနစ်ပဲ။ မင်းရဲ့ မူလစိတ်ဝိညာဉ်ပါ ဆုံးရှုံးသွားနိုင်တယ်”

ဝိညာဉ်စုပ်ယူခြင်း။

ယန်ယဲ့က ခဏမျှငြိမ်သက်သွားပြီး "မင်းဒါကို ထိန်းချုပ်ထားလို့ မရဘူးလား"ဟု မေးလိုက်သည်။

"ရတာပေါ့"

တရားစီရင်ခြင်းက "အခုပဲ

ထိန်းချုပ်နေတာ မဟုတ်ရင်

မင်းအခုချက်ချင်းသေသွားလိမ့်မယ်။

မင်းရဲ့လက်ရှိခွန်အားကို အခြေခံပြီး ငါ့ရဲ့

ကိုယ်ပိုင်ထိန်းချုပ်မှုနဲ့

ပေါင်းစပ်ထားတယ်။ ပြောရရင်

မင်းငါ့ကို တစ်လမှ တစ်ကြိမ်ပဲ

အများဆုံး သုံးနိုင်တယ်။ ဒါတောင်

မင်းငါ့ကိုအသုံးပြုပြီးတာနဲ့ စိတ်ဝိညဉ်ရဲ့ အခြေအနေကို လေ့ကျင့်ရလိမ့်မယ်”

“တစ်လမှ တစ်ကြိမ်ပဲ သုံးရမယ်”

ယန်ယွဲ့က  "မင်းကိုသုံးနေတဲ့အချိန်မှာ ငါဘယ်လောက်သန်မာနေမှာလဲ..."

တရားစီရင်ခြင်းက

"ချွန်အဆင့်အောက်က ဘယ်သူမဆို ငါနဲ့

ထိမိရင် သေလိမ့်မယ် "

“ချွန်အဆင့်အောက်ရှိဘယ်သူမဆို”

ယန်ယွဲ့၏ မျက်လုံးများသည်

အနည်းငယ် ကျဉ်းမြောင်းသွား၏။

အနည်းငယ် ကြောက်စရာကောင်းသည်

မဟုတ်ပါလား။

ယန်ယဲ့က ခဏာတုံ့ဆိုင်းသွားပြီးနောက်

သူ့လက်ထဲတွင်

မြင့်မြတ်သောအားပေါ်လာသည်။

"ဘာအားလဲ"

တရားစီရင်ခြင်းက ရုတ်တရက်"ဒါက

အမိပတိအားလား..."

ယန်ယဲ့၏ မျက်လုံးထဲ၌ အံ့အားသင့်သော အရိပ်အယောင်တစ်ခု ပေါ်လာသည်။"မင်းဒါကို မှတ်မိနေသလား…"

တရားစီရင်ခြင်းက "ငါတို့ခေတ်မှာ အရမ်းကြောက်စရာကောင်းတဲ့ ဓား၂ချောင်းရှိတယ်။ ဓား (၂) ချောင်းထဲကတစ်ချောင်းက

အဓိပတိဓားလို့ခေါ်တယ်။ ဟုတ်တယ်

ဒါက ဒီဓားနဲ့ ထိုက်တန်ပါတယ်”

ယန်ယဲ့က " ဓား(၂)ချောင်း။

အခြားဓားကဘာလဲ..."

တရားစီရင်ခြင်းက "နောင်မှာ

မင်းသိလိမ့်မယ်"ဟုပြန်ဖြေသည်။

သူက ခဏရပ်ပြီး "ဒါက
မင်းအပိုင်လား...။
ဘယ်လိုလုပ်ရလာတာလဲ..."

ယန်ယဲ့က "ငါမတော်တဆ ရလာတာပါ"

တရားစီရင်ခြင်းက အချိန်အတော်ကြာ
တိတ်ဆိတ်သွားပြီး "ဓားဝိညာဉ်
အိပ်ပျော်နေတယ်"ဟုပြောလိုက်သည်။

ယန်ယဲ့က "ငါသိတယ်"

တရားစီရင်ခြင်းက “ကောင်းပြီ။ သုံးနှစ်...

သုံးနှစ်ပြီးတာနဲ့ ငါထွက်သွားမယ်"

စကားပြောပြီးသည်နှင့် တစ်ပြိုင်နက်

တရားစီရင်ခြင်းက

အနက်ရောင်အလင်းတန်းအဖြစ်ပြောင်း

ကာ ယန်ယဲ့၏ နဖူးအလယ်သို့

ဝင်ရောက်လာသည်။ ထိုခဏလေးမှာပဲ

ယန်ယဲ့၏ နဖူး အလယ်တည့်တည့်၌

အနက်ရောင် ဓားသေးသေးလေး

တစ်စင်းပေါ်လာသည်။

တစ်ချိန်ထဲမှာပင်

"မင်းရဲ့အသိစိတ်ပင်လယ်ထဲမှာ

ငါနေမယ်။ ဒါက ငါ့ကို

မြန်မြန်ပြန်ကောင်းလာဖို့

ကူညီပေးလိမ့်မယ်"

ယန်ယဲ့က "မင်းဒဏ်ရာရနေတာလား…"

တရားစီရင်ခြင်းက

"ဘာမှတော့မဖြစ်ပါဘူး။

နှစ်နည်းနည်းလောက်ကြာရင်

ပြန်ကောင်းလာမှာပါ”

“နှစ်အနည်းငယ်ကြာရင်” ယန်ယဲ့က

ခါးသက်သက် ရယ်မောလိုက်သည်။

နှစ်အနည်းငယ် သို့မဟုတ် နှစ် ဒါဇင်

အနည်းငယ် ဟူသောအချိန်ဟာ

ဓားများအတွက် ခဏတာ ဖြစ်နိုင်၏။

ထို့နောက် ယန်ယွဲ့သည်

အသက်ပြင်းပြင်းရှူလိုက်သည်။

နောက်ဆုံးတွင် သူသည်

သတ်ဖြတ်ခြင်းဓား (၁၂) ချောင်းလုံးကို

ရယူနိုင်ခဲ့သည်။ သို့သော် ကံဆိုးစွာပင်

လတ်တလော အသုံးမချနိုင်ပေ။

ယန်ယဲ့က ခေါင်းယမ်းလိုက်ပြီး ဖျတ်ခနဲ ပျောက်သွားခဲ့သည်။

ထို့နောက်တွင် လက်နက်သချိုင်းမှ ပြန်ထွက်လာခဲ့သည်။ ခဏအကြာ နေရာတွင်ရပ်နေပြီးနောက် မြို့ပြင်သို့ ထွက်သွားရန် ပြင်လိုက်စဉ် ဟန်ရှိုးရာဝတ်စုံဝတ် အမျိုးသားတစ်ဦး အဝေးကနေ ပေါ်လာခဲ့သည်။

ထိုအမျိုးသားသည် အသက် (၂၇)

နှစ်အရွယ်ဝန်းကျင်သော

ရှိပေသည်။သူသည်

သူရဲကောင်းဆန်သော ရုပ်ရည်ရှိကာ

အလွန်ခန့်ညားလှသည်။ သူ၏လက်ထဲ၌

ဓားအိမ်မပါသော

ဓားတစ်ချောင်းကိုကိုင်ထားသည်။

ယန်ယဲ့ကို မြင်သောအခါ ထိုလူက မျက်မှောင်ကြုတ်သွားပြီး "မင်းဒီကနေ ထွက်လာတာလား..."

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

သက်လတ်ပိုင်းက မြို့ပြကို တစ်ချက်ကြည့်လိုက်သည်။
“ဒီလက်နက်သင်္ချိုင်းမှာ ချိတ်ပိတ်ထားတဲ့ သတ်ဖြတ်ခြင်း ဓား (၁၂) ချောင်းက

မျှော်စင်ထဲမှာ ပေါ်လာတယ်လို့
တံဆိပ်သခင်က ပြောခဲ့တယ်။ ငါထင်တာ
မမှားရင် မင်းလက်ထဲမှာ
ရှိသင့်တယ်မဟုတ်လား…”

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ "မင်းက
လက်နက်လမ်းကလာတာ…"

လူငယ်က ပြုံးပြီး "လက်နက်လမ်းစဉ်ရဲ့ အတွေးလမ်းကြောင်း"လို့ ပြောပြီး သူက ရယ်မောလိုက်သည်။

“တံဆိပ်သခင်မျှော်လင့်တဲ့အတိုင်းမှန်တာပဲ။ ငါ့ခရီးက သိပ်ပြီး ချောမွေ့မှာ မဟုတ်ဘူး။ ကံကောင်းစွာပဲ ငါက သတ်ဖြတ်ခြင်းလမ်းကြောင်းက အသက်ရှင်နေတဲ့ အဖွဲ့ဝင်ကို ဖယ်ရှားပစ်နိုင်တယ်"

စကားပြောပြီးသည်နှင့် ယန်ယဲ့ဆီသို့ ဖြည်းညင်းစွာလျှောက်လာခဲ့သည်။

ယန်ယဲ့က "မင်းရဲ့ တံဆိပ်သခင်က ငါ့လက်ထဲမှာ ဓား (၁၂) ချောင်းလုံး ရှိနေမယ်လို့ပြောလိုက်တာလား..."

လူငယ်က ပြုံးပြီး"ဘာလဲ မင်းအရမ်းအံ့သြသွားသလား...။ နတ်မျိုးနွယ်ရဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့

စစ်ဗျူဟာမှူးအပြင် အခြားသူတွေကို

ကြိုတင်ခန့်မှန်းတာနဲ့ အကြံအစည်တွေနဲ့

ပတ်သက်လာရင် တံဆိပ်သခင်က…”

ဤအချိန်တွင် ယန်ယဲ့က သူ့လက်ကို

ရုတ်တရက် ဝှေ့ယမ်းလိုက်သည်။

“မင်းရဲ့ တံဆိပ်ပြားသခင်က

ဒီကိုပို့လိုက်တာပဲ”

လှူငယ်က ပြုံးပြီး "ဘာလဲ

ငါတစ်ယောက်ထဲနဲ့

မလုံလောက်သေးဘူးလား..."

ယန်ယဲ့က ရယ်မောလိုက်သည်။

ညာလက်က နဖူးအလယ်သို့

ဖိကပ်လိုက်သည်။ခဏအကြာတွင်

သူ၏နဖူးအလယ်မှ

အနက်ရောင်ဓားတစ်ချောင်းကို

ဖြည်းညင်းစွာ ဆွဲထုတ်လိုက်သည်။

ထို့နောက်

အနက်ရောင်ဓားအလင်းတန်းတစ်ခု

လင်းလပ်လာသည်။

လူငယ်၏အမူအရာက သိသိသာသာ

ပြောင်းလဲသွားသည်။ ခဏအကြာ

မရေမတွက်နိုင်သော အနက်ရောင်

ဓားအလင်းတန်းများ ဖြာထွက်လာကာ

ကောင်းကင်တစ်ခုလုံးအား ချက်ချင်း

ဖုံးလွှမ်းသွားသည်။ အသက်ရှူ( ၅)

ရှုံ့ကစာလောကအကြာတွင်

ပတ်ဝန်းကျင်သည် ပုံမှန်ပြန်ဖြစ်သွား၏။

ဤအချိန်တွင် ယန်ယဲ့သည်

လူငယ်၏နောက်ကွယ်တွင် ရှိနေသည်။

ယန်ယဲ့က အနက်ရောင်ဓားကို

ဖယ်လိုက်ပြီး "မင်းရဲ့ တံဆိပ်သခင်က

အရာရာကို ဟောကိန်းထုတ်ထားတာ

ကောင်းတယ် လို့ပြောတယ်။ ဒီလိုဆို

မင်းဘာဖြစ်မလဲဆိုတာကို ဘာကြောင့် မခန့်မှန်းခဲ့တာလဲ...။ ကြည့်ရတာ တော်တော်ကို အဆင်မပြေဘူး မဟုတ်လား..."

စကားပြောပြီးသည်နှင့် လူငယ်၏ ခန္ဓာကိုယ်က တောင့်တင်းလာကာ မျက်လုံးများမှိန်ကျသွားသည်။ ဤအခိုက်အတန့်တွင် ယန်ယဲ့၏နောက်ကွယ်မှ အသံတစ်သံ ပွဲ့တင်ထပ်လာသည်။

အသံက "မင်းဟာ

သတ်ဖြတ်ခြင်းလမ်းကြောင်းရဲ့

တံဆိပ်ပြားသခင်အသစ်လား..."

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၃၃၆

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့၏မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။
“တွေးကြည့်မိသလောက်မရိုးရှင်းဘူးထ
င်တယ်”

ယန်ယဲ့သည်
လှည့်ကြည့်လိုက်သော်လည်း
ထိုနေရာတွင် တစ်ယောက်မှမရှိပေ။

အသံက ဆတ်ခနဲ ပြောလိုက်သည်။

“မင်းက လှည့်ကြည့်မနေနဲ့။ ကြည့်လည်း မြင်မှာမဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ ငါဒီမှာမဟုတ်ဘူး”

ယန်ယဲ့က “မင်းက ဘယ်သူလဲ…”ဟု မေးလိုက်သည်။

အသံက "မင်းအော့လို မမှန်းဆနိုင်ရင် ငါ့အရမ်းစိတ်ပျက်မိလိမ့်မယ်"

ယန်ယဲ့က ပြုံးလိုက်ပြီး "ငါ့အထင် မင်းက သတ်ဖြတ်ခြင်းလမ်းကြောင်းကို ဖျက်ဆီးပစ်လိုက်တဲ့ တံဆိပ်ပြားသခင် ဖြစ်သင့်တယ်မဟုတ်လား…"

"လက်နက်လမ်းစဉ်မှာ သတ်ဖြတ်ခြင်းလမ်းကြောင်း၊

ရှေ့ဖြစ်ဟောလမ်းကြောင်း၊

ပေါင်းစည်းခြင်းလမ်းကြောင်း၊

နည်းစနစ်လမ်းကြောင်း၊

ချိုးဖျက်ခြင်းလမ်းကြောင်းနှင့်

အစောင့်အကြပ်လမ်းကြောင်းဟု ဆိုပြီး

လမ်းကြောင်းကြီးခြောက်သွယ်ရှိတယ်။

ငါကရှေ့ဖြစ်ဟော

လမ်းကြောင်းကမဟုတ်ဘူး”

ယန်ယဲ့က “ဒါဆို မင်းဘယ်သူလဲ...”

အသံက “နောင်မှာ မင်းသိလိမ့်မယ်။

အကြံဉာဏ်လေး ပေးပါရစေ။

ဘယ်လမ်းကြောင်းကိုမှ

လျှော့မတွက်ပါနဲ့။ တကယ်ပြောရရင်

လက်နက်အင်မော်တယ်က အဲ့ဒီလူရဲ့

ကံကြမ္မာကို မခန့်မှန်းခဲ့တာမဟုတ်ဘူး။

သူက မင်းကို လုံးဝ

လျှော့တွက်မိလိုက်တာ”

ယန်ယဲ့က “မင်းဘာကို ဆိုလိုတာလဲ…”

အသံက “သူ့လက်ဝါးကို ကြည့်လိုက်”

ယန်ယဲ့က လှည့်ကြည့်လိုက်ရာ
လူငယ်လေး၏ လက်ဝါးတွင်
အင်မော်တယ် ကိုယ်စားပြုသော
စာလုံးလေးကို တွေ့လိုက်ရသည်။

“သစ္စာ(သမ္မာတရား)စကား”

အသံက ဆက်ပြောလိုက်သည်။

“အင်မော်တယ်လက်နက်လမ်းစဉ်ရဲ့ သမ္မာတရားစကား။ တကယ်လို့ သူက မင်းကို လျှော့မတွက်ဘဲ ဒါကို ချက်ချင်းသုံးမယ်ဆိုရင် အခုနေ မင်းက အလောင်းကောင်ဖြစ်နေလောက်ပြီး ကံမကောင်းစွာပဲ သူက မင်းကို အထင်သေးထားတယ်။ ဒါကလည်း သူ့အမှားမဟုတ်ပါဘူး

ဘာကြောင့်လဲဆိုတော့ မင်းက
အဆင့်(၂)ဉာဏ်အလင်းသခင်ပဲရှိသေးတယ်။
ဟုတ်တယ်အဆင့်(၂)ဉာဏ်အလင်းသခင်က တာအိုသခင်ကို
ချက်ချင်းသတ်ပစ်ဖို့ဆိုတာ
ဘယ်သူမှမျှော်လင့်ထားမှာမဟုတ်ဘူး”

ယန်ယဲ့က ရယ်မောလိုက်သည်။
တကယ်တော့ သူ့ကိုယ်တိုင်ကိုက

အမြင်တာအိုသခင်ကို

တစ်ချက်တည်းနှင့် သတ်နိုင်လိမ့်မည်ဟု

မမျှော်လင့်ထားခဲ့ပေ။

ကြမ်းတမ်းသောဝံပုလွေနှင့် တိုက်ပွဲတွင်

သူသည်

ဒဏ်ရာအပြင်းအထန်ရစေရုံလောက်သာ

။ မသတ်နိုင်ခဲ့ပေ။

သို့သော်လည်း ဤတစ်ကြိမ်တွင်တော့

လူငယ်ကို တစ်ချက်တည်းဖြင့်

သတ်ဖြတ်နိုင်ခဲ့သည်။ အမှန်တော့

အဓိက အားဖြင့်

တရားစီရင်ခြင်းကြောင့်သာဖြစ်သည်။

ထိုသို့မဟုတ်လျှင်

သူ၏လက်ရှိခွန်အားက

အမြင်တာအိုသခင်ကို

တစ်ချက်တည်းနှင့် အဆုံးသတ်ဖို့

မလုံလောက်ပေ။

ဤအချိန်တွင် "ကောင်းပြီ ငါတို့ပြန်ဆုံကြတာပေါ့"

ယန်ယဲ့က "အကြီးအကဲ၊ မင်းက ရှေ့ဖြစ်ဟောလမ်းကြောင်းနဲ့ ရင်းနှီးနေတာ မဟုတ်ဘူးလား..."

"ဟား...ဟား..."

အသံက တဟားဟားရယ်ပြီး “ကလေး

မင်းမှာတကယ်ကို

အလားအလာကောင်းတွေရှိတယ်။

ဒါပေမဲ့

မင်းကအအရမ်းအားနည်းနေသေးတယ်။

ခပ်ပြတ်ပြတ်ပြောရရင် မင်းက

အချို့ကိစ္စတွေမှာ ဝင်ပါဖို့

အရည်အချင်းမရှိသေးဘူး။ ဟုတ်တယ်

မင်းဒီအရည်အချင်းကို ရဖို့

အချိန်အကြာကြီးယူမှာမဟုတ်ဘူးလို့ ငါထင်တယ်။ တနေ့မှာ ငါတို့ ပြန်ဆုံဖို့ မျှော်လင့်ပါတယ်”

ယန်ယဲ့က ထိုအကြီးအကဲ သွားပြီးမှန်းသိလိုက်သဖြင့် ဘာမှပြန်မပြောပေ။ သူသည် ခေါင်းယမ်းပြီး ထွက်သွားခဲ့သည်။ လက်နက်လမ်းစဥ်က စည်းလုံးမှုမရှိကြောင်းသိသာပါသည်။

သို့သော်လည်း လက်ရှိတွင် သူနှင့်
ဘာမှမဆိုင်ပေ။ လက်တလော
သူ့ကိစ္စကိုပင် မဖြေရှင်းနိုင်သေးပေ။
ထို့ကြောင့် လက်နက်လမ်းစဉ်၏
အရေးကိစ္စများကို ဝင်ရောက်စွက်ဖက်ဖို့
စိတ်မဝင်စားနိုင်ပါ။ မျိုးနွယ်ခြားများနှင့်
ရန်ငြိုးကို မဖြေရှင်းရသေးပေ။

ယန်ယဲ့သည် အတွေးကိုထိန်းကာ
ခေါင်းယမ်းပြီး နေရာမှာပင်

ပျောက်ကွယ်သွားခဲ့သည်။ သူက

ကောင်းကင်ဆိတ်သုဥ်းခြင်းမြို့သို့

ပြန်သွားဖို့ ရည်ရွယ်ထားလိုက်သည်။

ယန်ယွဲ့သည် မြို့မှထွက်လာပြီး

ဓားပျံစီးနင်းကာ

တစ်ဟုန်ထိုးပြေးထွက်သွားသည်။

သို့သော် သဲကန္တာရကို

ဖြတ်သွားရင်းသူ၏အမူအရာက

ပြောင်းသွားခဲ့သည်။

အောက်သို့ငုံ့ကြည့်လိုက်ရာ

သဲသောင်ပြင်ပေါ်ကနေ

အနီရောင်အရိပ်ပေါင်းများစွာ

ထွက်ပေါ်လာကြောင်း မြင်လိုက်ရသည်။

၎င်း၏ဦးတည်ရာက

ကောင်းကင်ဆိတ်သုဉ်းခြင်းမြို့ပင်ဖြစ်သ

ည်။

“ဘာတွေဖြစ်နေတာလဲ…” ယန်ယဲ့က

အရှိန်မြှင့်လိုက်သည်။

သိပ်မကြာလိုက်ပေ ငရဲတောင်တန်းသို့

ပြန်ရောက်လာခဲ့သည်။

ဤအခိုက်အတန့်တွင်

တလျှပ်လျှပ်တောက်ပနေသော

အလင်းတန်းများက

ကောင်းကင်အထက်သို့

မကြာခဏလွင့်မျောနေသည်။ ထိုပြင်

အလင်းတန်းများက

ကောင်းကင်ဆိတ်သုဉ်းခြင်းမြို့ဆီသို့
ဦးတည်နေ၏။

ယန်ယွဲ့၏မျက်နှာက တင်းမာလာသည်။
“ငါ့လူတွေ အခု
ဒုက္ခရောက်နေပြီးထင်တယ်”

ယန်ယွဲ့သည် ဘေးနားသို့ ရုတ်တရက်
လှမ်းကြည့်ကာအရှိန်မြှင့်လိုက်သည်။

ဂူ၏အတောအတွင်း လူတစ်စုက
သဲကန္တာရအထဲသို့ ရောက်လာကြသည်။

“လူတွေလား...”

ယန်ယွဲ့သည် သူ့အကြည့်ကို
စူးစိုက်ကြည့်ရာ ထိုလမ်းကြောင်းအတိုင်း
လျင်မြန်စွာ
သွားလာနေသောအဖွဲ့တစ်ဖွဲ့ကို

တွေ့လိုက်ရသည်။ ထောင်ချီသော
လူအုပ်ကြီးပင်။

“ဘာတွေဖြစ်နေတာလဲ...”

ယန်ယဲ့က ပို၍ပင်
မျက်မှောင်ကြုတ်လာသည်။
အချိန်အနည်းငယ် ကြာပြီးနောက်
ယန်ယဲ့သည် နေရာမှာပင်
ပျောက်သွားခဲ့သည်။ သူသည်

ကောင်းကင်ဆိတ်သုဥ်းခြင်းမြို့သို့

အမြန်ဆုံး ပြန်သွားရပါမည်။

ယန်ယွဲ့သည် ကောင်းကင်ယံတွင်

တစ်ဟုန်ထိုး ပျံသန်းနေသဖြင့်

သဘာဝအတိုင်း

အစွမ်းထက်နတ်ဆိုးအချို့၏ အာရုံကို

ဆွဲဆောင်နိုင်ခဲ့သည်။ သိပ်မကြာလိုက်ပေ

အဲ့ဒီနတ်ဆိုးများက ယန်ယွဲ့အား

တိုက်ခိုက်ခဲ့သည်။

ရောမ နတ်ဆိုးကြီးပင်။ ၎င်းက

ခြင်္သေ့ခေါင်းနှင့် အလွန်ကြီးမားသော

ခန္ဓာကိုယ်ကိုပိုင်ဆိုင်ထားသည်။

နတ်ဆိုး၏ အရွယ်အစားက အရှည် ၃

မီတာကျော်ပင်ရှိ၏။ ယန်ယဲ့၏

မျက်လုံးထဲမှ အေးစက်စက်

အလင်းတန်းတစ်ခု လင်းလက်လာသည်။

ထိုနောက် သူ၏ဓားကို မြှောက်ကာ

ဆတ်ခနဲ ခုတ်ချလိုက်သည်။

တစ်ချိန်တည်းမှာပင်

ယန်ယဲ့၏ပုံရိပ်ယောင်များစွာ

ထွက်ပေါ်လာသည်။ ကောင်းကင်ယံသည်

ရုတ်တရက် တိတ်ဆိတ်သွားပြီး

ယန်ယဲ့ပျောက်ကွယ်သွားသလို

ပုံရိပ်ယောင်များလည်း

ပျောက်ကွယ်သွားခဲ့သည်။

ဤအချိန်တွင် ရောမ နတ်ဆိုးကြီးက

နေရာတွင်ပင် တောင့်တင်းနေခဲ့သည်။

ခဏအကြာတွင် အပိုင်းပိုင်း

ပေါက်ကွဲထွက်သွားသည်။

မရဏစားချက်။

ယန်ယဲ့သည်

အချိန်မဖြုန်းလိုသောကြောင့်

မရဏစားချက်ကို

ချက်ချင်းအသုံးပြုလိုက်သည်။

"ဒါက ကြောက်စရာကောင်းလိုက်တာ"

လူငယ်တစ်ယောက်က ကောင်းကင်ကို

မော့ကြည့်ကာ

တိုးတိုးလေးပြောလိုက်သည်။

လူငယ်လေး၏နောက်တွင်

ထောင်ချီသော လူများရှိနေသည်။

"အပြင်လူပဲ..."

လူငယ်လေး၏ နံဘေးမှ

အဘိုးကြီးတစ်ဦးက

“သေဆုံးခြင်းကမ္ဘာကို

တစ်ယောက်တည်းလာရဲ့တဲ့အပြင်လူတ

စ်ယောက်က သာမန်လူမဖြစ်နိုင်ဘူး။

ချုံးအာ မင်းသူတို့နဲ့တွေ့ရင်

လျှော့မတွက်သင့်ဘူး နားလည်လား…”

လူငယ်က အနည်းငယ်ခေါင်းညိတ်ပြပြီး
“အဘိုး သူတကယ်
ပျောက်ကွယ်သွားပြီးလား...”

အဘိုးကြီးက အဝေးကို
လှမ်းကြည့်လိုက်ပြီး “ဟုတ်တယ်
တစ်စုံတစ်ယောက်က
လက်နက်လမ်းစဉ်ရဲ့ အမွေအနှစ်ကို
ရယူသွားပြီးထင်တယ်။ ဒါပေမဲ့
ဒီနေရာမှာ အကြာကြီး ပိတ်မိနေတော့

ငါတို့ အခုချိန် ထွက်သွားဖို့ အချိန်ကောင်းပဲ။ ဒါက အဆင်ပြေပါတယ်”

လူငယ်က “အဘိုး အပြင်လောကက တကယ်ကောင်းလား…”ဟု ထပ်မေးလိုက်သည်။

အဘိုးကြီးကပြုံးပြီး “ဒါက ကောင်းတာမဟုတ်ဘူး။ နတ်ဘုံ

နတ်နန်းလိုပဲ။ မင်းအပြင်လောကကို

ရောက်ရင် မင်းရဲ့ သဘာဝစွမ်းရည်ကို

အခြေခံလိုက်ရင် ဈာန်အဆင့်ကို

ရောက်ဖို့ အနည်းဆုံး သုံးနှစ်လောက်ပဲ

ကြာလိမ့်မယ်”

“ဈာန်အဆင့်”

လူငယ်က ထပ်ပြောဖို့ပြင်နေသည်။

သို့သော် အဘိုးကြီးက

ခေါင်းခါပြီး“သွားရအောင်

ငါတို့နောက်ကျရင် အခြားသူတွေက

တောင်ပိုင်း ချီလင်တောင်တန်းမှာရှိတဲ့

ဝိညာဉ်စွမ်းအင်တွေအကုန်လုံး

သိမ်းယူသွားကြလိမ့်မယ်”

စကားပြောပြီးနောက် အဘိုးကြီးက

သူ့လက်ကို ဝှေ့ယမ်းလိုက်ရာ

ထောင်ချီသော လူအုပ်ကြီးက ချက်ချင်း ရှေ့ဆက်သွားကြသည်။

ယန်ယဲ့သည်
ကောင်းကင်ဆိတ်သုဉ်းခြင်းမြို့သို့
တည့်တည့်မသွားပဲ ငရဲတောင်တန်းရှိ
ဓားရှည်ကြီး

ရှေ့သို့ ပြန်သွားခဲ့သည်။ သို့သော်
ဤအခိုက်အတန့်တွင် ဧရာမဓားကြီးက
အပိုင်းအစတစ်ခုဖြစ်နေပါပြီ။

“ဘာဖြစ်နေတာလဲ...”

ယန်ယွဲ့က မျက်မှောင်ကြုတ်လိုက်သည်။
“ဒီလူအိုကြီးပြောသွားတာ
တစ်လလောက် ကြာနိုင်တယ်လို့

ပြောသွားတာ မဟုတ်ဘူးလား…။ ဒါပေမဲ့

သူထွက်သွားပြီးလား…”

ဤအချိန်တွင်

ရောမဓားကြီးအပိုင်းအစထဲမှ

ပုံရိပ်တစ်ခုလွင့်စင်လာသည်။

သက်လတ်ပိုင်းအမျိုးသား

ဖြစ်သော်လည်း

အချိန်မရွေးပျောက်ကွယ်သွားတော့မည့်

အလား ကြည်လင်နေခဲ့သည်။

ယန်ယွဲ့က“ဘာဖြစ်တာလဲ...”

သက်လတ်ပိုင်းအမျိုးသားက ခါးသက်သက်ရယ်မောရင်း “ဒါက မင်းအပြစ်ပဲ မင်းငါ့ကို ဘာလို့ မေးတာလဲ...”

“ငါလား...”

ယန်ယဲ့က အံ့ဩသွားသည်။ “မင်းဘာကို ဆိုလိုတာလဲ...”

သက်လတ်ပိုင်းအမျိုးသားက “မင်းကို စောင့်နေဖို့ ငါအသက်ရှင်နေခဲ့တာ။ ကလေး လက်နက်လမ်းစဉ်နဲ့ တာအိုလမ်းစဉ်ကို မေ့လိုက်ပါ။ အရင်ဆုံး မင်းအနောက်ကို လိုက်နေတဲ့ သတ္တဝါကိုပဲကိုင်တွယ်ဖြေရှင်းလိုက်ဦး”

ဤအချိန်တွင်
အနီရောင်အလင်းတန်းတစ်ခု
လင်းလက်သည်။

"ဆူး..."

သက်လတ်ပိုင်းအမျိုးသား၏ ပုံရိပ်က
ဖျတ်ခနဲ ပျောက်သွားခဲ့သည်။ ယန်ယဲ့၏
မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းလာသည်။ သူ့နောက်ကို

လှည့်ကြည့်လိုက်သော်လည်း

ဘာမှမရှိပေ။

"အဲ့ဒီအရာက ငါ့နောက်ကို

လိုက်နေတာလား...။ တစ်ခုခုများ

ငါ့နောက်ကို လိုက်နေတာလား..."

ယန်ယဲ့သည် အံ့သြသွားသည်။ ထိုနောက်

သူ့ပတ်ဝန်းကျင်ကို

လှည့်ကြည့်လိုက်သော်လည်း

ထိုနေရာတွင် ဘာမှမရှိပေ။ သို့သော်
သက်လတ်ပိုင်းအမျိုးသားအတွက်
အကြောင်းပြချက်မရှိပဲ
ပျောက်ကွယ်သွားမည်အရာတစ်ခုရှိနေ
သည်ကို ကောင်းကောင်းသိခဲ့သည်။

အချိန်သိပ်မကြာလိုက်ပေ ယန်ယဲ့သည်
တစ်ခုခုကို စဉ်းစားမိလိုက်၏။

မကောင်းဆိုးဝါးလက်နက်။

၎င်းက ရှာမန်ကမ္ဘာရှိ

အပျက်အစီးနယ်မြေမှ ပညာရှင်

ဖိနှိပ်ထားသော

မကောင်းဆိုးဝါးလက်နက်ဖြစ်သည်။

ယခင်က

ကောင်းကင်အင်ပါယာသည်လည်း

ထိုလက်နက် အကြောင်းပြောခဲ့ဖူး၏။

သို့သော် ၎င်းက

သူ့နောက်လိုက်လာမည်ဟု

မထင်မှတ်ထားခဲ့ပေ။

“အခုထိ လက်လျှော့ဖို့

ငြင်းနေသေးတာလား...”

ယန်ယဲ့က “မင်းငါ့နောက်ကို

လိုက်နေတာကြာပြီး ဘာကြောင့်

ကိုယ်ထင်မပြသေးတာလဲ...”

သို့သော် အကြောင်းမပြန်ပေ။

ယန်ယဲ့က တဟားဟားရယ်လိုက်ပြီး

"မင်းကိုယ်မင်း မပြေရဲဘူးလား..."

တုံ့ပြန်မှုမရခဲ့ပေ။

ယန်ယဲ့က ပခုံးတွန့်လိုက်ပြီး

"ကိုယ်သဘောနဲ့ကိုယ်လုပ်လိုက်"

စကားပြောပြီးနောက် ယန်ယဲ့၏ပုံရိပ်က ကောင်းကင်အထက်သို့ ပျောက်ကွယ်သွားသည်။

ထိုနောက် မျက်လုံးကိုမှိတ်ထားရင်း တရားစီရင်ခြင်းဓားကို ကောင်းကင်အထက်သို့ မြှောက်လိုက်ပြီး "တရားစီရင်ခြင်း မင်းငါ့နောက်ကို လိုက်နေတဲ့အရာကို မြင်နိုင်လား..."

တရားစီရင်ခြင်းက “အနီရောင်
မီးလုံးတစ်လုံး”ဟု ပြန်ဖြေသည်။

ယန်ယဲ့က “ဒါက ဘာလဲဆိုတာ
မင်းသိလား…”

တရားစီရင်ခြင်းက
“မကောင်းဆိုးဝါးရတနာ”
ဟုပြန်ဖြေသည်။

ယန်ယဲ့က “မင်းအနိုင်ယူနိုင်လား...”

တရားစီရင်ခြင်းက

ခဏမျှတိတ်ဆိတ်သွားသည်

“ငါမလုပ်နိုင်ဘူး”

ယန်ယဲ့၏မျက်နှာက ချက်ချင်းပင်

တင်းမာသွားသည်။ တရားစီရင်ခြင်းက

မည်သည့် လက်နက်အဆင့်ဖြစ်သည်ကို

မသိသော်လည်း အလွန်ကြောက်စရာ

ကောင်းလှသည်။ သို့သော်

သူ့နောက်လိုက်နေသော

မကောင်းဆိုးဝါးလက်နက်ကို

အနိုင်မယူနိုင်ကြောင်း ဝန်ခံလိုက်သည်။

အဆုံးတွင် တရားစီရင်ခြင်းက "ဒါဟာ

အဓိပတိဓားနှင့် အဆင့်အတူတူပဲ။

အဓိပတိဓားရဲ့ ဓားဝိညဉ်က

နိုးလာရင်တောင်မှ အဲ့ဒီဓားကို ဖိနှိပ်နိုင်မှာ

မဟုတ်ဘူး။ ငါထင်တာ မမှားရင် မင်းကို

သူ့ရဲ့ သခင်အဖြစ်

အသိအမှတ်ပြုစေချင်တာ”

“ငါ့ကို သူ့ရဲ့ သခင်အဖြစ်

အသိအမှတ်ပြုစေချင်တာလား…”

ယန်ယွဲ့က အံ့အားသင့်သွားသည်။

“ဘာလို့ ငါ့ကို လိုက်ကပ်ချင်ရတာလဲ…”

တရားစီရင်ခြင်းက

“အဓမ္မ(မကောင်းဆိုးဝါး)ပစ္စည်းကို

အကြောင်းတရားကြောင့်

သဘာဝအားဖြင့်တော့

မကောင်းမှုလို့ခေါ်တယ်။ ဒါပေမဲ့

မင်းခန္ဓာကိုယ်ထဲမှာရှိတဲ့ အဲ့ဒီရတနာကို

ကြောက်နေတယ်ဆိုတာ သိသာတယ်။

ဒါကြောင့် ဒီအရာက မင်းကို

သူ့သခင်အဖြစ် အတင်းအကျပ်

မလုပ်ခိုင်းဘူး မဟုတ်ရင်  မင်း

အခုအချိန်လောက်ဆို သေနေပြီ”

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ်

မှုတ်ထားသည်။ “ငါ့ခန္ဓာကိုယ်ထဲက

ရတနာအကြောင်း မင်းသိတာလား…”

“ငါအာရုံခံနိုင်တယ်”

တရားစီရင်ခြင်းက “မင်းထဲမှာ ငါ့ကို

တော်တော်ကြီး

ခြိမ်းခြောက်ထားတဲ့အရာတစ်ခုရှိတယ်။

ပြီးတော့ အဲ့ဒီရုပ်ဆိုးတဲ့ သတ္တဝါထက်

အများကြီး ပိုပြီးအန္တာရယ်များတယ်”

“မကောင်းဆိုးဝါးလက်နက်ထက်

အန္တရာယ်ပိုများတယ်”

ဤအတောအတွင်း တရားစီရင်ခြင်းက
“ဒါနဲ့ အဲ့ဒီအရာက ဘာကြောင့် မင်းကို
ပစ်မှတ်ထားတာလဲ...”

ယန်ယဲ့က အကူအညီမဲ့လေသံဖြင့်
ပြန်ပြောသည်။ “အဲ့ဒါရဲ့အဖြေကို
ငါလည်းသိချင်နေတာ”

တရားစီရင်ခြင်းက ရုတ်တရက်
ပြောခဲ့သည်“ဒါက အခွင့်အရေးကို

စောင့်နေတာ ဖြစ်နိုင်တယ်။ ဒါကြောင့်

သတိထားပါ”

ယန်ယဲ့က ခါးသက်သက်

ရယ်မောလိုက်သည်။ ဤအချိန်တွင်

သတိအပြည့်ထားနေခြင်းသာ

သူတက်နိုင်သည်။ ယန်ယဲ့သည်

ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

နေရာတွင်ပင် ပျောက်သွားခဲ့သည်။

ကောင်းကင်ဆိတ်သုဥ်းခြင်းမြို့တော်။

ဤအခိုက်အတန့်တွင် မြို့အထက်၌
အလင်းလွှာကြီးတစ်ခုရှိနေသည်။
တစ်မြို့လုံးကို ဖုံးလွှမ်းထားသည်။ ထိုပြင်
အားမန်နှင့် အခြားသူတိုင်း မြို့ရိုးပေါ်တွင်
ရှိနေကြသည်။ ဤအခိုက်အတန့်တွင်
အားလုံး၏မျက်နှာအထက်၌
လေးနက်သော အမူအရာများ

ရှိနေခဲ့ကြသည်။ အကြောင်းမှာ

ကောင်းကင်ဆိတ်သုဉ်းခြင်းမြို့ဟာ

မရေမတွက်နိုင်သောနတ်ဆိုးသားရဲ

အုပ်ကြီးက ဝိုင်းရံထားလို့ပင်ဖြစ်သည်။

ချင်ချွမ်က

အောက်ငုံ့ကြည့်ပြီးမေးလိုက်သည်။

“အစ်မကြီး ငါတို့ ဘာလုပ်သင့်လဲ...”

အားမန်က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး

“နောက်ထပ်ဘာရှိသေးလဲ...။ သူတို့ကို

တိုက်ခိုက်ပါ”

Translated By NyiNyiSoe.

May Be:

..အပိုင်း ၂၃၃၇

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

“သူတို့ကို တိုက်ခိုက်မလား…”

လူတိုင်း
အကြည့်ချင်းဖလှယ်လိုက်ကြသည်။

“ငါတို့ရဲ့ အခွင့်အရေးက
နည်းနည်းလေးတောင်မှမရှိတာ
အရမ်းကြောက်စရာကောင်းတယ်”

ချင်ချွမ်က ခဏာမျှတုံ့ဆိုင်းသွားပြီး

“အစ်မကြီး၊ ငါတို့

ထွက်ပြေးသင့်ပြီးထင်တယ်”

“ထွက်ပြေးမှာလား...”

အန့်မန်က သူ၏နှုတ်ခမ်းထောင့်တွင်

ခါးသီးသောအရိပ်အယောင်ဖြင့်

ခေါင်းကိုအနည်းငယ်

ခါယမ်းလိုက်သည်။ “ဘယ်ကို

ထွက်ပြေးမလဲ… ဘယ်ကိုမှ

ထွက်မပြေးနိုင်ဘူး။ နတ်ဆိုးတွေက

မြို့ကို ဝိုင်းထားတယ်။

မြို့တင်မဟုတ်ဘူး

ကောင်းကင်တစ်ခုလုံးကိုပါ

ဝိုင်းထားတယ်။ အဲ့ဒီမှာ ဝိုင်လ်ဗန်

အကောင်(၁၀၀)ထက်မနည်းရှိတယ်။

ပြေးစရာနေရာမရှိဘူး”

ချင်ချွန်နှင့် အခြားလူတိုင်းလည်း ထိုအခြေအနေကို ရှင်းရှင်းလင်းလင်း သိထားသောကြောင့် မျက်နှာများ မည်းမှောင်သွားသည်။

အရူးဆေဘာ “ဒီနတ်ဆိုးတွေက ဘာလို့ ငရဲတောင်တန်းကနေ ထွက်လာရတာလဲ…”

အားမန်က ခေါင်းခါယမ်းလိုက်သည်။

“ယုကျင်းက စုံစမ်းခဲ့ပေမဲ့ ဘာမှရှာမတွေ့ခဲ့ဘူး။ ဒါပေမဲ့ ငါရခဲ့တဲ့ အချက်အလက်တွေပေါ်အခြေခံပြီး ငါတို့က ဒီပြဿနာကို ရင်ဆိုင်နေရတာ တစ်ယောက်တည်း မဟုတ်ဘူး။ ကြမ်းတမ်းသောဝံပုလွေနှင့် တောင်းပိုင်း ချီလင်တောင်တန်းလည်း အတူတူပဲ”

ယုကျင်းက "ဒီနေရာက အခြေအနေတွေပြောင်းတော့မယ်"

"ဘုန်း..."

ဤအခိုက်အတန့်တွင် အောက်မြေပြင်ရှိ နတ်ဆိုးများက တိုက်ခိုက်လာကြသည်။ နတ်ဆိုးများက မြို့တံတိုင်းကို အပြင်းအထန် ပြေးဆောင့်နေကြသည်။ ဤသို့ဖြင့်

ကောင်းကင်ဆိတ်သုဉ်းခြင်းမြို့သည်
ပြင်းထန်စွာ လှုပ်ခတ်သွားပါတော့သည်။
တစ်ချိန်တည်းမှာပင် မြို့တစ်ဝိုက်ရှိ
အလင်းလွှာကြီးက ပို၍ပင်
အက်ကွဲလာသည်။
ကြာကြာဆက်ထိန်းထားနိုင်မည်
မဟုတ်ကြောင်းသိသာပါသည်။

အားမန်က သူမ၏မျက်လုံးများကို
ဖြည်းညင်းစွာ မှိတ်လိုက်သည်။ "လူတိုင်း

အပြင်ကို ဖောက်ထွက်ရင်း ထွက်ပြေးဖို့ ပြင်ထားကြ”

“ထွက်ပြေး”

လူတိုင်း သူတို့ဟာ သဘာဝအတိုင်း ထွက်ပြေးရပါမည်။ နတ်ဆိုးအုပ်က အရေအတွက်များလွန်းသဖြင့် တိုက်ခိုက်ဖို့မဖြစ်နိုင်ပေ။ ထို့ကြောင့်

ထွက်ပြေးဖို့သာ တက်နိုင်သည်။
လူတိုင်းခေါင်းညိတ်ကြသည်။

ထွက်ပြေးခြင်းက တစ်ခုတည်းသော
နည်းလမ်းပင်ဖြစ်သည်။

အားမန်က လင်းကိုကြည့်ပြီး
"ဘယ်လိုလဲ..."

လင်းက အနည်းငယ်

ခေါင်းညိတ်လိုက်သည်။

သူလက်ချောင်းများကို ပုတ်လိုက်ရာ

အလင်းတန်း(၆၀)အကျော်က

လူတိုင်း၏နဖူးတစ်ခုစီတိုင်းသို့

ဝင်ရောက်သွားခဲ့သည်။

အားမန်က “ဒါငါတို့ရဲ့

နောက်ဆုံးစကားပါ။ ဒီနေရာကနေ

ထွက်သွားလို့ အပြင်ကမ္ဘာကို

ပြန်သွားနိုင်ခဲ့ရင် ငါတို့ရဲ့စကားတွေကို
မမေ့နဲ့။ တက်နိုင်သလောက်
များများပို့ပါ။ ဘာပဲဖြစ်ဖြစ်
အစွမ်းကုန်လုပ်ကြ”

အားလုံး ခေါင်းညိတ်လိုက်ကြသည်။
လက်ရှိ လူအုပ်ထဲရှိ လူအချို့က
အပြင်ဘက်တွင် မိသားစုများ
မျိုးနွယ်စုများ ရှိကြသည်။
အချိန်တော်တော်ကြာပြီးနောက်

အလင်းအလှာပေါ်ရှိ

အက်ကွဲကြောင်းများ ကျယ်လာခဲ့သည်။

နောက်ဆုံးတွင်တော့

“အုန်း…”

ကောင်းကင်ဆိတ်သုဉ်းခြင်းမြို့ကို

လွှမ်းခြုံထားသော

အလင်းအလှာကြီးဟာ

ကောင်းကင်အထက်မှ

မိုးရွာချလာသည့်အလား

စွမ်းအင်အပိုင်းအစများအဖြစ် ကွဲထွက်

သွားပါတော့သည်။

ဤအခိုက်အတန့်တွင် အလင်းအလျှာက

ကာကွယ်မထားတော့ သောကြောင့်

မြို့ပတ်ပတ်လည်ရှိ တံတိုင်းများ

ချက်ချင်း ပြိုကျသွားခဲ့သည်။

တစ်ချိန်တည်းတွင် မရေမတွက်နိုင်သော

နတ်ဆိုးများ တရကြမ်း

ချီတက်လာကြသည်။ အားမန်က

သူမ၏လက်ကို အနည်းငယ်

လှုပ်လိုက်ရာ ဆူးချွန်လုံးကြီးတစ်ခု

ပေါ်လာသည်။

ထိုနောက် “ငါတို့တွေ

နောက်နေ့နေထွက်တာကို

ပြန်မြင်နိုင်မယ်လို့ မျှော်လင့်ပါတယ်”

စကားပြောပြီးသည်နှင့်

ရှေ့တိုးသွားသည်။

ချင်ချွမ်နှင့် အခြားသူများကလည်း

နောက်ကနေ လိုက်သွားကြသည်။

အချိန်ခဏအကြာတွင် လူတိုင်းက

နတ်ဆိုးစစ်တပ်ထဲသို့

နစ်မြုပ်သွားခဲ့သည်။

ချက်ချင်းအသတ်မခံရသော်လည်း

တိုက်ခိုက်နိုင်ခြင်းမရှိပေ။ နောက်ဆုံးတွင်

နတ်ဆိုးအုပ်က အရေအတွက်

များပြားပြီး အဓိကကတော့

အားနည်းခြင်းမရှိကြပေ။ ဤအချိန်တွင်
လူတိုင်း ဒဏ်ရာရနေကြသည်။

"ဘုန်း…"

ချင်ချွမ်က နတ်ဆိုးတစ်ကောင်ကို
လက်ဝါးဖြင့် ရိုက်လိုက်သော်လည်း
တန်ပြန်အားကြောင့်
လွင့်ထွက်သွားခဲ့သည်။ သူ့ကိုယ်သူ
ရပ်တန့်လိုက်သည်နှင့်

နောက်ထပ်နတ်ဆိုးတစ်ကောင်က

တိုက်ခိုက်လိုက်သည်။

“ဘုန်း…”

ချင်ချွမ်၏ပုံရိပ်က

ထပ်မံလွင့်ထွက်သွားပြန်သည်။

ဤအချိန်တွင် နောက်ထပ်

နတ်ဆိုးနှစ်ကောင်က သူ့ဆီသို့

ခုန်ဝင်လာသည်။ ဤတစ်ကြိမ်တော့ မရှောင်နိုင်တော့ပေ။

“အုန်း...”

နတ်ဆိုးနှစ်ကောင်စလုံး လွင့်ထွက်သွားသည်။ ဤအချိန်တွင် အားမန်က ချင်ချွမ်ရှေ့တွင် ပေါ်လာပြီး “အရှုံးမပေးနဲ့ တိုက်ခိုက်”

ချင်ချွမ်က အကူအညီမဲ့စွာ ရယ်မောရင်း

“အစ်မကြီး၊ ဒီကပ်ဘေးကို ငါတို့

ရှောင်နိုင်မှာမဟုတ်ဘူး”

အားမန်က သူမ၏မျက်လုံးများကို

ဖြည်းညင်းစွာ မှိတ်လိုက်သည်။

“ငါနင်တို့အားလုံးကို သေချာပေါက်

ဒီကနေ ခေါ်ထုတ်မယ်” ပြောပြီးသည်နှင့်

ပတ်ဝန်းကျင် ကို

တစ်ချက်ကြည့်လိုက်သည်။

အချို့က လဲကျသွားပြီး
နတ်ဆိုးများ၏ဝါးမျိုခြင်း
ခံလိုက်ရသည်။
အားမန်၏မျက်လုံးများက ချက်ချင်းပင်
သွေးရောင်ပြောင်းလာကာ ဆူးချွန်ကို
ထိုနတ်ဆိုးအုပ်ဆီသို့ ပစ်ချလိုက်သည်။

“ဘုန်း...”

ချက်ချင်းပင် ထိုနတ်ဆိုး၏ ခေါင်းက
သွေးမြူများအဖြစ်ပေါက်ကွဲသွားသည်။

အားမန်က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး "အရှုံးမပေးနဲ့"

"အုန်း..."

ဤအချိန်တွင် အားမန်က
လွင့်ထွက်သွားခဲ့သည်။

အန့်မန်ရပ်နေခဲ့သည်နေရာတွင်
ခြသေ့်တစ်ကောင်ကဲသို့
အနီရောင်နတ်ဆိုးကြီးတစ်ကောင်
ရပ်နေသည်။ အလွန်ကြီးမားလှပြီး
မီးတောက်များ ဖုံးလွှမ်းနေခဲ့သည်။
ခြသေ့်နတ်ဆိုးကြီးက ၎င်း၏
ညာဘက်ခြေကို ဆောင့်ကာ အားမန်ဆီသို့
ခုန်ဝင်လိုက်သည်။ ထိုနောက် ဧရာမ
လက်သီးကြီးဖြင့်ထိုးချလိုက်သည်။

အားမန်၏ မျက်လုံးထဲမှ ဆိုးရွားသော
အလင်းတစ်ခု လင်းလပ်လာသည်။
ထိုနောက်တွင် သူမ၏ဆူးချွန်ကို
မြှောက်ကာ ရိုက်ချလိုက်သည်။

"ဘုန်း...ဘုန်း...ဘုန်း..."

ပေါက်ကွဲသံ ထပ်ဆင့်
ထွက်ပေါ်လာပြီးနောက် အားမန်က
လွင့်ထွက်သွားပြန်သည်။ သူမက ၁

ကီလိုမီတာအကွာသို့တိုင် လွင့်ထွက်သွားသည်။

“အစ်မကြီး”

ဒေါသတကြီးအော်သံများထွက်ပေါ်လာပြီးနောက် လူအနည်းငယ်က ခြသေ့်နတ်ဆိုးကြီးကိုတိုက်ခိုက်လိုက်ကြသည်။

“ဘုန်း…”

အန့်မန်၏ ပတ်ပတ်လည်၌ရှိ
နတ်ဆိုးသားရဲများ
အသတ်ခံလိုက်ရသည်။
သိပ်မကြာလိုက်ပေ။ အားမန်က
ပြန်ပေါ်လာသည်။
ဒဏ်ရာအပြင်းအထန်ရရုံလောက်သာ
အသက်တော့မသေခဲ့ပေ။ အားလုံးက

အားမန်၏အခြေအနေကို မြင်သောအခါ

သက်ပြင်းချလိုက်ကြသည်။

ထိုနောက် လူတိုင်းစုလာကာ အားမန်၏

ပတ်ပတ်လည်တွင် စက်ဝိုင်းပုံသဏ္ဌာန်

ဝိုင်းဖွဲ့လိုက်ကြသည်။

ဤအခိုက်အတန့်တွင်

မရေမတွက်နိုင်သော နတ်ဆိုးများက

ဝိုင်းရံထားခဲ့သည်။

"ဟား...ဟား..."

ချင်ချွမ်က ရုတ်တရက်
ရယ်မောလိုက်သည်။ "ဒီလိုကျလည်း
မင်းတို့အားလုံးနဲ့ သေရတာက
မဆိုးပါဘူး"

အားလုံးက ခေါင်းညိတ်လိုက်ကြသည်။
လက်ရှိလူများက အပြင်လောကရှိ
မျိုးနွယ်စုများနှင့် အင်အားစု

အသီးသီးမှဖြစ်ကြသည်။ ထိုပတ်ဝန်းကျင်တွင် လက်တွေ့အားဖြင့် လူတိုင်းက အချင်းချင်း တိုက်ခိုက်ရန် ကြံစည်နေကြပေသည်။ သို့သော်လည်း သေဆုံးခြင်းကမ္ဘာတွင် ထိုသို့ မဟုတ်ခဲ့ပေ။

အားမန်က ပြုံးပြီးပြောလိုက်သည် “ကောင်းပြီ။ ငါတို့တွေဟာ

အတူတူမွေးဖွားမလာခဲ့ကြဘူး။ ဒါပေမဲ့ တစ်နေ့တည်း အတူတူသေနိုင်တယ်”

အားလုံးက အပြင်းအထန် တိုက်ခိုက်ဖို့ ပြင်လိုက်သည်။ ဤအချိန်တွင် ကောင်းကင်၏အဝေးတစ်နေရာမှ စူးရှသော ဓားအူသံကြီး မြည်ဟည်းလာပြီးနောက် တလျှပ်လျှပ် တောက်ပနေသော အလင်တန်းတစ်ခုက သူတို့ရှေ့ ရောက်လာတော့သည်။

“ဆူး…ဆူး…ဆူး…”

အလင်းတန်းများ ကျရောက်လာသော ရေယာတစ်ဝိုက်ရှိ နတ်ဆိုးများက ချက်ချင်းပင် အပိုင်းပိုင်း ဖြတ်တောက်ခံလိုက်ရသည်။ အလင်းတန်း ပြန်နဲ့ကျဲသွားသည်နှင့် လူတစ်ယောက်ပေါ်လာသည်။

ထိုလူက ပြုံးပြီး

“ဒီလောက်စိတ်ဝင်စားစရာကောင်းတဲ့

တိုက်ပွဲက ငါဘယ်လိုလုပ်

နောင်ကျနေနိုင်မလဲ…”

“ယန်ယွဲ့လား…”

“ဒါက ယန်ယွဲ့ပဲ”

ယန်ယဲ့မှန်း မြင်လိုက်သောအခါ

အားလုံးက ပြိုးလိုက်ကြသည်။ ယန်ယဲ့ကို

ပြန်မလာစေချင်သော်လည်း

ပြန်ရောက်လာနေတုန်းပင်။

လူတိုင်းဘာမှတော့ မပြောကြပေ။

အားမန်က ယန်ယဲ့ဆီသို့

လျှောက်သွားလိုက်သည်။

သူမက ဘာမှထပ်မပြောဘဲ လက်ကို

ပခုံးပေါ်တင်ကာ “နင်ဒီမှာရှိနေပြီးဆိုတော့

နောက်ထပ် နည်းနည်းလောက်

သတ်လိုက်ပါ။ အနည်းဆုံး နင်သေတာက

အလကားမဖြစ်တော့ဘူးပေါ့”

ချင်ချွမ်က ယန်ယဲ့ဆီသို့ လျှောက်လာပြီး

ပခုံးကိုလက်သီးဖြင့် ထိုးကာ “မင်းကို

ငါတို့ကိုယ်စား လက်စားချေဖို့

စိတ်ကူးထားပေမဲ့

ကိုယ့်သေတွင်းကိုယ်လာတူးတာ

မတက်နိုင်ဘူး”

ယန်ယဲ့က ရယ်မောပြီး လေးနက်စွာ ပြောလိုက်သည်။ "ငါ့နောက်က လိုက်ခဲ့ပါ။ ငါ့အနားမှာ ကပ်နေ ငါတို့ လမ်းတစ်လျှောက် သတ်လိုက်ရအောင်"

စကားပြောပြီးနောက် ထောင်သောင်းချီသော နတ်ဆိုးအုပ်ကို လှည့်ကြည့်ကာ "လောကသုံးပါးက အနာဂတ်မှာ ငါတို့ ပိုင်ဆိုင်လိမ့်မယ်။

ဒါဆို ငါတို့ ဒီမှာက

ဘယ်လိုလုပ်သေနိုင်မှာလဲ...။ ကောင်းပြီ

ငါ့နောက်ကို လိုက်ခဲ့ကြ”

စကားပြောပြီးနောက်  ညာခြေကို

တစ်ချက်တောင့်လိုက်သည်။ စူးရှသော

ဓားအူသံနှင့်အတူ

ဓားအလင်းတန်းတစ်ခုက သူတို့ရှေ့သို့

ဖြာကျလာသည်။

“ငါတို့လမ်းကို သတ်လိုက်ရအောင်”

ယန်ယဲ့၏နောက်မှ လူတိုင်းကလည်း
ဒေါသတကြီး အော်ဟစ်ကာ
နောက်ကနေလိုက်လာကြသည်။
ဤအချိန်တွင် ယန်ယဲ့၏အလုပ်က
လမ်းကြောင်းတစ်ခု ဖွင့်ရန်ဖြစ်သည်။
ပြောစရာပင် မလိုပေ သူက
အကြီးမားဆုံး ဖိအားကို
ရင်ဆိုင်နေရသည်။ မတက်နိုင်ပေ။

အကယ်၍သူရပ်လိုက်သည်နှင့်

ဖန်တီးထားသော

အရှိန်အငွေ့အသက်အကာအကွယ်က

သေချာပေါက်

ပျောက်ကွယ်သွားပါလိမ့်မည်။

ထိုအချိန်တွင် အားလုံး ဖိနှိပ်ခံရပေမည်။

ဤအတောအတွင်း ယန်ယဲ့က

အဓိပတိများကို ထုတ်ယူလိုက်သည်။

အဓိပတိများက

အဆက်မပြတ်တုန်ခါသွားပြီး

ဓားအလင်းတန်းများ အဆက်မပြတ်

လင်းလပ်လာသည်။

ဓားအလင်းတန်းတစ်ခုချင်းစီတိုင်းက

ပစ်မှတ်ကို ချက်ချင်း

သတ်ပစ်လိုက်သည်။

ဤသို့ဖြင့် ယန်ယဲ့က လူအုပ်ကို

တဖြည်းဖြည်းနှင့်

အဝေးသို့ခေါ်သွားခဲ့သည်။ ဤအချိန်တွင်

ယန်ယဲ့က ရှေ့ဆုံးကနေ

ဦးဆောင်နေသည်။ အားမန်က

သူ၏ညာဘက်တွင်ရှိကာ

အရှူးဆေလ်ဗာနှင့် လင်းက  လေထဲ၌

ရပ်နေကြသည်။ လင်းက အများကြီး

ကူညီခဲ့သည် အကြောင်းမှာ

အချို့သောနတ်ဆိုးများက အထက်ကနေ

ခုန်ဆင်းလာသောကြောင့်ပင်။  လင်းက

ထိုနတ်ဆိုးများကို ဒိုင်းခံပြီး

တိုက်ခိုက်နေခဲ့သည်။

ထိုကြောင့် အောက်သို့မဆင်းနိုင်ကြပေ။

တစ်နည်းအားဖြင့် လင်း ရင်နိုင်နေရသော

ဖိအားက ယန်ယဲ့အောက် တစ်ဆင့်သာ

လျော့သည်ဟု ဆိုနိုင်သည်။ လက်ရှိ

လူအုပ် အရေအတွက်က

(၆၀)ကျော်ရှိနေသေး၏။ အားလုံးက

ထူးချွန်သော ညာဏ်ကြီးရှင်များ

ဖြစ်သော်လည်း ထောင်သောင်းချီသော
နတ်ဆိုးများကို မခုခံနိုင်ကြပေ။
အချိန်သိပ်မကြာလိုက်ပေ
တစ်ယောက်ပြီးတစ်ယောက်
သေဆုံးသွားခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့က မျက်လုံးများကို
မှိတ်ထားကာ အဓိပတိဓားကို
အဆက်မပြတ် လှုပ်ယမ်းနေသည်။
ဓားတစ်ချက်လွဲလိုက်တိုင်း

သွေးစီးကျနေသော ခေါင်းပြတ်များ

လေထဲသို့ လွင့်ပျံသွားသည်။ သို့သော်

သူတို့ရှေ့တွင် အဆုံးအစမဲ့သော

နတ်ဆိုးပင်လယ်ကြီးရှိနေသေး၏။

အဆုံးမရှိဘူးဟုပင် ထင်ရ၏။

တချို့က စိတ်ပျက်

အားငယ်စပြုလာသည်။

“မျှော်လင့်ချက်ကို မဆုံးရှုံးစေနဲ့”

ယန်ယဲ့က ရှုတ်တရက် ဒေါသတကြီး

အော်လိုက်သည်။ လူတိုင်းက သူ့အား

စိုက်ကြည့်နေကြသည်။

စကားပြောပြီးနောက် ယန်ယဲ့က

ညာခြေကိုဆောင့်လိုက်ရာ

ကြောက်မက်ဖွယ်ရာ စွမ်းအင်လှိုင်းများ

ရှုတ်တရက်  ထွက်ပေါ်လာသည်။

ဓားနယ်မြေ။

ဓားနယ်မြေက မီတာ ရာချီသော

ပတ်ဝန်းကျင်ကို ချက်ချင်း

လွှမ်းခြုံးသည်။ ချင်ခွျန်နှင့်

အခြားလူတိုင်းကိုပါ

ကာကွယ်ပေးထား၏။

တစ်ချိန်တည်းမှာပင် ပတ်ဝန်းကျင်ရှိ

နတ်ဆိုးများကိုလည်း

ဖုံးလွှမ်းခံလိုက်ရသည်။ ထိုနောက် ဓား

(၃၆)ချောင်း ပေါ်လာသည်။

ယန်ယဲ့က ဒေါသတကြီး

အော်လိုက်သည်။ “သတ်ပစ်လိုက်”

“ဝှစ်…ဝှစ်…ဝှစ်…”

ထိုခဏလေးမှာပဲ

မရေမတွက်နိုင်သောဓားအလင်းတန်း

များ ဖြာထွက်လာပြီးနောက် နာကျင်

ညည်းတွားသံများ အဆက်မပြတ်

ထွက်ပေါ်လာသည်။ သို့သော်

ပတ်ဝန်းကျင်တွင်

အလင်းတန်းများကိုသာ မြင်နိုင်၏။

ဤအချိန်တွင် နတ်ဆိုးသားရဲများက

နောက်သို့ အပြေးအလွှားဆုတ်နေကာ

အနားမကပ်ဝံ့ကြပေ။ ထိုကဲ့သို့ပင်

အချိန်(၁၅)မိနစ်ခန့် ကြာသွားပြီးမှသာ

အလင်းတန်းက တဖြည်းဖြည်း

ပျောက်ကွယ်သွားသည်။

နတ်ဆိုးအုပ်ကြီးက ၎င်းတို့ရှေ့မှ

မြင်ကွင်းအား မြင်လိုက်သောအခါ

ဒေါသတကြီး ဟိန်းလိုက်ကြသည်။

ယန်ယဲ့၏ အနီးတစ်ဝိုက်တွင်

နတ်ဆိုးအလောင်းများအပြည့်ဖြစ်နေသ

ည်။ အလောင်းများအားလုံးက

ကြောက်မက်ဖွယ်ရာ ပုံစံများပင်

မရေမတွက်နိုင်အောင်

အစိတ်စိတ်အမြွှာမြွှာ လှီးဖြတ်ခံထားရသည်။

“ဂါး...”

နတ်ဆိုးပင်လယ်ထဲမှ ဒေါသတကြီးဟိန်းသံ ပွဲတင်ထပ်လာသည်။ ထိုနောက်တွင် နတ်ဆိုးအားလုံးက ယန်ယွဲ့ဦးဆောင်သောအဖွဲ့ကို ရူးသွပ်စွာ တိုက်ခိုက်လိုက်ကြသည်။

အဆုံးမရှိသော နတ်ဆိုးသားရဲအုပ်က

အဖက်ဖက်မှ ဝန်းရံထားသဖြင့်

လူတိုင်းဟာ ပင်လယ်ပင်မှ လှေငယ်လေး

တစ်စင်းကဲ့သို့ပင်။

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၃၃၈

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ပတ်ပတ်လည်တွင် မရေမတွက်နိုင်သော

နတ်ဆိုးများ အထပ်ထပ်ဝန်းရံထားသည်။

ထူထပ်သော နတ်ဆိုးပင်လယ်ကို

ငေးကြည့်ရင်းလူတိုင်း၏ မျက်နှာက

မျှော်လင့်ချက် အရိပ်အယောင်ပင်

မရှိကြတော့ချေ။ ၎င်းတို့ကို မပြောနှင့်

ဈာန်အဆင့် စွမ်းအားရှင် (၁၀)ဦးပင်လျှင် ဤမျှလောက်များပြားသော နတ်ဆိုးပင်လယ်ကြီးကို မကျော်လွှားနိုင်ပေ။

“လက်လျော့လိုက်ပြီလား...”

ယန်ယဲ့၏အသံက ရုတ်တရက် ထွက်ပေါ်လာသည်။ လူတိုင်းက သူ့ကို စိုက်ကြည့်နေသည်။ ယန်ယဲ့က

သူ့လက်ဝါးကို လှန်လိုက်သည်နှင့်

လက်ထဲတွင် အသံလွှင့်

အဆောင်တစ်ခုပေါ်လာသည်။

သူက လူတိုင်းကို

တစ်ချက်ကြည့်လိုက်ပြီး

“နောက်ဆုံးအချိန်အထိ

လက်မလျှော့ပါနဲ့။ ငါနဲ့လိုက်လာပြီး

လမ်းတစ်လျှောက်သတ်ဖြတ်လိုက်ပါ”

ထိုစကားပြောပြီးနောက် ယန်ယွဲ့၏

ပုံရိပ်က ကောင်းကင် အထက်သို့

လွင့်မျောသွားသည်။ ထိုနောက်

သူ၏ခန္ဓာကိုယ်ထဲမှ

ဆန်းကြယ်ချီစွမ်းအင်များ တစ်ဟုန်ထိုး

ထွက်ပေါ်လာသည်။ မရေမတွက်နိုင်သော

ဆန်းကြယ်ချီစွမ်းအင်က သူ၏လက်ထဲမှ

အလံထဲသို့ဝင်ရောက်လာကာ

ပြင်းထန်စွာ တုန်ခါသွားသည် ထိုနောက်

အောက်ကို ငွေ့ယမ်းပြသည်။

“ဒီကို ထွက်လာကြ”

“ ရှပ်… ရှပ်… ရှပ်…”

သွေးအလံထဲမှ ဝိညဉ်များ တစ်ဟုန်းထိုး

ခုန်ဆင်းလာသည်။

ဝိညဉ်များပေါ်လာသည်နှင့်

ထူးဆန်းသော

မြင်ကွင်းဖြစ်ပေါ်လာသည်။

အကြောင်းမှာ ဝိညာဉ်များက

ပတ်ဝန်းကျင်ရှိ နတ်ဆိုးများအပေါ်

ခုန်ကပ်သွားကာ နာကျင်သံများ

အဆက်မပြတ် ထွက်ပေါ်လာသည်။

ချင်ချွမ်နှင့်

အခြားသူများ၏မျက်လုံးများက

မျှော်လင့်ချက်များ
တစ်ဖန်တောက်ပလာသည်။

ချင်ချွမ်က ဒေါ်သတကြီးနှင့် “သူတို့ကို
သတ်ပစ်ကြ”

အခြားသူတိုင်းလည်း
ဒေါ်သတကြီးအော်ဟစ်ကြသည်။
ယန်ယွဲ့သည် ထက်မြိုနေသော
ဓားတစ်လက်ကဲ့သို့

နတ်ဆိုးပင်လယ်ထဲကို ဖြတ်၍

ထိုးဖောက်နေခဲ့သည်။ ယန်ယဲ့က

အလံကိုဝှေ့ယမ်းရင်း ဓားကို

ပျံသန်းစေလိုက်သည်။ အားမန်က

သူ့ဘေးနားတွင်ရှိနေခဲ့သည်။

အားမန်က

“တောင်ပိုင်းချီလင်တောင်တန်းကို

ဦးတည်သွားလိုက်” ဟုရုတ်တရက်

ပြောခဲ့သည်။

“တောင်ပိုင်းချီလင်တောင်တန်း”

ယန်ယဲ့က အံ့ဩသွားသည်။

“ဘာကြောင့်လဲ…”

အားမန်က “ဒါက ငါတို့သွားနိုင်တဲ့

တစ်ခုတည်းသောနေရာပဲ။ အဲ့ဒီနေရာက

အင်အားစုတွေနဲ့ အခြားနေရာက

အင်အားစုတွေက

တောင်ပိုင်းချီလင်တောင်တန်းကို
ရောက်နေလောက်ပြီ။ ဒါအပြင်
လျှို့ဝှက်ဆန်းကြယ်တဲ့
အင်အာစုတွေတောင်ရှိနေတယ်။ သူတို့နဲ့
ပူးပေါင်းမှပဲ ဒီနတ်ဆိုးတွေကို
ကိုင်တွယ်နိုင်လိမ့်မယ်”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။
“ကောင်းပြီ”

တစ်ချိန်တည်းမှာပဲ သူကအားမန်ကို ခဏလောက် စိုက်ကြည့်လိုက်ပြီး "မင်းအဆင်ပြေရဲ့လား..." ဟု မေးလိုက်သည်။

ဤအချိန်တွင် သူမ၏မျက်နှာက ဖြူဖျော့နေသလို တစ်ကိုယ်လုံး သွေးများဖုံးလွှမ်းထားသည်။

သူမက

ခေါင်းကိုအနည်းငယ်ခါယမ်းလိုက်သည်။

“ဘာမှမဟုတ်ပါဘူး”

ယန်ယဲ့က အနည်းငယ်ခေါင်းညိတ်ပြပြီး

နောက်ထပ် စကားမပြောတော့ပေ။

နောက်လှည့်လိုက်ပြီး သွေးအလံကို

ရှုးသွပ်စွာ ဝှေ့ယမ်းလိုက်သည်။

ဤနေရာတွင် ဝိဉာဉ်များ ပို၍

များပြားလာကာ

ပြင်းထန်သောရက်စက်ကြမ်းကြုတ်မှု၊
သိပ်သည်းသော
သတ်ဖြတ်လိုစိတ်များဖြင့်
ပြည့်နှက်နေတော့သည်။
ဝိညဉ်များပေါ်လာသည်နှင့်
ပတ်ဝန်းကျင်ရှိ နတ်ဆိုးများ
အော်ဟစ်လိုက်ကြသည်။

ဤနတ်ဆိုးများနှင့် နှိုင်းယှဉ်လျှင်
ဝိညဉ်များက လုံလောက်မှုမရှိဟု

ထင်ရစေသည်။ အထူးသဖြင့်

အစွမ်းထက် နတ်ဆိုးသားရဲအချို့နှင့်

ရင်ဆိုင်ရသည့်အခါ

ဝိညာဉ်အုပ်စုတစ်ခုလုံး ချက်ချင်းပင်

ဖျက်ဆီးခံလိုက်ရသည်။

ကံကောင်းထောက်မစွာ

ဝိညာဉ်ပေါင်းသန်းချီ ပါလာသဖြင့်

ယန်ယွဲ့၏အဖွဲ့အတွက် လှုပ်ရှားရ

လွယ်ကူသွားသည်။ ထိုကဲ့သို့ပင အေ

သူတို့သည်

တောင်ဘက်သို့တည့်တည့်အတိုင်း

ခရီးဆက်လာကြသည်။ သို့သော်

နတ်ဆိုးများက ၎င်းတို့အား လွှတ်ပေးရန်

ရည်ရွယ်ချက်မရှိခဲ့ပေ။ သူတို့နောက်သို့

ဆက်လက်လိုက်ပါလာခဲ့ကြသည်။

(၂)နာရီကြာပြီးနောက် ပတ်ဝန်းကျင်တွင်

ဝိညာဉ်များ နည်းပါးလာသည်။

သို့သော်လည်း နတ်ဆိုးပင်လယ်က

အရေအတွက်အားဖြင့် လျော့မကျခဲ့ပေ။

တဖြည်းဖြည်းပင် များပြားလာသည်။

ယန်ယဲ့၏ အဖွဲ့ကတော့ သေးငယ်လာ၏။

လက်ရှိတွင် အယောက်(၅၀)လောက်သာ

ကျန်တော့သည်။ ပါရမိရှင်များအကြားမှ

ပါရမီရှင်များ

ပျက်စီးသေဆုံးသွားခဲ့ပါပြီး။

အဖွဲ့အရှေ့တွင် ကျန်နေသော

ယန်ယဲ့သည် သွေးအလံကို

တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားပြီး

မျက်နှာတစ်ခုလုံး မှုန်ကုပ်နေခဲ့သည်။

ဤအတိုင်းဆက်သွားနေလျှင်

တောင်ပိုင်းချီလင်တောင်တန်းကို

ရောက်သည်တိုင် သူ့အဖွဲ့တွင် မည်သူမျှ

ကျန်ခဲ့မည် မဟုတ်ပေ။

အန်နဲ့မန်က

“နင့်မှာအကြံဉာဏ်ရှိသေးလား…”

"အကြံဉာဏ်လား..."

ယန်ယဲ့၏ ပါးစပ်ထောင့်မှာ ခါးသီးသော အမူအရာများ ထွက်ပေါ်လာသည်။ သူသည်မည်သည့် စိတ်ကူးစိတ်သန်းနဲ့မျှ အဆုံးမရှိသော နတ်ဆိုးပင်လယ် ကို မည်သို့ ကိုင်ကွယ် ဖြေရှင်းရမည်နည်း။ အနန္တစားနယ်မြေနှင့် သွေးအလံကို အသုံးပြုထားသော်လည်း ဤအခြေအနေကို မဖြေရှင်းနိုင်ခဲ့ပေ။

သူ့တွင်

အခြားအကြံဉာဏ်မရှိသော်လည်း

မည်သည့်အခါမှ

အရှုံးပေးမည်မဟုတ်ပေ။

ယန်ယဲ့က “ငါတို့က

တောင်ပိုင်းချီလင်တောင်တန်းနှင့်

ဘယ်လောက်ဝေးသေးလဲ…”

အားမန်က “(၄)နာရီ ဝန်းကျင်လောက်
ဝေးသေးတယ်”

“၄ နာရီ”

ယန်ယဲ့က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး
“အခြားနည်းလမ်းမရှိဘူး ငါတို့က သူတို့နဲ့
ထိပ်တိုက်တိုးလို့ပဲရမယ်”

စကားပြောပြီးသည်နှင့်

ယန်ယွဲ့၏အနီးတဝိုက်တွင် မှိုန်ဖျော့ဖျော့

ရွှေရောင်အလင်းတန်းများ

ဝန်းရံလာသည်။

ဗုဒ္ဓရွှေခန္ဓာကိုယ်။

ဗုဒ္ဓရွှေခန္ဓာကိုယ်ကို အသက်သွင်းပြီး

ထိပ်တိုက်ရင်ဆိုင်ရုံမှတစ်ပါး

အခြားရွေးချယ်စရာမရှိပေ။

“ကိုယ့်ဘာသာ

ထွက်သွားတော့”အားမန်က ရုတ်တရက်

တိုးတိုးလေးပြောလိုက်သည်။

“နင့်ရဲ့ခွန်အားကို အခြေခံလိုက်ရင်

ဒီကနေ ထွက်သွားနိုင်ဖို့

အလားအလာအရမ်းများတယ်။

ဒါပေမဲ့ငါတို့နဲ့အတူရှိနေရင်ထွက်သွားနိုင်

မှာမဟုတ်ဘူး”

ယန်ယဲ့က အားမန်ကို

လှည့်ကြည့်လိုက်ပြီး “အစ်မကြီး

အဲ့ဒါကိုကြားရတာ

ငါသိပ်သဘောမကျဘူး။

ငါ့ဘာသာထွက်သွားချင်ရင်

ပြန်လာမှာတောင်မဟုတ်ဘူး။ ငါ့ဘဝမှာ

ငါ့ကို သစ္စာမဖောက်ဖူးတဲ့လူတွေကို

ဘယ်တော့မှသစ္စာမဖောက်ဘူး”

ထိုနောက် အခြားလူတိုင်းကို

စိုက်ကြည့်လိုက်ပြီး "ငါတို့ ဒီကနေ

ထွက်သွားနိုင်မလား၊ ဒါမှမဟုတ်

အတူတူသေရတာပေါ့"

စကားပြောပြီးသည်နှင့် နောက်လှည့်ကာ

ဓားကို ပိုင်းချလိုက်သည်။

"ဆူး..."

ဓားစွမ်းအင်တစ်စင်းလင်းလပ်လာသည်။

ရှေ့တွင်ပိတ်ထားသော

နတ်ဆိုးအများအပြားနှစ်ပိုင်း

ခွဲခံလိုက်ရသည်။

“ဝေါင်း…”

သူတို့ရှေ့ရှိ နတ်ဆိုးများက ဘေးဘက်ကို

ရွှေ့သွားသည်။ ထိုနောက်တွင်

နတ်ဆိုးအုပ်ထဲကနေ

အနီရောင်မီးတောက်များ

ဖုံးလွှမ်းနေသော

ခြသေ့်နတ်ဆိုးကြီးတစ်ကောင်

ဖြတ်လျှောက်လာခဲ့သည်။

မီးတောက်ခြသေ့်။

အားမန်က “ဒါက အထွတ်အထိပ်အဆင့်

တာအိုသခင်နဲ့ ယှဉ်နိုင်တယ်”ဟု

လေးနက်စွာပြောခဲ့သည်။

သူမက “အစောတုန်းက ငါက ဒီသတ္တဝါနှင့်တိုက်ခိုက်ခဲ့သေးတယ် ဒါပေမဲ့ ဒီသတ္တဝါနှင့် မယှဉ်နိုင်ခဲ့ဘူး”

“ဒီသတ္တဝါက အထွတ်အထိပ်အဆင့် တာအိုသခင်နှင့် ယှဉ်နိုင်တာလား…”

ယန်ယဲ့သည် သူ့ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး

လက်တစ်ဖက်ကိုဆန့်ထုတ်လိုက်သည်။
ဓားက ချက်ချင်းပင် သူ့လက်ဝါးထဲသို့
ပြန်တက်သွားကာ လျှင်မြန်စွာ
လည်ပတ်နေတော့သည်။
မီးတောက်ခြသေ့်က ယန်ယဲ့၏အဖွဲ့နှင့်
နီးကပ်လာခဲ့သည်။ အားလုံးက
၎င်းတို့အပေါ်သို့ ဖိအားလှိုင်းများ
ရိုက်ခတ်လာသည်ကိုခံစားလိုက်ရသည်။
ယန်ယဲ့သည် မျက်လုံးများကို

ဖြည်းညင်းစွာ မှိတ်လိုက်သည်။

သူ့လက်ဝါးပေါ်တွင်

လျင်မြန်စွာဟလည်ပတ်နေသောဓားက

ဖျတ်ခနဲ ပျောက်သွားပြီး

အလင်းတန်းတစ်ခုလင်းလက်သွားသည်။

မရဏဓားချက်။

ယန်ယွဲ့သည် ဤအဆင့်

နတ်ဆိုးတစ်ကောင်ကို လုံးဝ

ထိန်ချန်မထားဝံ့ပေ။ဟအကြောင်းမှာ

သူက ယခုအချိန်အထိ

ဆက်ထိန်းထားပါက

အခြေအနေဆိုးသွားမည်ကို သိနေလို့ပါ

သူသည် တိုက်ပွဲကို အမြန်ဆုံး

အဆုံးသတ်ရပေမည်။

မီးတောက်ခြသေ်္ကနေရာတွင်

တောင့်တင်းသွားသည်။ ထိုနောက်

၎င်း၏ခန္ဓာကိုယ်ပေါ်တွင်

မီးခိုးငွေ့အများအပြားထွက်ပေါ်လာကာ

သွေးများ

စမ်းရေအလားဖြန်းခနဲ့ပန်းထွက်လာခဲ့သ

ည်။ မီးတောင်ခြသေ်ာက

သွေးများမြေပြင်အနှံ့ စီးကျနေချိန်တွင်

အနောက်သို့ လျင်မြန်စွာ

ရွေ့လျားသွားသည်။ ၎င်းက ယန်ယဲ့၏

ဓားချက်မှ လွတ်မြောက်သွားခဲ့သည်။

သို့သော်လည်း

ဒဏ်ရာအပြင်းအထန်ရပြီး တိုက်ပွဲဝင်ခွန်အားများ မကျန်တော့ပေ။

ယန်ယဲ့က မီးတောက်ခြသေ်ကို လျစ်လျူရှုပြီး အခြားသူများကို ဦးဆောင်ပြီး တောင်ပိုင်းချီလင်တောင်တန်းဆီသို့ ဦးတည်လိုက်သည်။

"ဝေါင်း…"

နတ်ဆိုးပင်လယ်၏နောက်မှ

ပြင်းထန်သော

ဟိန်းဟောက်သံထွက်ပေါ်လာသည်။

ထိုခဏလေးမှာပဲ အားလုံး

ယန်ယွဲ့၏အဖွဲ့နောက်သို့

ပြေးလိုက်လာခဲ့သည်။ ယန်ယွဲ့သည်

ဟိန်းသံဆီသို့တစ်ချက်ကြည့်လိုက်သည်။

နတ်ဆိုးပင်လယ် တည့်တည့်တွင်

ရောမနတ်ဆိုးတစ်ကောင်က

သူတို့အဖွဲ့အား ကြည့်မေသည်။ ၎င်းက

လူ ခန္ဓာကိုယ်နှင့် နွားခေါင်းပါရှိသည့်

အလွန်ကြီးမသည့်

နွားနတ်ဆိုးကြီးတစ်ကောင်ပင်ဖြစ်သည်။

ဤအချိန်တွင် သူတို့အဖွဲ့ကို

စိုက်ကြည့်နေသည်။ ယန်ယဲ့က

နွားနတ်ဆိုးဟာဟနတ်ဆိုးအုပ်ရဲ့

ခေါင်းဆောင်ဖြင်နိုင်ကြောင်း

သိလိုက်သည်။ အကယ်၍ ထိုနတ်ဆိုးကို

သတ်နိုင်ရင် ပတ်ပတ်လည်ရှိ

နတ်ဆိုးပင်လည်က

သေချာပေါက်ပြိုလဲသွားပါလိမ့်မည်။

သို့သော် အကြံကောင်းဖြစ်သော်လည်း

လက်တွေ့ကတော့

ရက်စက်ကြမ်းကြုတ်လှသည်။

နတ်ဆိုးများက သန်မာသူများကို

လေးစားကြသည်။

ဤနေရာရှိ နတ်ဆိုးများကို

အမိန့်ပေးနိုင်သောကြောင့်

နွားနတ်ဆိုး၏ခွန်အားက

သိသာကာသည်။ ထိုပြင် ၎င်းကို

သတ်လိုပါက ထိပ်တိုက်ရင်ဆိုင်ရမည်။

သို့သော် လက်ရှိတွင်

အခြားပြဿနာတစ်ခုရှိနေသေးသည်။

ထွက်ပြေးခြင်း။

ယန်ယဲ့သည် ထိုလက်တွေ့မကျတော့

အတွေးကို စွန့်ပစ်လိုက်ပြီး မရပ်မနား

ဆက်ပြေးခဲ့သည်။ (၂)နာရီခန့်အကြာတွင်

လွန်ခဲ့တဲ့ (၂)နာရီက ရှိခဲ့သည့်

လူအရေအတွက် (၅၀)မှ

(၄၀)အောက်သာကျန်ခဲ့သည်။

လူ(၁၀)ယောက်သည် အဆုံးမရှိသော

နတ်ဆိုးပင်လယ်ထဲတွင် ကျဆုံးခဲ့သည်။

ယန်ယဲ့နှင့် အခြားလူတိုင်း၏အမူအရာက

ပို၍ပင် ဆိုးရွားလာခဲ့သည်။

ဤအချိန်တွင်

ယန်ယဲ့၏ခန္ဓာကိုယ်တောင် ဒဏ်ရာများ

ဖုံးလွှမ်းနေခဲ့သည်။ သူ့မျက်နှာက

ကြောက်စရာကောင်းလောက်အောင်

ဖြူဖျော့နေသည်။ အဆက်မပြတ်

တိုက်ခိုက်သဖြင့်

သူ၏ဗုဒ္ဓရွှေခန္ဓာကိုယ်ကိုပင်

ပင်ပန်းနွမ်းနယ်စေသည်။

အခြားလူတိုင်းလည်း လက်တွေ့တွင်

တစ်ယောက်တလေမှ

အကောင်းအတိုင်းမရှိပေ။

သို့သော် ဒီထဲမှာ ကောင်းကင်မျိုးနွယ်၏

အသန့်ကြိုက်သော ယုကျင်းက

သန့်စင်နေပြီး ထည်ဝါနေဆဲပါ။

သူ့ကိုယ်ပေါ်တွင်

သွေးတစ်စက်တောင်မရှိပေ။

အားမန်က ရုတ်တရက်ပြောလိုက်သည်။

"ကြည့် ငါတို့ရှေ့မှာ..."

ယန်ယဲ့သည်လည်း မော့ကြည့်လိုက်ရာ အဝေးရှိမျှော်စင်ကဲ့သို့ မြင့်မားသော တောင်တန်းနှစ်လုံးကိုမြင်လိုက်ရသည်။ တောင်တန်းများက တညီတညွတ်တည်း ဘေးကပ်နေကာ ၎င်းတို့အကြားတွင်

မီတာ (၃၀၀)ဝန်းကျင်သာရှိသော

လျှောက်လမ်းတစ်ခုရှိခဲ့သည်။

“တံခါးချပ် တစ်ခုလိုပင်”

ယန်ယဲ့က အားမန်၏

ဆိုလိုရင်းကိုသိလိုက်သည်။ ထိုနောက်

လူတိုင်း အရှိန်မြှင့်လိုက်ကြပြီး

ထိုလမ်းကြောင်းကို

ဖြတ်သွားလိုက်ကြသည်။ သို့သော်

ယန်ယဲ့နှင့် အားမန်က ဤအချိန်တွင်

ရပ်လိုက်သည်။ သူတို့ရပ်လိုက်သည်နှင့်

အခြားလူတိုင်းလည်း ရပ်သွားကာ

ယန်ယဲ့နှင့် အားမန်ကို

စိုက်ကြည့်လိုက်သည်။

ဤအချိန်တွင် အားမန်က ငြင်းမရသော

လေသံနှင့် ရုတ်တရက်

“ငါနောက်ကနေလိုက်လာခဲ့မယ်”

ယန်ယဲ့က ခေါင်းခါလိုက်ပြီး “ခွင့်ပြုပါ”

အားမန်က ယန်ယဲ့ဆီသို့ လျှောက်သွားပြီး “အချိန်မရှိဘူး။ သူတို့ကိုခေါ်သွားပါ အခုချက်ချင်း”

အားမန်က ယန်ယဲ့၏ဝတ်ရုံကို ဆွဲကာ “တုံ့ဆိုင်းနေရမဲ့အချိန်မဟုတ်ဘူး။ ငါနင့်ကို သွားခိုင်းနေတယ်။ ဒါဆို

သွားတော့ မဟုတ်ရင် အားလုံး

ဒီမှာပဲသေလိမ့်မယ်။ နားလည်လား…”

ဤအချိန်တွင် အားမန်နှင့် ယန်ယဲ့တို့

ပြောနေသည့် ဆိုလိုရင်းကို အားလုံး

နားလည်လိုက်ကြသည်။ နတ်ဆိုးများ

ဤနေတွင် ဝိုင်းအုံ၍မရပေ။ ထိုပြင်

နတ်ဆိုးများ၏အရွယ်အစားကို

အခြေခံ၍ နှစ်ယောက်သို့မဟုတ်

သုံးယောက်ခန့်သာ လမ်းကြောင်းထဲသို့

ဝင်ရောက်နိုင်ပေမည်။ ထိုအရာက

သူတို့အတွက် အခွင့်အရေးပင်။

ထွက်ပြေးဖို့ အခွင့်အရေးပင်။  သို့သော်

တစ်စုံတစ်ယောက်က နောက်ကျ

ကျန်နေခဲ့ပြီး သူတို့အတွက်

အချိန်ဆွဲပေးရပါမည် မဟုတ်ရင်

မည်သူမှ

လွတ်မြောက်နိုင်မည်မဟုတ်ပေ။

သို့သော် နောက်ချန်နေသူက

သန်မာရမည်။ သို့မှသာ ထိုလူက

နတ်ဆိုးများကို

အချိန်ဆွဲထားနိုင်ပါလိမ့်မည်။ ယန်ယွဲ့နှင့်

အားမန်သာလျှင် ထိုခွန်အားကို

ပိုင်ဆိုင်ထားသည်။

ယန်ယွဲ့က လေးနက်စွာပြောလိုက်သည်။

“အစ်မကြီး ငါပဲနေခဲ့မယ်။ မင်းငါ့ကို

ယုံလိုက် ငါလွတ်မြောက်နိုင်တယ်”

“ထွက်ပြေးမှာလား”

အားမန်က ဒေါသတကြီးနှင့်

“ဘယ်ကိုလဲ။ ကောင်းကင်ကြီးကို

အံတုနိုင်မှာလား…”

ဤအချိန်မှာ သူမက

စိတ်ကိုအတက်နိုင်ဆုံး

တည်ငြိမ်အောင်ထိန်းလိုက်ပြီး

“တောင်ပိုင်းချီလင်တောင်တန်းကို ခေါ်သွားလိုက်။ ထက်မြက်ပြီး ရဲရင့်တဲ့ခေါင်းဆောင်တွေလိုအပ်တယ်။ ဒီလိုမှမဟုတ်ရင် သူတို့အတွင် ဖရိုဖရဲဖြစ်တဲ့နေရာမှာ အသက်ရှင်ဖို့ ခက်လိမ့်မယ်။ ငါနင့်ကို တောင်းဆိုနေတာ အဆင်ပြေလား...”

အားလုံးတိတ်ဆိတ်သွားကြသည်။ ဤအတောအတွင်း နတ်ဆိုးသားရဲများက

နီးကပ်လာသည်။ အနည်းဆုံး (၁၀)မီတာခန့် အကွာသို့ ရောက်လာခဲ့သည်။

ယန်ယဲ့က ရုတ်တရက် ရယ်မောလိုက်ပြီးနောက် ချင်ချွန်နှင့် အခြားသူများကို စိုက်ကြည့်ပြီး “သူမက ငါတို့လွတ်မြောက်နိုင်အောင် သူ့ကိုယ်သူ စတေးဖို့ ရည်ရွယ်ထားတယ် ငါ့ကိုပြောပါ မင်းတို့ ဒီလိုဖြစ်စေချင်သလား…”

ချင်ချွမ်က ရယ်မောလိုက်သည်။ သူ့ညာဘက်ပခုံးကို ကြည့်လိုက်သော် ဘာမှမရှိပေ။ အစောပိုင်းကတည်းက သူ့လက်နှစ်ဖက်လုံး ဆုံးရှုံးသွားခဲ့သည်။

ချင်ချွမ်က "ညီအစ်ကိုတွေ ဆုံးရှုံးခဲ့လို့ ဒေါသွက်ပေမဲ့ ငါတို့ရှင်သန်ဖို့အတွက် အားမန်ရဲ့အသက်ကိုလဲလှယ်ရမယ်ဆိုရ

င် ငါဘယ်တော့မှ သက်သောင့်သက်သာ

အနားယူနိုင်မှာမဟုတ်ဘူး”

ဒီတော့ လင်းက “ငါလည်းပါတယ်”

အရှူးဆေဘယ

သူ၏ပခုံးပေါ်တင်လိုက်သည် “ဒါက

သေခြင်းပဲမဟုတ်လား…။ ငါတို့ဒီကိုလာဖို့

သတ္တိရှိမှတော့ သေရမှာ

ကြောက်ရမှာလား…”

ယုကျင်းက ဆက်ပြောလိုက်သည်။

"အစ်ကိုယန် မင်းငါ့ကို

ကတိတစ်ခုပေးလို့ရမလား..."

လူတိုင်းက သူ့ကို စိုက်ကြည့်နေသည်။

ဤအချိန်တွင် ယုကျင်းက

ခေါင်းတစ်ခြမ်းပဲ့ထွက်နေသည်။

ယုကျင်းက ပြုံးလိုက်ပြီး “ငါသေရင် အဝတ်သန့်သန့်တစ်ထည် ဝတ်ထားပေးပါလား…”

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၃၃၉

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

“အဝတ်သန့်တစ်ထည်ဝတ်ပေးပါ”

“ဟား…ဟား…ဟား…ဟား…”

ယုကျင်း၏စကားကို ကြားသောခါ

လူတိုင်းရယ်မောလိုက်ကြသည်။

ချင်ချွမ်က တဟားဟားရယ်လိုက်ပြီး

"အရူးကောင်၊ မင်းက သေတာတောင်

ဒီလောက် သန့်ရှင်းချင်တဲ့ လူမိုက်ပဲ"

ယန်ယဲ့လည်း ရယ်မောလိုက်သည်။

ဤအချိန်တွင် နတ်ဆိုးများ

ရောက်လာသည်။

"သတ်"

ယန်ယဲ့၏မျက်နှာက

ရက်စက်မှုများဖုံးလွှမ်းသွားကာ

နောက်လှည့်ပြီး ဓားကို

ခုတ်ချလိုက်သည်။ ဓားစွမ်းအင်တစ်ခု

ရှေ့သို့ ပစ်လွှတ်လိုက်သည်နှင့်

အဖွဲ့အရှေ့ဆံုးမှ နတ်ဆိုးများက

နှစ်ခြမ်းခွဲခံလိုက်ရသည်။

“သူတို့ကို သတ်ပစ်ကြ”

ယန်ယဲ့၏နောက်ကွယ်မှ
အခြားလူတိုင်းလည်း အရူးများကဲ့သို့
ရှေ့သို့ ခုန်ထွက်လာခဲ့သည်။

သွေးချောင်းစီးသော တိုက်ပွဲပင်။

မရေမတွက်နိုင်သောနတ်ဆိုးများက
တိုက်ခိုက်နေသော်လည်း
လူတိုင်း၏အသေအကြေတိုက်ခိုက်မှုများ
ကြောင့် လမ်းကြောင်းထဲသို့

ခုန်ဝင်လာသော နတ်ဆိုးများအားလုံး

အသတ်ခံလိုက်ရသည်။

သိပ်မကြာလိုက်ပေ။

နတ်ဆိုးအလောင်းများအထပ်ထပ်ပုံလာ

ခဲ့သည်။ သို့သော်လည်း

နတ်ဆိုးသားရဲများက

မကြောက်မရွံ့ရှေ့တက်လာနေတုန်းပါ။

ခပ်လှမ်းလှမ်းတွင်

ခပ်သေးသေးမိန်းမငယ်လေးတစ်ယော

က်က လက်နှစ်ဖက် နောက်ပစ်ထားလျက် မတ်တတ်ရပ်နေသည်။ သူ့ဘေးနားတွင် ဧရာမ သားရဲကြီးတစ်ကောင်ရှိနေသည်။

ဤမိန်းမငယ်လေး၏ခြေထောက်က သားရဲကြီး၏ခေါင်းပေါ်တွင် ငြိမ်သက်စွာ တင်ထားသည်။ သူ့ဘေးနားတွင် အဖြူရောင်ဝတ်ရုံအဘိုးကြီးတစ်ယောက် ရှိနေသေးသည်။ အမျိုးသမီးငယ်က ရှေ့သို့ မျှော်ကြည့်နေသည်။

ယန်ယဲ့၏အဖွဲ့တိုက်ခိုက်နေသော
ဦးတည်ရာကိုပါ။

အခြားသူမဟုတ်ပေ သူမက
ကျိအာပင်ဖြစ်သည်။ သို့သော်
ယခင်ကဲ့သို့ တူညီသော
ကျိအာမဟုတ်တော့ပေ။
သူမ၏အသွင်အပြင်နှင့် ပုံစံက
သိသိသာသာပြောင်းလဲသွားကာ

ရင့်ကျက်လာပုံရသည်။ ကျိဒ်အာက
ရင့်ကျက်အေးစက်နေပါပြီ။

သူမက ရုတ်တရက် မေးလိုက်သည်
"ဦးလေးဂွမ် နင်သူကို ဘယ်လိုထင်လဲ..."

အဘိုးကြီးက
ခဏမျှလေးလေးနက်နက်စဉ်းစားပြီး
"မင်းသမီးက ဘယ်အပိုင်းလဲ..."ဟု
ပြန်ပေးလိုက်သည်။

ကျိအာက “အားလုံးပဲ”

အဘိုးကြီးက “သူ့အသက်အရွယ်မှာ

ဒီလိုခွန်အားတွေရှိလို့ ငါတို့

နတ်မျိုးနွယ်ရဲ့ ဉာဏ်ကြီးရှင်တချို့နဲ့

တန်းတူရှိနိုင်တယ်။

အဖိုးတန်ဆုံးအပိုင်းက

ဘယ်လောက်တောင်

သစ္စာရှိလိုက်သလဲ…။

သူ့ရဲ့အကျင့်စရိုက်နဲ့ စိတ်နေစိတ်ထားက

ကောင်းပါတယ်။ မင်းသမီး၊ မင်းသူ့ကို

ကူညီပြီး ငါတို့ကြားမှာ မိတ်ဆွေဖွဲ့ဖို့

အကြံပေးချင်တယ်”

ကျိအာက အဘိုးကြီးကို

တစ်ချက်ကြည့်လိုက်သည် “ဦးလေးဂွမ်၊

ဒါက နင့်အထင်ပဲ”

အဘိုးကြီးက “အရင်တုန်းကဆိုရင် ဒီလိုအကြံပေးမှာမဟုတ်ဘူး။ အခုဆိုရင် သူက လူသားတစ်ဦးဖြစ်နေရင်တောင် သူ့လုပ်ပုံလုပ်နည်းကို အခြေခံပြီးတော့ သူက ကျေးဇူးကန်းတဲ့သူမဟုတ်ဘူး။ ဒါဆိုမင်းသမီးက သူ့ကို ကူညီပေးနိုင်တယ်”

ကျိအာက အဝေးကို မျှော်ကြည့်နေသည်။ ယန်ယဲ့နှင့် အခြားသူတိုင်း

ကြာကြာမထိန်းနိုင်ပုံရသည်။
ယန်ယဲ့၏ခန္ဓာကိုယ်မှာပင် ဒဏ်ရာများ
ဖုံးလွှမ်းသွားသည်။

ခဏမျှတိတ်ဆိတ်သွားပြီးနောက်
ကျိအာက တော်ဝင်နတ်မိကျောင်းကို
ငုံ့ကြည့်လိုက်သည်။ နတ်မိကျောင်းက
ကျိအာ၏ ရည်ရွယ်ချက်ကို
နားလည်ပုံပါ။ ချက်ချင်းထလိုက်ပြီး

နတ်ဆိုးပင်လယ်ထဲသို့

ခုန်ဆင်းသွားသည်။

“ဝေါင်း…”

နတ်မိကျောင်းအော်သံထွက်ပေါ်လာပြီး

နောက် မရေမတွက်နိုင်သော နတ်ဆိုးများ

ထိတ်လန့်သွားကြသည်။

ခဏလေးအတွင်း

နတ်ဆိုးများအားလုံးရပ်ကာ

တော်ဝင်နတ်မိကျောင်းကို
လှည့်ကြည့်ကြသည်။

“ဘန်း…”

နတ်ဆိုးကြီးတစ်ကောင်က
တော်ဝင်နတ်မိကျောင်းရှေ့သို့
ဆင်းသက်လာသည်။ လူခန္ဓာကိုယ်နှင့်
နွားခေါင်းပါသည့်
နွားနတ်ဆိုးတစ်ကောင်ပင်ဖြစ်သည်။

အခဲနတ်ဆိုးများက

အကြည့်ချင်းဖလှယ်လိုက်သည်။

ဤအချိန်တွင် တော်ဝင်နတ်မိကျောင်း၏

ရောမအမြီးကြီးက ရှေ့သို့

ရမ်းချလိုက်သည်။

“ဘုန်း…”

နတ်မိကျောင်းရှေ့မှ

နတ်ဆိုးတစ်ကောင်ဟာ

ကီလိုမီတာ(၃၀)ကျော်အကွာအထိပင်
လွင့်ထွက်သွားခဲ့သည်။ ထိုပြင်
တစ်ကိုယ်လုံးကွဲအက်သွားခဲ့သည်။
နတ်ဆိုးများအားလုံး
အံ့အားသင့်သွားခဲ့ကြသည်။

ယန်ယဲ့၏အဖွဲ့လည်း အတူတူပင်။
အချိန်အတော်ကြာပြီးနောက်
ယန်ယဲ့သည် ကောင်းကင်ကို
လှမ်းကြည့်လိုက်သည် ထိုနောက်

ကောင်းကင်ထဲ၌ ရင်းနှီးသော

ပုံရိပ်ကလေးကို မြင်လိုက်ရသည်။

“ကျိအာ”

ကျိအာက ယန်ယဲ့ကိုကြည့်ကာ

စကားတစ်ခွန်းမှမပြောဘဲ

ပျောက်သွားခဲ့သည်။ ဤအတောအတွင်း

တော်ဝင်နတ်မိကျောင်းက နောက်ကနေ

ဖြည်းညှင်းစွာ လိုက်ပါသွားခဲ့သည်။

ဤအချိန်တွင်

နတ်ဆိုးများအားလုံးတိတ်ဆိတ်သွားကြ

သည်။

အကြည့်ချင်းဖလှယ်ကြသော်လည်း

မည်သူမှမတိုက်ခိုက်ရဲကြပေ။

အားမန်က ယန်ယွဲ့ဘေးနားတွင်

ပေါ်လာပြီး "ထွက်သွားရအောင်"

ယန်ယဲ့သည် သူ့အတွေးများကို ထိန်းကာ

အဝေးသို့ ထွက်ခွာသွားခဲ့သည်။

ယန်ယဲ့နှင့်အခြားလူတိုင်း

တောင်တန်းများအထဲ၌

တင်ပျဉ်ခွေထိုင်နေခဲ့ကြသည်။

ဤအချိန်တွင် အဖွဲ့ဝင် (၃၀)အောက်သာ

ကျန်တော့သည်။

ကောင်းကင်ဆိတ်သုဉ်းခြင်းမြို့မှ

ထွက်ခွာလာပြီးနောက် အဖွဲ့ဝင်

တစ်ဝက်ခန့်ဆုံးရှုံးခဲ့ရသည်။

ကျန်တစ်ဝက်မှာလည်း

ဒဏ်ရာအပြင်းအထန်ရနေခဲ့သည်။

ယန်ယွဲ့က သူ၏ညာလက်ကို

ဝှေ့ယမ်းလိုက်ရာ

အင်မော်တယ်သလင်းကျောက်အားလုံး

ရှေ့တွင်ပေါ်လာသည်။

လူတိုင်းမေးချင်နေသော်လည်း

မငြင်းတော့ဘဲ

အင်မော်တယ်သလင်းကျောက်များကို

သာ ယူလိုက်ကြသည်။

ယန်ယဲ့သည် တင်ပျဉ်ခွေထိုင်ကာ

သူ၏ဒဏ်ရာများကို ကုစားလိုက်သည်။

တစ်ရက်အကြာတွင် အားမန်က

ရုတ်တရက် ထရပ်လိုက်ကာ

သူ့ဘေးနားရှိ လူတစ်ဦးကို

စိုက်ကြည့်ရင်း "ပြီးပြီလား..."

ထိုလူက ခေါင်းညိတ်လိုက်သည် “ငါတို့ ညီအစ်ကို (၃၂)ယောက်သေသွားပြီး”

“(၃၂)ယောက်”

အားလုံး၏မျက်နှာပေါ်တွင် အံ့မှိုင်းနေသော အမူအရာများရှိနေကြသည်။

အားမန်က မျက်လုံးများကို ဖြည်းညင်းစွာ မှိတ်လိုက်ပြီး အချိန်အတော်ကြာမှ ပြန်ဖွင့်ကာ “ငါတို့က ကိုယ့်ကိုယ်ကို သန့်မာလာဖို့ လောကသုံးပါးကနေ ဒီနေရာကို ဝင်လာခဲ့ကြတယ်။ အားလုံးလည်း ဒါကို သေချာပေါက်သိထားမှာပါ။ ဒီနေရာမှာ တစ်စုံတစ်ခုဖြစ်ပျက်သွားပုံရတယ်။ အဲ့ဒီအရာက ပရမ်းပတာ

ဖြစ်သွားစေတယ်။ ဒီနေရာမှာ ကိုယ့်ကိုယ်ကို လှေကျင့်ဖို့မသင့်တော်ဘူး။ ဒါဆို နင်တို့အားလုံး ပြန်သွားကြတော့”

“ပြန်သွားမှာလား…”

ချင်ချွမ်က ခါးသက်သက် ရယ်မောရင်း“အစ်မကြီး၊ အခုနေ

ပြန်သွားဖို့ဆိုတာ မဖြစ်နိုင်ဘူးဆိုတာ
နင်လည်းသိပါတယ်”

ယန်ယဲ့က “မင်းဘာကိုဆိုလိုတာလဲ…”

ချင်ချွမ်က ခါးသီးသောလေသံဖြင့်
“ပေါ်တယ်စနစ်ကို
ငါးနှစ်တစ်ကြိမ်မှဖွင့်တယ်။ ဒါအပြင်
အပြင်လောကမှာရှိတဲ့အကြီးအကဲတွေက
ဒါကို ငါနှစ်တစ်ကြိမ်ဖွင့်ဖို့တောင်

အတင်းပြောထားလို့။

ပေါ်တယ်စနစ်တွေထပ်မဖွင့်ခင်

(၆)လလောက်ကျန်သေးတယ်။ ဒါပေမဲ့

ငါတို့မှာ သူတို့ရဲ့အကူအညီမရှိလို့

ကိုယ်ကိုယ့်ကိုအားကိုးရင်

ဒီနေရာကနေထွက်ဖို့ အခွင့်အရေးမရခင်

နောက်ထပ်(၁၀)နှစ်လောက်ကျင့်ကြံရလိမ့်မယ်”

“ငါးနှစ်တစ်ကြိမ်”

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ
"မင်းတို့ထဲက တစ်ယောက်က
အပြင်ကမ္ဘာကို
ဆက်သွယ်လို့မရဘူးလား..."

ချင်ချွမ်က ခေါင်းခါလိုက်ကာ "သူတို့ကပဲ
ငါတို့ကို ဆက်သွယ်လို့ရတယ်။ ငါတို့က
သူတို့ကို ဆက်သွယ်လို့မရဘူး"

လင်းက ရုတ်တရက် ပြောခဲ့သည်။

“သူတို့က

ငါတို့ကိုဆက်သွယ်ချင်ရင်တောင်အဆင်

မပြေတော့ဘူး”

အားလုံးက လင်းကို

စိုက်ကြည့်နေကြသည်။

လင်းကဖြည်းညင်းစွာလွင့်မျောလာပြီး

ကောင်းကင်ကိုမော့ကြည့်ကာ “ဒီနေရာကို

လျှို့ဝှက်ဆန်းကြယ်တဲ့အစီအရင်နဲ့ဖုံးအုပ်ထားတယ်။ အခု ဘယ်သူမှ ဒီနေရာကနေ ထွက်သွားတာ ဒါမှမဟုတ် ဝင်လာတာ လုပ်လို့မရတော့ဘူး”

“မင်းဘာကိုဆိုလိုတာလဲ...”

ချင်ချွမ်က လင်းထံသို့လျှောက်သွားကာ “တစ်စုံတစ်ယောက်က ချိတ်ပိတ်လိုက်ပြီးလား...”

လင်း က ခဏမျှငြိမ်သက်သွားပြီး
လေးနက်စွာပြောခဲ့သည်
“တစ်စုံတစ်ယောက်က
အစီအရင်တစ်ခုကို သုံးပြီးတော့
သေဆုံးခြင်းကမ္ဘာကို
ချိတ်ပိတ်လိုက်တယ်”

“သေဆုံးခြင်းကမ္ဘာကလူတွေက
ဘာလို့ဒီလိုမျိုးလုပ်ရမှာလဲ…”

ယန်ယွဲ့သည် ကောင်းကင်ကို

မော့ကြည့်လိုက်သည်။

ဘာမှမမြင်ရသော်လည်း

ကောင်းကောင်းအာရုံခံနိုင်၏။

သေဆုံးခြင်းကမ္ဘာကို

စည်းတံဆိပ်တစ်ခုဖြင့်

ချိတ်ပိတ်ထားခဲ့သည်။

“ငါတို့ ပြီးသွားပြီ...”

ချင်ချွမ်၏ မျက်နှာက

စိတ်ပျက်လက်ပျက်ဖုံးလွှမ်းနေသည်

“ငါအိမ်ထောင်မပြုရသေးဘူး”

လူတိုင်း ခေါင်းခါပြီး

တဟားဟားရယ်မောလိုက်ကြသည်။

တစ်စုံတစ်ယောက်က ရုတ်တရက်

မေးလိုက်သည်

“ငါတို့အခုဘာလုပ်ကြမလဲ…”

အားလုံးက အားမန်နှင့် ယန်ယဲ့ကို

စိုက်ကြည့်နေသည်။

အားမန်က ခဏမျှတုံ့ဆိုင်းသွားပြီး

“ငါတို့က

တောင်ပိုင်းချီလင်တောင်တန်းကို

သွားသင့်တယ်။ အပြင်ကမ္ဘာက
အင်အားစုတွေပိုရှိတယ်။ ဒါအပြင်
ငါ့အရင်တုန်းက
ရထားတဲ့အချက်အလက်တွေအရ
အဲ့ဒီနေရာမှာရှိတဲ့ အင်အားစုတွေနဲ့
ထိပ်တန်းကျင့်ကြံသူတွေတောင်
ရှိသေးတယ်။ သူတို့ဆီသွားသင့်တယ်လို့
ထင်တာပဲ။ အတူတူပူးပေါင်းရင်
ဇလလောက်အထိ ငါတို့

တောင့်ခံထားနိုင်မှာပါ။ အပြင်လူတွေက
ငါတို့ကို ဆက်သွယ်လို့မရဘူးဆိုတာ
သိလိုက်တာနဲ့ နည်းလမ်းရှာပြီး
လာရှာလိမ့်မယ်”

“တောင်ပိုင်းချီလင်တောင်တန်း”

အားလုံးက ယန်ယဲ့ကို
စိုက်ကြည့်နေကြသည်။
လက်ရှိသူတို့အဖွဲ့တွင် ယန်ယဲ့က

အဆင့်အတန်းတစ်ခု ရှိနေပါပြီး။ ၎င်းက ယန်ယွဲ့၏ခွန်အားမဟုတ်ပေ အစောပိုင်းက ယန်ယွဲ့၏ လုပ်ရပ်ကြောင့်ပင်။ ရှင်းရှင်းပြောရလျှင် ယန်ယွဲ့သည် သူတို့အထဲတွင် အသန်မာဆုံးဖြစ်သည်။ ယန်ယွဲ့သာကိုယ်လွတ်ရုံးထွက်ပြေးသွားမည်ဆိုလျှင် သေချာပေါက် လွတ်မြောက်နိုင်ပါသည်။ နောက်ဆုံးတွင်

နတ်ဆိုးများက ထွက်ပြေးဖို့

အာရုံစိုက်နေသော

ဓားသမားတစ်ယောက်ကို

ရပ်တန့်ဖို့မဖြစ်နိုင်ပေ။

သို့သော် ယန်ယဲ့က ထွက်မပြေးဘဲ

သူတို့နောက်တွင် ကာကွယ်ထားခဲ့သည်။

မှန်ပါသည်။ ယန်ယဲ့၏ ခွန်အားက

အရေးအကြီးဆုံးပင်။

ယန်ယဲ့က ခဏငြိမ်သွားပြီး “ဒါဆို တောင်ပိုင်းချီလင်တောင်တန်းကို သွားရအောင်”

မည်သူမှ ကန့်ကွက်တာမျိုးမရှိကြပေ။ လူတိုင်း ချက်ချင်းထွက်သွားကြသည်။ အကန့်အသတ်မဲ့ တောင်တန်းကို ဖြတ်လျှောက်လာရင်း အာရုံစဂစိုက်မှုမခံရစေရန်အတွက် လူတိုင်းက ခြေလျင်ခရီးဆက်ဖို့သာ

ရွေးချယ်လိုက်ကြသည်။ နောက်ဆုံးတွင် လေထဲတွင် ပျံသန်းခြင်းက သိသာထင်ရှားသော ပစ်မှတ်ပင်။

အားမန် က ယန်ယဲ့အနားတွင် ပေါ်လာပြီး တိုးတိုးလေးပြောလိုက်သည်။ “ခုနက ငါတို့ကိုကူညီခဲ့တဲ့လူက ဘယ်သူလဲ...”

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး “ခွင့်လွှတ်ပါ”

နတ်မျိုးနွယ်၏ပြန်လာခြင်းက

အံ့အားသင့်စရာပင်ဖြစ်သည်။ အကယ်၍

နတ်မျိုးနွယ် ထွက်ပေါ်လာတော့မည်ကို

ဖော်ထုတ်မိလိုက်ပါက ကျိအာအတွက်

အလွန်ဆိုးရွားသွားပေမည်။

အားမန်က

အနည်းငယ်ခေါင်းညိတ်လိုက်သည်။

ငြိမ်သွားသည်။ တကယ်တော့ သူမတွင်

ကျယ်ပြန့်သောအသိဉာဏ်များရှိသော
ကြောင့် အချို့အရာများကို
မှန်းစနိုင်ခဲ့သည်။ သို့သော်
သချောအတပ်အပ်မပြောရဲပေ။

အဓိကကတော့ ယန်ယဲ့၏
အဆင့်အတန်းပါ။ ယန်ယဲ့က
သူမတွေးထားသော
ထိုမျိုးနွယ်မှဖြစ်ခဲ့မည်ဆိုလျှင်တော့
လုံးဝကို ပြဿနာကြီးတက်ပါပြီး။

လူတိုင်းအရှိန်ပြင်းပြင်းနှင့်ဆက်လျှောက်

လာသည်။

လမ်းတစ်လျှောက်လုံးဘာပြဿနာမှမ

ကြုံရပေ။ သို့သော်

လျှို့ဝှက်ဆန်းကြယ်ပြီး

အစွမ်းထက်သော အော်ရာများကို

ကြုံတွေ့ခဲ့ရသည်။

ကံကောင်းထောက်မစွာ

ထိုအော်ရာပိုင်ရှင်များက

ပြဿနာရှာရန်မရောက်လာကြပေ။
ထိုသို့မဟုတ်လျှင် လူတိုင်း
ဆိုးရွားသောအခြေအနေနှင့်
ရင်ဆိုင်ရပေဦးမည်။

တစ်ရက်ခန့်အကြာတွင် ယန်ယဲ့
ဦးဆောင်သောအဖွဲ့က
တောင်ပိုင်းချီလင်တောင်တန်းသို့ရောက်
ရှိလာခဲ့သည်။ ဤအချိန်တွင်
တောင်တန်းတစ်ဝိုက်က

အလင်းအလွှာကြီးတစ်ခုရှိနေသည်။
တောင်ပေါ်တွင် ဓား (၁၀၀)ခန့်
လွင့်မျောနေကြသည်။ ထိုပြင်
တောင်ခြေရင်း၌ နတ်ဆိုးများ
ထူးထပ်စွာရှိနေကာ ၎င်းတို့အကြားတွင်
လူသေအလောင်းများလည်း ရှိနေ၏။

“ကြည့်ရတာ
တောင်ပိုင်းချီလင်တောင်တန်းလည်း
တိုက်ခိုက်ခံရပုံပဲ”

အားမန်က “ဒါပေမဲ့ သူတို့ကိုယ်သူတို့ ကာကွယ်နိုင်သေးတယ်ထင်တယ်”

ယန်ယဲ့က မော့ကြည့်လိုက်သည်။ သူ့အကြည့်များက စားပျံများအပေါ်ကျဆင်းသွားသည်။ ထူးခြားလှသော စားအစီအရင်ပုံစံပါ။

အားမန်က “သွားကြစို့” ပြောပြီးနောက်
လူတိုင်းကို တောင်ထိပ်ဆီသို့
ခေါ်သွားခဲ့သည်။

သို့သော် ခဏအကြာတွင်
တောင်တစ်ဝိုက်မှ ပြန်လွင့်မျောနေသော
ဓားများက သူတို့ဆီကို ပစ်ချလိုက်သည်။
ဤမြင်ကွင်းကြောင့်
လူတိုင်း၏အမူအရာများက
မှုန်ကုပ်သွားသည်။ ဤအချိန်တွင်

သက်လတ်ပိုင်းအမျိုးသားတစ်ဦးနှင့်

လူတစ်စုက

သူတို့အရှေ့တွင်ပေါ်လာသည်။

အားမန်က “နင်…”

သက်လတ်ပိုင်းအမျိုးသားက

ကြမ်းတမ်းသောဝံပုလွေဖြစ်သည်။

ကြမ်းတမ်းသောဝံပုလွေက

လူတိုင်းကိုကြည့်ပြီး

ပြင်းပြင်းထန်ထန်ရယ်မောလိုက်သည်။

“မင်းတို့အားလုံး ဒီလောကနတ်ဆိုးတွေရဲ့

တိုက်ခိုက်မှုကနေ လွတ်မြောက်ဖို့

ငါမမျှော်လင့်ထားဘူး။ ဒါပေမဲ့

တော်တော်များများ

သေသွားတာထင်တယ်”

အားမန်က “သောက်ရူးကောင်”

“သောက်ရူးကောင်လား…”

ကြမ်းတမ်းသောဝံပုလွေက

တဟားဟားရယ်ပြီး “အားမန်၊

ဒီနတ်ဆိုးတွေက ဘာလို့

ကောင်းကင်ဆိတ်သုဉ်းခြင်းမြို့ကို

တိုက်ခိုက်ခဲ့သလဲ သိလား…”

အားမန်က မျက်မှောင်ကြုတ်သွားသည်။

ကြမ်းတမ်းသောဝံပုလွေက

သူ့ကိုယ်သူလက်ညှိုးထိုးပြပြီး

“နတ်ဆိုးဝံပုလွေကို

ငါပြောလိုက်တဲ့အတွက်

အဲ့ဒီနတ်ဆိုးသားရဲတွေကို သွားဖို့

အမိန့်ပေးလိုက်တာပဲ။ ကံမကောင်းစွာဘဲ

သူတို့က မအောင်မြင်ဘူးလို့ တစ်ခါမှ

မမျှော်လင့်ထားဘူး”

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၃၄၀

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ဤအချိန်တွင်

ကြမ်းတမ်းသောဝံပုလွေက

ခြေလှမ်းအနည်းငယ်ခန့်

နောက်ပြန်ဆုတ်သွားသည်။ အားမန်နှင့်

အခြားလူတိုင်း၏မျက်လုံးများက

သွေးရောင်ပြောင်းနေလို့ပါ။

သူတို့ညီအစ်ကိုမောင်နှမ

အယောက်(၃၀)ကျော် သေဆုံးမှုက

သူတို့ရှေ့ရှိ

ကြမ်းတမ်းသောဝံပုလွေကြောင့်ပင်။

"မင်းတို့ငါ့ကို သတ်ချင်နေတာလား..."

ကြမ်းတမ်းသောဝံပုလွေက တဟားဟားရယ်လိုက်သည်။ “ဘာလို့ မကြိုးစားကြည့်တာလဲ...”

အားမန်က ကြမ်းတမ်းသောဝံပုလွေကို စိုက်ကြည့်လိုက်သော်လည်း မတိုက်ခိုက်ခဲ့ပေ။ သူတို့၏ ရည်ရွယ်ချက်က တောင်ပိုင်းချီလင်တောင်တန်း၏အကာအကွယ်ကို ရှာဖို့ပင်ဖြစ်သည်။

သတ်ဖြတ်ခြင်းက ဤနေရာတွင်
ပြဿနာဖြစ်သွားစေနိုင်သည်။

“ဘော မရှိဘူးလား...”

ကြမ်းတမ်းသောဝံပုလွေ၏
ပါးစပ်ထောင့်တွင်
လှောင်ပြောင်သရော်သော
အမူအရာတစ်ခုပေါ်လာသည်။ “မှန်တယ်
မင်းတို့မှာ ဘောတစ်လုံးမှ မရှိဘူး”

“ဟား…ဟား…ဟား…ဟား…”

ဤအချိန်တွင် ယန်ယဲ့က
သူ၏ညာလက်ကို မြှောက်ကာ
နဖူးအလယ်ကို ရုတ်တရက် ဖိလိုက်ပြီး
ဓားကို ဖြည်းညင်းစွာ
ဆွဲထုတ်လိုက်သည်။ လူတိုင်းက
ယန်ယဲ့ကို စိုက်ကြည့်နေကြသည်။

သိပ်မကြာလိုက်ပေ

ယန်ယဲ့၏လက်ထဲတွင် အနက်ရောင်

ဓားတစ်ချောင်းပေါ်လာသည်။

တရားစီရင်ခြင်း။

ကြမ်းတမ်းသောဝံပုလွေက

ပါးစပ်ထောင့်တွင်

လှောင်ပြောင်ရိပ်အပြည့်ဖြင့် ယန်ယဲ့ကို

စိုက်ကြည့်နေသည်။ ဤအချိန်တွင်

အားမန်က ယန်ယဲ့ဘက်သို့
လျှောက်လာပြီး သူ၏လက်ကို
လှမ်းဆွဲလိုက်သည်။

သူမက ခေါင်းကို အနည်းငယ်
ခါယမ်းလိုက်ပြီး “သူငါတို့ကို ဒီမှာ
တိုက်ခိုက်အောင် တမင်
ဒေါသကိုဆွနေတာ”

ယန်ယဲ့က ခေါင်းညိတ်သည် “ငါသိတယ်”

ဤအချိန်တွင် သူက
ကြမ်းတမ်းသောဝံပုလွေကို
စိုက်ကြည့်နေသည်။
“မင်းဘာဖြစ်ချင်တာလဲ ငါသိတယ်”

ကြမ်းတမ်းသောဝံပုလွေက
အေးစက်စက်ရယ်မောလိုက်သည်
“ပြီးတော့...”

ယန်ယဲ့က တစ်ချက်ရယ်လိုက်သည်။

သူ့အပြုံးက တဖြည်းဖြည်း

အေးစက်လာခဲ့သည်။

“ဒါဆို မင်းဆန္ဒအတိုင်း

ငါဖြည့်ဆည်းပေးမယ်”

အလင်းတန်းတစ်ခု ဖျတ်ခနဲ

လင်းလပ်သွားသည်။

မရဏာစားချက်။

ထိုအချိန်တွင် ပတ်ဝန်းကျင်သည်
တိတ်ဆိတ်သွားသည်။
ကြမ်းတမ်းသောဝံပုလွေ၏မျက်လုံးများ
ပြူးကျယ်သွားကာ မယုံနိုင်ခြင်းများဖြင့်
ပြည့်နှက်နေသည်။ သူ၏နဖူးအလယ်၌
အက်ကွဲရာတစ်ခု
တဖြည်းဖြည်းပေါ်လာသည်။

အချိန်အနည်းငယ်အကြာတွင်

အက်ရာက သူ၏ဝမ်းဗိုက်အထိ

ကျယ်လာသည်။

ကြမ်းတမ်းသောဝံပုလွေ၏ ခန္ဓာကိုယ်မှ

သွေးများ ပန်းထွက်လာသည်။

ဤမြင်ကွင်းကြောင့် ချင်ချွမ်နှင့်

အခြားလူတိုင်း

အံ့အားသင့်သွားကြသည်။

ယန်ယဲ့က သန်မာမှန်းသိထားသော်လည်း

ထိုမျှအဆင့်အထိ ရောက်နေမည်ဟု

မမျှော်လင့်ထားခဲ့ပေ။

ကြမ်းတမ်းသောဝံပုလွေက

အမြင်တာအိုသခင်ဖြစ်သည်။

သို့သော်လည်း တစ်ချက်တည်းနှင့်

အသက်ခံလိုက်ရ၏။

“မင်းဘယ်လို လုပ်ဝံ့သလဲ…”

ဤအချိန်တွင် ကောင်းကင်ယံအထက်မှ

ဒေါ်သတကြီးအော်သံ

ပဲ့တင်ထပ်လာသည်။ ထိုနောက်

ပတ်ဝန်းကျင်ရှိ ဓားပျံများက

ယန်ယဲ့၏အဖွဲ့ဆီသို့

ချက်ချင်းပျံသန်းလာတော့သည်။

ယန်ယဲ့က ဂရုမစိုက်ဘဲ သူ့လက်ကို

ဝှေ့ယမ်းလိုက်သည်။ ထိုအခါ

ဓားပျံများက ချက်ချင်း
ရပ်တန့်သွားခဲ့သည်။

ဤအခိုက်အတန့်တွင် သူတို့ရှေ့တွင်
ပိတ်ချောဝတ်ရုံအဘိုးကြီးတစ်ယောက်
ပေါ်လာသည်။

အဘိုးကြီးက ယန်ယွဲ့ကို
အေးစက်စက်စိုက်ကြည့်ပြီး“မင်းငါ့ကို
ရှင်းပြဖို့မရှိဘူးလား...”

“ရှင်းပြချက်”

ယန်ယဲ့က “ငါတို့က

တောင်ပိုင်းချီလင်တောင်တန်းနဲ့

လက်တွဲချင်တယ်”

အဘိုးကြီးက“အဲ့ဒါ

မင်းသူ့ကိုသတ်တဲ့အကြောင်းအရင်းလား

...”ဟုမေးသည်။

ယန်ယဲ့က “ငါ့အမြင်မှာ သူက
သေသင့်တယ်ထင်လို့ သတ်လိုက်တာ”

အဘိုးကြီးက ယန်ယဲ့ကို
စူးစူးရဲရဲကြည့်ကာ “သူက
တောင်ပိုင်းချီလင်တောင်တန်းကို
ရောက်နေပြီး ဒါအပြင် သူက ငါတို့ရဲ့
အဖွဲ့ဝင်ပဲ”

ယန်ယဲ့က “ဒါဆို ငါတို့လည်း ပူးပေါင်းလို့ရတယ်”

အဘိုးကြီးက ခဏမျှငြိမ်သက်သွားပြီး “ဘယ်သူမှ ငါတို့နဲ့ မပူးပေါင်းနိုင်တော့ဘူး”ဟု ပြောလိုက်သည်။

“ကြိုဆိုပါတယ်”

ဤအချိန်တွင် အဝေးမှ အသံတစ်သံထွက်ပေါ်လာသည်။ လူတိုင်း လှည့်ကြည့်လိုက်ရာ လူငယ်တစ်ယောက်လျှောက်လာသည်ကို တွေ့လိုက်ရသည်။ လူငယ်ကို တွေ့သောအခါ အဘိုးကြီး၏အမူအရာက အနည်းငယ်ပြောင်းလဲသွားသည်။

ဤအချိန်တွင် လူငယ်က ယန်ယွဲ့ဆီသို့ ချက်ချင်းသွားပြီး အပြုံးနှင့်

ပြောလိုက်သည်

“တောင်ပိုင်းချီလင်တောင်တန်းကိုယ်စား

ကြိုဆိုပါတယ်။ ကျေးဇူးပြုပြီး

ငါနဲ့လိုက်ခဲ့ပေးပါ”

လူငယ်က လက်ဟန်ပြပြီး

နောက်လိုက်လာဖို့ပြောသည်။ ယန်ယွဲ့နှင့်

အားမန်က

အကြည့်ချင်းဖလှယ်လိုက်သည်။

ဤအချိန်တွင် အဘိုးကြီးက ရုတ်တရက်လေးနက်စွာပြောလိုက်သည်။ “သခင်လေးယု သူတို့က ငါစုဆောင်းထားတဲ့လူတွေကို...”

“အို့...”

လူငယ်က တဟားဟားရယ်ပြီး ယန်ယွဲ့ကို စိုက်ကြည့်လိုက်သည်။

ယန်ယဲ့က အဘိုးအိုကို
လှည့်ကြည့်လိုက်ရာ။

"ညီငယ်၊
မြောက်ပိုင်းချီလင်တောင်တန်းက
မင်းနဲ့မင်းရဲ့ မိတ်ဆွေတွေကို
ကြိုဆိုတယ်။ စောစောက
ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေအတွက် ငါတို့က
အတိတ်မှာပဲမေ့ထားလိုက်ရအောင်"

ယန်ယဲ့က ခေါင်းခါပြပြီး

လူငယ်ကိုကြည့်ကာ “ငါတို့

မင်းနဲ့လိုက်ခဲ့မယ်”

လူငယ်လေး၏မျက်လုံးထဲမှ

အံ့အားသင့်သွားကာ ပြုံးလိုက်သည်။

“ကောင်းပြီ မင်းကို လုံးဝ ကြိုဆိုပါတယ်”

“ညီငယ်”

အဘိုးအိုက ရှုတ်တရက် အသံတိုးတိုးဖြင့်
“မင်းတစ်ခုခုကို စဉ်းစားသင့်တယ်”

ယန်ယဲ့က အဘိုးကြီးကို စိုက်ကြည့်ရင်း
“ငါ့အထင် သူက
ပိုကောင်းမယ်ထင်တယ်။ ဒါဆို ငါတို့
သူ့ဘက်မှာဝင်လိုက်မယ်”

“ဟုတ်တာပေါ့ ငါက... ဟား...ဟား...”

လူငယ်က ရယ်ရယ်မောမောဖြင့်
“ကောင်းပြီ ငါနဲ့လိုက်ခဲ့ကြ”

ထိုနောက်တွင်တော့ ယန်ယဲ့၏အဖွဲ့က
လူငယ်နောက်ကနေ
အမြန်လိုက်သွားကြသည်။ ဤအချိန်တွင်
အဘိုးကြီး၏မျက်နှာက
မည်းမှောင်နေသည်။

လမ်းတွင် လူငယ်က ပြုံးပြီး “ညီအစ်ကို မင်းနာမည်ဘယ်လိုခေါ်လဲ”

ယန်ယဲ့က “ယန်ယဲ့”

လူငယ်က ပြုံးပြီး "ကြိုဆိုပါတယ် ညီအစ်ကို၊ ငါ့နာမည်က မိုရီယူ၊ တောင်ပိုင်းချီလင်တောင်တန်းရဲ့ တောင်ပိုင်းအဖွဲ့ ”

ယန်ယဲ့က လူငယ်အား

အုံ့သြသောအကြည့်ဖြင့် စိုက်ကြည့်ကာ

“တောင်ပိုင်းအဖွဲ့နှင့်

မြောက်ပိုင်းအဖွဲ့လား...”

လူငယ်က ပြုံးပြီး “ဒီနေရာက

မမျှော်လင့်ထားတဲ့အဖြစ်အပျက်တွေ

မဖြစ်ခင်မှာ လူနှစ်ယောက်ပိုင်းတယ်

သူတို့ထဲကတစ်ယောက်က

မြောက်ပိုင်းအဖွဲ့ရဲ့ ဝမ်ချန်းယောင်

နောက်တစ်ယောက်ကတော့ ငါ့အဖေ

မိုတန်ချောင်။ သူတို့က

ဒီမှာအသန့်မာဆုံးပဲ။ တစ်ခုတော့ရှိတယ်

အတိတ်တုန်းက သူတို့နှစ်ယောက်က

အမြဲတမ်း ငြိမ်ငြိမ်ချမ်းချမ်းနဲ့

နေလာခဲ့ကြတာ”

မိုရီယုက

တဟားဟားရယ်ပြီးဆက်ပြောသည်။“ဒါ

ပေမဲ့ သေဆုံးခြင်းကမ္ဘာမှာ

ဒီလိုဖြစ်လာမယ်ဆို့

ဘယ်သူမှမမျှော်လင့်ထားကြဘူး။

ဒါကြောင့်

တောင်ပိုင်းချီလင်တောင်တန်းမှာတဲ့လူတို

င်းကို တပ်ဖွဲ့တွေအဖြစ် အတင်းအကျပ်

ဖွဲ့စည်းခဲ့တယ်။ ဒီနေရာမှာတစ်ခုရှိတာက

သူတို့ခေါင်းဆောင်က ဘယ်သူလဲ...။

ဘယ်သူမှ တခြားလူကို ခေါင်းဆောင်လို့

လက်ခံလိုစိတ်မရှိဘူး။ ဒါကြောင့်

မြောက်ပိုင်းအဖွဲ့နဲ့

တောင်ပိုင်းအဖွဲ့ဆိုပြီးခွဲထွက်သွားတယ်။”

“ဟုတ်လား...”

ယန်ယဲ့က အနည်းငယ်

ခေါင်းညိတ်လိုက်သည်။ သူကတစ်ခုခုကို

တွေးနေပုံရပြီး ခေါင်းယမ်းကာ

ပြုံးလိုက်သည်။ အကြောင်းမှာ

လက်ရှိအခြေအနေဖြစ်သော်လည်း

တောင်ပိုင်းချီလင်တောင်တန်း၏အဖွဲ့အ

စည်းများက

အချင်းချင်းပေါင်းစည်းနိုင်ခြင်းမရှိချေ။

ထိုအတိုင်းဆက်သွားပါက

အခြေအနေဟာ သေချာပေါက်

အန္တရာယ်များပါလိမ့်မည်။

“ငါတို့ ဒီကိုရောက်လာပြီ”

မိုရီယုက အဝေးကို ညွှန်ပြလိုက်သည်။

ထိုနေရာတွင်

ခြံဝန်းကျယ်တစ်ခုရှိနေသည်။

အရမ်းကြီး

ခမ်းနားထည်ဝါခြင်းတော့မရှိပေ။

မိုရီယုက “မင်းတို့

ဒီနေရာမှာနေလို့ရတယ်။ နည်းနည်း

ရိုးရှင်းတဲ့အတွက် စိတ်မရှိဘူးလို့တော့

ငါမျှော်လင့်ပါတယ်”

ယန့်ယဲ့က ခေါင်းညိတ်လိုက်ပြီး

“ကျေးဇူးတင်ပါတယ်”

“ကောင်းပြီ မင်းတို့အားလုံး

ဒီကိုရောက်လာဖို့ အကြာကြီး

တိုက်ခိုက်ခဲ့ရတယ်”

မိုရီယုကပြုံးပြီး “ဒါဆို မင်းတို့အရမ်း

ပင်ပန်းနေလောက်ပြီ။ ငါမင်းတို့ကို

ထပ်ပြီး မနှောက်ယှက်တော့ဘူး။

နှုတ်ဆက်ပါတယ်”

မိုရီယုက လက်သီးဆုပ်ပြီး

ထွက်သွားသည်။

အားမန်က “နင်ဘယ်လိုမြင်လဲ” ဟု

ရုတ်တရက် မေးခဲ့သည်။

ယန်ယဲ့က ခေါင်းကို အနည်းငယ်

ခါယမ်းလိုက်ပြီး "သူတို့အကြောင်း

ဘာမှမသိရသေးဘူး။ ဒါပေမဲ့ သူက

လူတွေနဲ့ဘယ်လိုဆက်ဆံရမလဲဆိုတာ

ကောင်းကောင်းသိတယ်။ ဘာပဲဖြစ်ဖြစ်

အဲ့ဒါတွေအားလုံးကို လျစ်လျူရှုပြီး

ဘာဆက်ဖြစ်မလဲဆိုတာ

စောင့်ကြည့်ရအောင် ဒီနေရာက

ငါတို့အတွက်မကောင်းရင်
ချက်ချင်းထွက်သွားနိုင်တယ်”

အားမန်က
အနည်းငယ်ခေါင်းညိတ်လိုက်ပြီး
“မှန်တယ်”

ဤအတောအတွင်း ယန်ယဲ့က
သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ
အင်မော်တယ်သလင်းကျောက်

နှစ်လုံးစီပေါ်လာပြီး “အရင်ဆုံး

ကုစားကြ”

လူတိုင်းမငြင်းဘဲ

အင်မော်တယ်သလင်းကျောက်များကို

သိမ်းပြီး ထွက်သွားကြသည်။

ဤအချိန်တွင် အားမန်က

“စကားပြောရအောင်”

ယန်ယဲ့က သူမကိုစိုက်ကြည့်ကာ ခေါင်းညိတ်ပြသည်။

ယန်ယဲ့၏အခန်းထဲတွင် အားမန်က ယန်ယဲ့ကို မျက်လုံးချင်း တည့်တည့်ကြည့်ကာ "နင်က နတ်မျိုးနွယ်ကလား..."

"နတ်မျိုးနွယ်"

ယန်ယဲ့က "မင်းဘာကိုဆိုလိုတာလဲ..."

အားမန်က ခေါင်းခါရင်း "နင်က အဲ့ဒီမျိုးနွယ်ကလား...။ မဟုတ်ဘူးလား..."

ယန်ယဲ့က "အစ်မကြီး မင်းဘာလို့ မေးတာလဲ..." ဟု ပြန်မေးလိုက်သည်။

အားမန်က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ကာ "ငါတို့ကို

ကယ်တင်ခဲ့တဲ့ ဒီနတ်မိကျောင်းက

အဲ့ဒါကို ရှေးဟောင်းမှတ်တမ်းထဲမှာ

မြင်ဖူးတယ်။ အဲ့ဒီဟာက နတ်မျိုးနွယ်ရဲ့

တော်ဝင်အစောင့် နတ်မိကျောင်းပဲ ဘာလို့

ဒီကိုရောက်နေတာလဲ မသိပေမဲ့။

နင့်ကြောင့်ပဲ ငါတို့ကို ကူညီခဲ့တယ်ဆိုတာ

ငါရိပ်မိတယ်"

ယန်ယဲ့က ပြုံးပြီး "မဟုတ်ဘူး။ ငါက နတ်မျိုးနွယ်ဝင်မဟုတ်ဘူး"

"တကယ်လား..."

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး "ငါတကယ်မဟုတ်ပါဘူး။ ဒါပေမဲ့ မင်းဘာလို့ဒီလောက် စိုးရိမ်နေရတာလဲ...။ ငါတကယ်နားမလည်ဘူး"

“ဘယ်လိုလုပ် စိတ်မပူဘဲနေမှာလဲ…”

အားမန်က “အပြင်လောကမှာရှိတဲ့ အပေါင်းအပါတွေက နတ်မျိုးနွယ်တွေ တည်ရှိနေတာကို ခွင့်မပြုနိုင်ဘူး။ သူတို့နဲ့ကြုံတွေ့တဲ့ နတ်မျိုးနွယ်ထဲက ဘယ်အဖွဲ့ဝင်မဆို အသတ်ခံရလိမ့်မယ်”

ယန်ယဲ့က ငြိမ်သွားသည်။

ဤအတောအတွင်း အားမန်က

“ကောင်းပြီ နတ်မျိုးနွယ်နဲ့

နင့်ရဲ့ဆက်ဆံရေးအကြောင်း

ဘယ်သူကိုမှ ထုတ်မပြောမိစေနဲ့

မဟုတ်ရင် နင်က အကြီးအကျယ်

ဒုက္ခရောက်လိမ့်မယ်”

ယန်ယဲ့က ခေါင်းညိတ်ပြီး

“နားလည်ပါတယ်”

အားမန်က အနည်းငယ် ခေါင်းညိတ်ပြပြီး
“ကောင်းပြီ နင်လည်း ပင်ပန်းနေမှာပေါ့
ကောင်းကောင်းအနားယူပါ”

ထိုစကားပြောပြီးနောက်
ထွက်သွားခဲ့သည်။

အခန်းထဲတွင် ယန်ယွဲ့တစ်ယောက်သာ
ကျန်တော့သည်။ ယန်ယွဲ့သည်

ကုတင်ပေါ်တွင် တင်ပျဉ်ခွေထိုင်ကာ

အနည်းငယ်ကြာအောင်

တိတ်ဆိတ်ငြိမ်သက်သွားသည်။

အားမန်က သူ့အား

ပြောခဲ့သည့်စကားအပေါ် အခြေခံ၍

နတ်မျိုးနွယ်နှင့်

အခြားမျိုးနွယ်ခြားများအကြား

ရန်ငြိုးက လုံး၀ နက်ရှိုင်းကြောင်း

သိမြင်နိုင်ခဲ့သည်။

ထိုသို့ ဆိုလျှင် သေဆုံးခြင်းကမ္ဘာကို

ချိတ်ပိတ်ခဲ့သည်က

နတ်မျိုးနွယ်ဝင်လား...။ သူတို့ဆိုလျှင်

ဘာကြောင့်လဲ။ ယန်ယဲ့၏စိတ်ထဲတွင်

မေးခွန်းများစွာပေါ်လာသည်။ အဆုံးတွင်

သူက ခေါင်းယမ်းလိုက်သည်။

ထိုအကြောင်းကို

ဆက်တွေးမနေတော့ပေ။ ထိုနောက်

သူ့အတွေးကို ထိန်းကာ

မူလစေတီအထဲသို့ ဝင်လိုက်သည်။

ကျင့်ကြံခြင်း။

နတ်ဆိုးများနဲ့တိုက်ပွဲအပြီး

သူ၏ကျင့်ကြံမှုက

တစ်ဆို့နေပြီးဖြစ်ကြောင်း

သိလိုက်ရသည်။ ထို့ကြောင့် သူက

အဆင့်တက်ဖို့ ဆုံးဖြတ်လိုက်သည်။

လက်ရှိသူက သန်မာသော်လည်း

ကျင့်ကြံမှုအဆင့်နိမ့်ကျနေသေးခြင်းက

အလွန်ဆိုးရွားလှသည်။

အခြေခံအုတ်မြစ်ကောင်းမရှိရင်

သူ၏တိုက်ခိုက်ရေးစွမ်းအင်က

အကန့်အသတ်သာ ရှိနေပါလိမ့်မည်။

အတိတ်ကကဲ့သို့ပင် ဓားကိုချည်း

အမြဲသုံးနေ၍မရပေ။

ကျင့်ကြံခြင်းအပြင် သူတွင်

လုပ်ဆောင်စရာတစ်ခု ရှိနေသေးသည်။

၎င်းက နှင်းပွင့်ကို

အင်မော်တယ်သလင်းကျောက်များ

ဖန်တီးခိုင်းဖို့ပင်။

နှင်းပွင့်လေးဖန်တီးပေးထားသောအင်

မော်တယ်သလင်းကျောက်များနှင့်

လက်ရှိသူသုံးထားသော အရာများက

စုစုပေါင်း ရာဂဏန်းလောက်သာ

ရှိတော့၏။ သို့သော် သူက နောက်ထပ်
အင်မော်တယ်သလင်းကျောက်များ
မရှိတော့လျှင် သေဆုံးခြင်းကမ္ဘာ၌
သေချာပေါက် ပြဿနာတက်ပါပြီ။
အချိန်တော်တော်ကြာပြီးနောက်
ယန်ယဲ့က နှင်းပွင့်ကိုရှာတွေ့လိုက်သည်။

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၃၄၁

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ

ဤအချိန်တွင် နှင်းပွင့်က

သူမ၏လက်သည်းလေးများကို

ဝှေ့ယမ်းလိုက်သည်။

ပင်ပန်းတယ်။ အရမ်းပင်ပန်းတယ်ဟု

ပြောနေတာပါ။

ယွဲ့၏မျက်နှာက မည်းမှောင်သွားပြီး

“ကောင်းပြီ မင်းမှာ ဘယ်လို

အခြေအနေရှိလဲ ငါ့ကိုပြောပါ”

နှင်းပွင့်က သူမနားမလည်ကြောင်း

ပြသရန် မျက်တောင်ခတ်လိုက်သည်။

ယန်ယွဲ့က သူမ၏ခေါင်းလေးကို

ညင်သာစွာ ပွတ်သပ်ရင်း

“ငါအခု့အချိန်မှာ

အင်မော်တယ်သလင်းကျောက်တွေတက

ယ်လိုအပ်နေပြီ။ မင်းငါ့ကို

တစ်ခုခုဖန်တီးပေးနိုင်မလား...။

ဟုတ်တယ်

အကျိုးအမြတ်တွေရှိလိမ့်မယ်”

အကျိုးအမြတ်ဟူသော စကားကို

ကြားလိုက်သောအခါ နှင်းပွင့်၏မျက်လုံး

သေးသေးလေးနှစ်လုံးက
တောက်ပလာခဲ့သည်။

ယန်ယဲ့က သူမ၏ခေါင်းလေးကို
ညင်သာစွာ ပွတ်သပ်ကာ “ကလေး
မင်းက ပိုပိုပြီးရိုင်းစိုင်းလာနေပြီ”

ထိုနောက် ယန်ယဲ့က နှင်းပွင့်နှင့်
ခဏတဖြုတ် ကစားပေးပြီး
ကျင့်ကြံခြင်းအခန်းထဲသို့ပြန်သွားခဲ့သည်

။ ထိုနောက် သူက တင်ပျဉ်ခွေထိုင်ကာ ပတ်ဝန်းကျင်ရှိ ဝိညဉ်စွမ်းအင်ကို အရူးတစ်ယောက်လိုမျိုး စုပ်ယူလိုက်သည်။

ကျင့်ကြံခြင်း။

ဤသို့ဖြင့်အချိန်များ တဖြည်းဖြည်း ကုန်ဆုံးလာသည်။ လဝက်ခန့်အကြာ ယန်ယွဲ့သည် ရုတ်တရက်

မတ်တတ်ထရပ်လိုက်သည်။

ထိုခဏလေးမှာပဲ သူ့ဆီကနေ

ပြင်းထန်သော စွမ်းအင်လှိုင်းများ

လွင့်ထွက်လာသော်လည်း

ခဏအကြာတွင် သဲလွန်စ မရှိဘဲ

ပျောက်ကွယ်သွားခဲ့သည်။

“ရှူး…”

ယန်ယဲ့က ပေါ့ပါးသောလေကို
မှုတ်ထုတ်လိုက်ပြီး
မျက်လုံးဖွင့်လိုက်သည်။

အဆင့်(၃) ဉာဏ်အလင်းသခင်။

နောက်ဆုံးတွင်တော့ သူက အဆင့်(၃)
ဉာဏ်အလင်းသခင်ဖြစ်နေပါပြီ။ သို့သော်
ယန်ယဲ့သည် အနည်းငယ်
မျက်မှောင်ကြုတ်ကာ

မူလစေတီထဲမှထွက်လာခဲ့သည်။

အပြင်ဘက်မှ အသံတစ်သံ

ထွက်လာလို့ပါ။

“အစ်ကိုယန်၊ မင်းဒီမှာလား...”

ယုကျင်း၏ အသံပင်ဖြစ်သည်။

ယန်ယဲ့က တံခါးကိုဖွင့်ပြီး

“ဘာဖြစ်တာလဲ...” ဟုမေးလိုက်သည်။

ယုကျင်းက

အနည်းငယ်ခေါင်းညိတ်လိုက်ပြီး

“ချင်ချွမ်က ဒုက္ခိတဖြစ်သွားပြီ”

ယန်ယဲ့၏မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားခဲ့သည်။ “ချင်ချွမ်က

ဒုက္ခိတဖြစ်သွားပြီးလား...”

ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး

“ဘာဖြစ်တာလဲ...”

ယုကျင်းက ခါးသက်သက်ပြုံးလိုက်ပြီး

“အဲ့ဒီလူက ပြန်ကောင်းလာတဲ့အချိန်မှာ

ဒီအနားတစ်ဝိုက်ကို

လှည့်ပတ်ကြည့်ချင်တုန်းမှာ

အမျိုးသမီးတစ်ယောက်နဲ့ မတော်တဆ

တွေ့မိတယ်။ ပြီးတော့ သူက

ဒုက္ခိတဖြစ်သွားတယ်။ အခုတော့

သူ့ကိုလွှတ်ပေးဖို့

အင်မော်တယ်သလင်းကျောက်

အလုံး(၁၀၀) တောင်းနေတယ်”

“အင်မော်တယ်သလင်းကျောက်

အလုံး(၁၀၀)”

ယန်ယဲ့က

တဖြည်းဖြည်းမျက်မှောင်ကြုတ်လာကာ

“ကောင်းပြီ ငါ့ကို အဲ့ဒီခေါ်သွား”

ထိုနောက် သူက တစ်ခုခုကို တွေးမိပုံရပြီး "အားမန်သိလား..."

ယုကျင်းက ခေါင်းခါလိုက်ပြီး "သူမက တံခါးပိတ်ကျင့်ကြံနေတယ်။ ဒါကြောင့် ငါတို့ သူမကို အကြောင်းကြားလို့ မရဘူး။ ငါတို့တင် သွားလို့ရမလား..."

ယန်ယွဲ့က ခေါင်းခါလိုက်ပြီး "မဟုတ်ဘူး လာ သွားကြည့်ရအောင်"

ယုကျင်းက ယန်ယဲ့ကို

ရင်ပြင်ကျယ်တစ်ခုသို့

ခေါ်သွားလိုက်သည်။

သိပ်တော့ကြီးကြီးမားမားမဟုတ်ပေ။

(၁၀)ကီလိုမီတာခန့်သာ ကျယ်ပြန့်သည်။

ရင်ပြင်ကျယ်တွင် တိုက်ပွဲစင်မြင့်

(၁၀)ခုလောက်ပင် ရှိနေခဲ့သည်။

ဤအချိန်တွင် လူတော်တော်များများ

စုဝေးနေကြသည်။ သို့မဟုတ် အုပ်စုနှစ်ခု

ထိပ်တိုက်တွေ့နေသည်ဟု ဆိုရပေမည်။

တစ်ဖက်ကအရှုးဆောဘာနဲ့

အခြားအဖွဲ့ဖြစ်ပြီး ယန်ယဲ့က

အခြားအဖွဲ့ကိုမသိပေ။ သို့သော်

သူတို့အကြားတွင် ရင်းနှီးသော

ပုံရိပ်တစ်ခုကို တွေ့လိုက်ရသည်။

ချင်ချွမ်၏ ပုံရိပ်ပါ။

ဤအချိန်တွင် ချင်ချွမ်က

ဒူးထောက်လျှက် လည်ပင်းတွင်

အနက်ရောင်ကြိုးတစ်ချောင်း

ချည်ထားခံရသည်။ ထိုပြင်

လက်နှစ်ဖက်လုံးကလည်း ပခုံးကနေ

တွဲလောင်းကျနေသည်။ အရိုးများ

ကွဲသွားမှန်းသိသာပါတယ်။

ထို့ပြင် ချင်ချွမ်က တမင်သက်သက်

ဒူးထောက်နေခြင်းမဟုတ်ပဲ

ဒူးခေါင်းနှစ်ဖက်

ကျိုးနေသောကြောင့်ပါ။ ယန်ယဲ့က

မျက်လုံးများကို ဖြည်းညင်းစွာ

မှိတ်လိုက်သည်။

ဤအတောအတွင်း အဝေးမှ

တစ်စုံတစ်ယောက်၏ပျော်ရွှင်သော

ရယ်မောသံက "ဟား...အို၊ သူလား၊

မင်းတို့က ခေါင်းဆောင်က

ဒီကိုရောက်လာပြီ"

ယန်ယဲ့က မော့ကြည့်လိုက်ရာ
လူငယ်တစ်ယောက်ကို
တွေ့လိုက်ရသည်။

“လီကန်း”

ယုကျင်းက ယန်ယဲ့ဘက်မှ
လေးနက်စွာပြောခဲ့သည်။ “သူက
တောင်ပိုင်းချီလင်တောင်တန်းမှာ

ကျော်ကြားတဲ့ ကျင့်ကြံသူတစ်ဦးပဲ။

ပြီးတော့ သူက

မြောက်ပိုင်းချီလင်တောင်တန်းရဲ့

အဖွဲ့ဝင်”

ယန်ယဲ့က လီကန်းကို လျစ်လျူရှုပြီး

အရူးဆေဘာနှင့် အဖွဲ့ဆီကို

လျှောက်သွားခဲ့သည်။ ယန်ယဲ့ကို

တွေ့သောအခါ လူတိုင်း စိတ်သက်သာရာ

ရသွားပုံဖြင့်

လူတိုင်းခေါင်းညိတ်ကြသည်။

ယန်ယဲ့က ရုတ်တရက် ပြောလိုက်သည်။

“အရှူးဆေဘာ

ငါအရမ်းစိတ်ပျက်မိတယ်”

အရှူးဆေဘာနှင့် အခြားလူတိုင်း

အံ့သြသွားကြသည်။

ယန်ယဲ့က မျက်လုံးများကို ဖြည်းညင်းစွာ

မှိတ်လိုက်ပြီး “တကယ်စိတ်ပျက်မိတယ်”

သူက ချင်ချွမ်ကို လက်ညှိုးထိုးပြပြီး

“ဒါကိုတွေ့လား သူအခုဘယ်လိုနေလဲ

ကြည့်ပါဦး။ မင်းတို့အားလုံး

မြင်နေကြပေမဲ့ ညီအစ်ကိုတွေက

ဘာကြောင့် မလှုပ်ရှားသေးတာလဲ။

ဘာကြောင့်လဲ…”

ယန်ယဲ့က

ဒေါသတကြီးအော်လိုက်သည်။

အရူးဆေဘာနှင့် အခြားလူတိုင်း

နှုတ်ဆိတ်နေကြသည်။

တစ်ချိန်တည်းမှာပဲ ယုကျင်းက

“ငါတို့မလုပ်ချင်တာမဟုတ်ဘူး။

ချင်ချွမ်က သူတို့လက်ထဲမှာရှိနေတုန်းပဲ

ငါတို့ဘာမှလုပ်လို့မရဘူး”

ယန်ယဲ့က

အနည်းငယ်ခေါင်းညိတ်လိုက်သည်။

“ငါစိတ်မကောင်းပါဘူး”

အရှူးဆေဘာက ခေါင်းခါလိုက်သည်။

“အဲ့ဒါမလိုအပ်ပါဘူး ငါတို့

နားလည်တယ်”

“မင်းက သူတို့ရဲ့ ခေါင်းဆောင်လား…”

ဤအချိန်တွင် လီကန်းဟူသော လူငယ်က

ယန်ယဲ့ကို စိုက်ကြည့်ပြီး

“အရမ်းအားနည်းလိုက်တာ”

ယန်ယဲ့က လီကန်းကို လျစ်လျူရှုပြီး

ချင်ချွမ်ကို စိုက်ကြည့်ကာ

“မင်းပြောနိုင်မလား...”

ချင်ချွမ်က ဖြည်းညင်းစွာ ခေါင်းမော့ပြီး
ပြုံးကာ ခေါင်းခါပြသည်။

ယန်ယဲ့၏ကြည့်များက ချက်ချင်းပင်
အေးခဲသွားခဲ့သည်။
ချင်ချွမ်ပြုံးလိုက်သောအခါ
လှျာမရှိတော့သည်ကို
သတိပြုမိလိုက်သည်။

လီကန်က ပြုံးပြီး “မဖြစ်သင့်ဘူးလို့ ပြောတဲ့အတွက် လျှာပြတ်သွားပြီ။ မင်းကော မပြောသင့်တာတွေ ပြောမှာလား...”

“ဘာလို့ အချိန်ဖြုန်းနေတာလဲ...”

ဤအချိန်တွင် လီကန်ဘေးနားရှိ အမျိုးသမီးတစ်ယောက်က ရှေ့တက်လာကာ “ဒီအမှိုက်ရဲ့အသက်ကို

လွှတ်ပေးဖို့

အင်မော်တယ်သလင်းကျောက်(၁၀၀)

ပေးဖို့ ပြောလိုက်”

“အင်မော်တယ်သလင်းကျောက်

(၁၀၀)လား…”

လီကန်က ခေါင်းခါလိုက်ပြီး “မဟုတ်ဘူး

အခု (၃၀၀)ပဲ”

သူက ယန်ယဲ့ကို ကြည့်ရင်း “အရင်က

အလုံး (၁၀၀)ပဲရှိတယ်။ ဒါပေမဲ့ မင်းငါ့ကို

နှစ်ခါတောင် လျစ်လျူရှုထားလို့

အခု(၃၀၀)ဖြစ်သွားပြီး”

ထိုစကားကြားသောအခါ

အရှုးဆေဘာနှင့်

အခြားသူများ၏မျက်နှာက

မှုန်ကုပ်သွားခဲ့သည်။

ယုကျင်းက

တိုးတိုးလေးပြောလိုက်သည်။

“ချင်ချွမ်က သူမကိုစိုက်ကြည့်မိလို့”

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

“ဘာကြောင့်ဖြစ်သွားတာလဲ

သိဖို့မလိုဘူး။ သူ့ကို ငါတို့မိတ်ဆွေလို့

အသိအမှတ်ပြုထားတယ်။ တကယ်လို့

သူအမှားတစ်ခုခုလုပ်ခဲ့ရင်တောင်

ငါတို့က ကာကွယ်ပေးရမယ်”

ယန်ယဲ့က စိုက်ကြည့်ပြီး

“မင်းတို့အားလုံးကို

အခွင့်အရေးပေးတယ်။ မင်းတို့က

ဘာမှမလုပ်ဘူးဆိုတော့

ငါကိုယ်တိုင်လုပ်မယ်”

ဓားအူသံ ရုတ်တရက်

ထွက်ပေါ်လာပြီးနောက်

အလင်းတန်းတစ်ခု လင်းလပ်သွားသည်။

ယန်ယဲ့ပျောက်ကွယ်သွားသည်နှင့်

လီကန်၏ အမူအရာက အနည်းငယ်

ပြောင်းလဲသွားပြီး နေရာမှာပင်

ပျောက်သွားခဲ့သည်။

“ဘုန်း...ဘုန်း...”

ပတ်ဝန်းကျင်သည် ပြင်းထန်စွာ

တုန်ခါသွားပြီး အခြားလူတိုင်း (၃)

ကီလိုမီတာအကွာသို့

ပြန်ဆုတ်သွားခဲ့ရသည်။ ခဏအကြာတွင် ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်သွားသည်။

ဤအချိန်တွင် ယန်ယဲ့နှင့် လီကန်က တစ်ယောက်နှင့်တစ်ယောက် (၁၀) မီတာသာကွာသည်။ သို့သော် ယန်ယဲ့၏လက်ထဲ၌ ချင်ချွမ်ကို ဆုပ်ကိုင်ထားသည်။

ဤမြင်ကွင်းအား မြင်လိုက်သောအခါ

လီကန် နောက်ကွယ်မှ

လူအုပ်၏အမူအရာက

ဆိုးရွားသွားသည်။ လီကန်က

အမြင်တာအိုသခင် ဖြစ်သည်။ သို့သော်

တစ်ချက်တိုက်ခိုက်ရုံဖြင့်

အဆင့်(၃)ဉာဏ်အလင်းသခင်ကို

ရှုံးနိမ့်ခဲ့သည်။

လီကန်က ယန်ယဲ့ကို စိုက်ကြည့်လိုက်ပြီး "မင်းကို အထင်သေးမိထားဖို့ မမျှော်လင့်ထားဘူး။ ဒီတော့ မင်းက ကြည့်ရတာထက် ပိုသန်မာတယ်။ ယန်ယဲ့က ချင်ချွမ်ကို စိုက်ကြည့်ကာ ခဏမျှငြိမ်သက်နေသည်။ ထိုနောက် ချင်ချွမ်ကို ကြည့်လိုက်ပြီး ရှေ့ပြန်လှည့်ခိုင်းလိုက်သည်။

ဤအချိန်တွင် ချင်ချွမ်က ရုတ်တရက် အမျိုးသမီးကို လက်ညှိုးထိုးလိုက်သည်။

ယန်ယဲ့က သူမကို စိုက်ကြည့်လိုက်ရာ ယုကျင်းက “သူမက ချင်ချွမ်ရဲ့ လျှာကို ဖြတ်ပစ်လိုက်တယ်”

ယန်ယဲ့က

အနည်းငယ်ခေါင်းညိတ်လိုက်ပြီး

“စိတ်မပူပါနဲ့ သူမလည်း ဒီလိုပဲ
ခံစားရမှာပါ”

စကားပြောပြီးနောက် ယန်ယဲ့က
လီကန်ကို စိုက်ကြည့်နေသည်။
ထိုခဏလေးမှာပဲ ပတ်ဝန်းကျင်အနှံ့
ယန်ယဲ့၏
ပုံရိပ်ယောင်များပေါ်ထွက်လာသည်။

အရိပ်ဓား။

လီကန်၏မျက်နှာက

လေးနက်သောအမူအရာတစ်ခုပေါ်လာသ

ည်။ ခါးမှ ဓားတိုကို ဆွဲဖြုတ်လိုက်သည်။

ထိုနောက် ညာခြေကို

တစ်ချက်ဆောအောင့်ကာ

အေးစက်စက်အလင်းတန်းတစ်ခုအဖြစ်

ရှေ့သို့ ပြေးထွက်လာသည်။

“ဆူး…ဆူး…ဆူး…”

အာကာသပြင်ကို လှီဖြတ်လိုက်သော

အသံများ

အဆက်မပြတ်ပဲ့တင်ထပ်နေသည်။

အလင်းတန်းများနှင့်

ပုံရိပ်ယောင်များကိုသာ မြင်နိုင်သည်။

တော်တော်များများက ယန်ယွဲ့နှင့်

လီကန်ကို လုံး၀ မမြင်နိုင်ကြပေ။

ယန်ယွဲ့နှင့် အနီးကပ်တိုက်ခိုက်သည်နှင့်

လီကန်က ပို၍တုန်လှုပ်လာသည်။

ယန်ယဲ့၏ကျင့်ကြံမှုအဆင့်က

သူ့ထက်နိမ့်ကျသည်။ သို့သော်

တိုက်ခိုက်ရေးစွမ်းအားက

ကြောက်စရာကောင်းလှသည်။ ထိုအပြင်

ယန်ယဲ့က

ရက်စက်ကြမ်းကြုတ်လှသည်။

သူ့ကိုယ်သူ ကာကွယ်ဖို့ပင်

မရည်ရွယ်ထားပေ။

“အုန်း…”

လီကန်က သူနှင့်ယန်ယွဲ့အကြားရှိ

အကွာအဝေးကို ဖန်တီးလိုက်သည်။

ထိုနောက် သူ၏ဓားတိုကို

တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားပြီး

ဆန်းကြယ်ချီစွမ်းအင်များကို

အဆက်မပြတ် ပို့လွှတ်လိုက်သည်။

ဓားတိုကဖြည်းဖြည်းချင်း

တုန်ခါလာသည်။ ယန်ယွဲ့က

ထူးခြားဟန်မပြဘဲ ညာလက်ကို

မြှောက်လိုက်သည်နှင့် ဓားတစ်ချောင်းက

သူ့လက်ဝါးပေါ်တွင် ပေါ်လာပြီး

လျင်မြန်စွာ လှည့်ပတ်နေတော့သည်။

အသက်ရှူ (၃) ရှိုက်စာလောက်အကြာတွင်

နှစ်ယောက်စလုံး တစ်ပြိုင်နက်

ပျောက်ကွယ်သွားသည်။

“ခလွပ်...”

ပတ်ဝန်းကျင်ရှိ အာကာသပြင်က
အက်ကွဲသွားသည်။ ဤအချိန်တွင်
လီကန်၏ဘယ်ဘက်ရင်ဘက်ခြမ်း၌
ဓားတစ်ချောင်း စိုက်ဝင်နေခဲ့သည်။
ထို့နောက် လီကန်၏ပုံရိပ်က
မြေပြင်ပေါ်သို့ ပြန်ကျသွားသည်။
ပတ်ဝန်းကျင်သည် တိတ်ဆိတ်သွား၏။
လီကန်ရှုံးသွားပြီး။ ချင်ချွမ်၏ လျှာကို
ဖြတ်ပစ်ခဲ့သော အမျိုးသမီးက

မျက်နှာဖြူဖျော့သွားကာ

မျက်လုံးထဲ၌လည်း မယုံကြည်နိုင်မှုများ

ပြည့်နှက်နေသည်။

ဤအချိန်တွင် ယန်ယဲ့က လီကန်ဆီသို့

လျှောက်သွားခဲ့သည်။

ဤမြင်ကွင်းအားမြင်သောအခါ

အမျိုးသမီးနှင့် ပတ်ဝန်းကျင်ရှိ

လူတိုင်းက  ရှေ့တိုးလာကာ ယန်ယဲ့ကို

ဝိုင်းရံဖို့ ပြင်လိုက်သည်။

ဤအတောအတွင်း အရှုးဆောဘာနှင့်
အဖွဲ့ကလည်း အလားတူ
ရှေ့တက်လာခဲ့ကြသည်။
ယန်ယဲ့ဘက်တွင် လူနည်းနေသော်လည်း
စည်းလုံးနေကြသည်။

သို့သော် ယန်ယဲ့က ပတ်ဝန်းကျင်ကို
လျစ်လျူရှုပြီး လီကန်ကို စိုက်ကြည့်ကာ

“ဘာလို့ မင်းကို ငါ

မသတ်ခဲ့တာလဲသိလား…”

လီကာန်က ယန်ယဲ့ကို

မော့ကြည့်ပြီး“ငါတို့လူတွေဟာ ငါတို့ရဲ့

မကျေနပ်မှုတွေကို ကိုယ်တိုင်

ဖြေရှင်းသင့်တယ်။ သူနဲ့ဘာမှမဆိုင်ဘူး”

“မင်းပြောတဲ့ ပထမစကားကို

ငါသဘောတူတယ်”

ယန်ယဲ့က ပြုံးပြီးနောက် နေရာမှာပင်
ပျောက်သွားခဲ့သည်။ သိပ်မကြာလိုက်ပေ
ပြန်ပေါ်လာသည်။ သူ့လက်ထဲတွင်
အမျိုးသမီးကို ဖမ်းချုပ်ထားသည်။
ဤအချိန်တွင် လီကန်က ဒေါသတကြီး
အော်ဟစ်ကာဟာတိုက်ခိုက်ရန်ပြင်လိုက်
သော်လည်း ယန်ယဲ့၏ခြေထောက်က
ရုတ်တရက် သူ့ရင်ဘက်ပေါ်
ဆင်းလာကာ ဆောင့်နင်းလိုက်သည်။

ယန်ယဲ့က လီကန်ကို ငုံ့ကြည့်ရင်း "မင်းနဲ့ သူမကို ငါသတ်ချင်တာ မဟုတ်တော့ ငါမသတ်ဘူး။ ဒါပေမဲ့ တစ်ယောက်ယောက်ကတော့ တကယ်လုပ်ချင်နေတာထင်တယ်"

စကားပြောပြီးသည်နှင့် အမျိုးသမီးကို ချင်ချွမ်ဆီသို့ တွန်းပို့လိုက်သည်။

တစ်ချိန်တည်းမှာပဲသူက လီကန်ကို
ချင်ခွျမ်ထံသို့ ကန်ထုတ်လိုက်သည်။

“ကိုယ်တိုင်လက်စားချေပါ။
ကိုယ်တိုင်လုပ်မှပဲ
အကောင်းဆုံးခံစားရမှာ”

လီကန်က ရုတ်တရက် ဒေါသတကြီး
အော်ဟစ်လိုက်သည်။

“မင်းတို့တွေဘာအတွက် အဲ့ဒီမှာ ရပ်နေတာလဲ”

အော်လိုက်သည်နှင့် ချင်ချွမ်၏လက်အောက်ငယ်သားများက တိုက်ခိုက်ရန်ပြင်လိုက်သည်။ သို့သော်လည်း အလင်းတန်းများ တဖျတ်ဖျတ်လင်းလပ်သွားသည်။

“ဆူး…ဆူး…ဆူး…”

အဖွဲ့၏ရှေ့ဆုံးမှပြေးတက်လာတော့

ကျင့်ကြံသူနှစ်ယောက်၏ခေါင်းများက

လေထဲသို့ ချက်ချင်း ပျံတက်သွားပြီး

ထိုနောက် စမ်းရေကဲ့သို့ သွေးများ

ပန်းထွက်လာသည်။

ယန်ယဲ့က သူတို့ကို

တစ်ချက်ကြည့်လိုက်ပြီး “ဘာလို့

မကြိုးစားတာလဲ…”

ပတ်ဝန်းကျင်က

လုံးဝတိတ်ဆိတ်သွားသည်။ လူတိုင်းက

ယန်ယဲ့ကို စိုက်ကြည့်နေကြသည်။

လူတိုင်း၏မျက်လုံးထဲတွင်

လေးနက်မှုများရှိနေသည်။

အများစုကတော့ ကြောက်ရွံ့စိတ်များ

သိသိသာသာပေါ်နေခဲ့သည်။

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၃၄၂

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

“လွှတ်ပေးလိုက်ပါ”

ဤအခိုက်အတန့်တွင်

အသံတစ်သံထွက်ပေါ်လာပြီးနောက်

အမျိုးသားတစ်ဦး ဖြည်းညင်းစွာ ထွက်လာခဲ့သည်။

ယန်ယဲ့က ထိုလူကို စိုက်ကြည့်ရင်း "မြောက်ပိုင်းချီလင်တောင်တန်း အဖွဲ့ခွဲလား..."

သက်လတ်ပိုင်းအမျိုးသားက ခေါင်းညိတ်ပြပြီး "ဒီကိစ္စကို ဒီအတိုင်းထားလိုက်ပါ"

ယန်ယဲ့က ချင်ချွမ်ကို လက်ညှိုးထိုးပြပြီး
“ငါ့ညီအစ်ကို သဘောတူလားလို့
မေးလိုက်”

သက်လတ်ပိုင်းအမျိုးသားက ချင်ချွမ်ကို
စိုက်ကြည့်ကာ
“သူ့အသက်ရှင်နေသေးပေမဲ့
ဒီအတိုင်းဆက်သွားမယ်ဆို
သေသွားနိုင်တယ်။

သူတစ်ယောက်တည်းဖြစ်မှာမဟုတ်ဘူး

မင်းနောက်က လူတိုင်းလည်း

သေနိုင်တယ်။ ဒါက

ခြိမ်းခြောက်တာမဟုတ်ဘူး အမှန်ကို

ပြောနေတာ”

“အမှန်တွေလား...”

ယန်ယွဲ့က

တဟားဟားရယ်မောလိုက်သည်။

သူက ချင်ချွမ်ကို စိုက်ကြည့်ရင်း

“မင်းလုပ်ချင်ရင် လုပ်လိုက်။

ဘာမှစိတ်ပူမနေနဲ့

ကောင်းကင်ကြီးပြိုကျရင်တောင်

မင်းအတွက်ငါရှိနေမယ်”

“ကောင်းကင်ဘုံပြိုကျရင်တောင်

မင်းတို့ရှေ့မှာ ငါရှိနေမယ်”

ယန်ယဲ့၏အသံက မိုးခြိမ်းသံကဲသို့

တစ်ဟုန်ထိုး တုန်ခါသွားကာ လူတိုင်း

နှလုံးသားများပင်

တုန်လှုပ်သွားစေခဲ့သည်။

အရှုးဆေဘာနှင့်အခြားလူတိုင်း

ယန်ယဲ့ကိုစိုက်ကြည့်နေကြသည်။

သူတို့၏အကြည့်တွင် ရှုပ်ထွေးသော

စိတ်ခံစားမှုများရှိနေသည်။

ချင်ချွမ်က ယန်ယဲ့ကို

လေးလေးနက်နက်ဖြင့် အကြာကြီး

တစ်ချက်ကြည့်လိုက်ပြီးနောက်

အမျိုးသမီးကို စိုက်ကြည့်လိုက်သည်။

သူလုပ်ခါနီးတွင် သူ့ဘေးနားကနေ

ရယ်မောသံထွက်လာပြီး "အစ်ကိုချင်

စိတ်အေးအေးထားပါ

စိတ်အေးအေးထား"

အားလုံးက လှမ်းကြည့်လိုက်ရာ မိုရီယုကို တွေ့လိုက်ရသည်။

မိုရီယုက ယန်ယဲ့ဆီကို လျင်မြန်စွာ လျှောက်သွားကာ “အစ်ကိုယန် အစ်ကိုချင် ငါတောင်းပန်ပါတယ်။ အေးခဲခြင်းတောင်ကုန်းမှာ ကင်းစောင့်ဖို့ စေလွှတ်ခံရတာ။ ဒီတော့ ငါဒီမှာဖြစ်သွားတာတွေကို မသိလိုက်ဘူး နောက်ကျသွားတယ်”

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

“မင်းနဲ့ဘာမှမဆိုင်ဘူး”

မိုရီယုက ခဏတုံ့ဆိုင်းသွားပြီး

“အစ်ကိုယန် သူတို့ကို

လွှတ်ပေးလို့ရမလား…”ဟု

ပြောလိုက်သည်။

ယန်ယဲ့က မိုရီယုကို မျက်လုံးဖြင့်
စိုက်ကြည့်လိုက်သည်။

မိုရီယုက “အစ်ကိုယန် လီကန်က
သာမန်လူမဟုတ်ဘူး။ သူက
မြောက်ပိုင်းအဖွဲ့ခေါင်းဆောင်
ဝမ်ချန်းယောင်ရဲ့တူတော်။
သူကိုသတ်ရင် မြောက်ပိုင်းအဖွဲ့နဲ့
တောင်ပိုင်းအဖွဲ့ခွဲရဲ့အကြားမှာ
အခြေအနေက တင်းမာသွားလိမ့်မယ်။

ဒါပေမဲ့ ငါတို့မှ

အခုလောလောဆယ်ကိုင်တွယ်ဖြေရှင်းဖို့

က အခြားပြင်ပရန်သူတွေရှိနေတယ်။

ဒီတော့

အတွင်းပိုင်းတိုက်ပွဲတွေဖြစ်လို့မရသေး

ဘူး။ ဒီနေရာက အခြေအနေတွေကိုပဲ

ဦးစားပေးမယ်လို့ မျှော်လင့်ပါတယ်”

ယန်ယဲ့က ပြန်ပြောရန် ပြင်လိုက်စဉ်

ချင်ချွမ်က ရုတ်တရက်

ခေါင်းယမ်းလိုက်သည်။ ထိုနောက်
ယုကျင်းကို လက်ဟန်ပြကာ ထွက်သွားဖို့
အချက်ပြသည်။ ချင်ချွမ်က
လက်စားမချေတော့ပေ။
သူကလက်စားချေချင်သော်လည်း
ညီအစ်ကိုများကို ဆွဲမချလိုပေ။

ယန်ယဲ့က ရုတ်တရက် ပြောလိုက်သည်။
“ခဏနေစမ်း”

ချင်ချွမ်က ရပ်လိုက်ပြီး

ယန်ယဲ့ကိုစိုက်ကြည့်နေသည်။

ယန်ယဲ့က ပြုံးပြီး မိုရီယုကို

စိုက်ကြည့်ရင်း“ငါတို့

ကြုံတွေ့နေရတဲ့အခြေအနေကို

ဦးစားပေးပါ။ ဟုတ်လား…။

ငါနားလည်ပါတယ်

ဒါကြောင့်မြောက်ပိုင်းအဖွဲ့တွေက

တောင်ပိုင်းအဖွဲ့ခွဲကို

စိတ်ကြိုက်သတ်နိုင်တယ်။ ဒါပေမဲ့
တောင်ပိုင်းအဖွဲ့တွေက အခြေအနေကို
ဂရုစိုက်သင့်တယ်”

မိုရီယုက မျက်နှာပျက်သွားပြီး
“အစ်ကိုယန် မင်းပြောတာကို
ပြန်စဉ်းစားကြည့်ပါ”

“ဘာလဲ”

ယန်ယဲ့က တဟားဟားရယ်ပြီး

“ဒါတွေအားလုံးက အမှန်တရားပဲ ငါအခု

မြင်နေရတာပဲလေ။ ညီအစ်ကိုမို

ငါမင်းအတွက်

ခက်ခဲအောင်လုပ်မှာမဟုတ်ဘူး။ ငါတို့က

အခုကစလို့ တောင်ပိုင်းချီလင်အဖွဲ့ခွဲကို

စွန့်ခွာတော့မယ်။ ငါတို့

တောင်ပိုင်းချီလင်တောင်တန်းကနေ

တစ်ခါတည်း ထွက်သွားမယ်”

ထိုနောက် ချင်ချွမ်ကို စိုက်ကြည့်ရင်း

“မင်းယောက်ျားဆိုရင် လုပ်လိုက်”

ချင်ချွမ်က လုံး၀အတွန့်ဆုတ်ပေ။

လက်နှစ်ဖက် ပြန်ကောင်းလာသဖြင့်

အမျိုးသမီး၏ခေါင်းကို

ချက်ချင်းဖြတ်ရိုက်ချလိုက်သည်။

“ဖောင်း...”

သူမ၏ခေါင်းက ကွဲသွားသည်။

လီကန် မျက်လုံးများက ဒေါသကြောင့်
ကွဲထွက်လုမတတ် "မဟုတ်ဘူး..."

ချင်ချွမ်က လီကန်ကို ထပ်သတ်ဖို့
ပြင်လိုက်သော်လည်း
သက်လတ်ပိုင်းအမျိုးသားက
တိုက်ခိုက်လာသည်။ တစ်ချိန်တည်းတွင်
ယန်ယွဲ့ကလည်း တိုင်ခိုက်လိုက်သည်။

အလင်းတန်းအနည်းငယ်
လင်းလပ်သွားပြီး

"ဘုန်း...ဘုန်း...ဘုန်း..."

သက်လတ်ပိုင်းအဘိုးအိုက
မှုလရပ်နေသည့် နေရာသို့
ပြန်ရောက်သွားကာ ချင်ချွမ်က
လီကန်၏ခေါင်းကို
ဖြတ်ရိုက်ချလိုက်သည်။

ဤမြင်ကွင်းကြောင့်

သက်လတ်ပိုင်းအဘိုးအို၏မျက်နှာက

မှုန်ကုပ်သွားကာ

မိုရီယု၏မျက်နှာသည်လည်း

ထိုနည်းၚင်းပင်။ ယန်ယဲ့က သူ့အား

လုံးဝမျက်နှာသာမပေးပေ။

ယန်ယဲ့က သူ့ဓားကို ပြန်သိမ်းပြီး

သက်လတ်ပိုင်းအမျိုးသားကို

တစ်ချက်ကြည့်ကာ

“မြောက်ပိုင်းအဖွဲ့ခွဲက ကစားချင်ရင်

အဆုံးထိ လိုက်ပါပေးမယ်”

ထိုနောက် အရှုးဆေဘာကို

စိုက်ကြည့်ရင်း “အခြားလူတွေကို

အကြောင်းကြားလိုက်

ငါတို့အခုချက်ချင်းထွက်မယ်”

အရှုးဆောဘာက တွန့်ဆုတ်မနေဘဲ လှည့်ထွက်သွားသည်။

“ညီငယ်၊ အဲ့ဒါက နည်းနည်းတော့ မလွန်လွန်းဘူးလား…”

အဝေးမှ အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာပြီးနောက် ဟန်ရိုးရာဝတ်ရုံနဲ့ သက်လတ်ပိုင်းအမျိုးသားတစ်ယောက် ပေါ်လာသည်။

“အဖေ”

မိုရီယုက

သက်လတ်ပိုင်းအမျိုးသားဆီသို့

အမြန်လျှောက်သွားပြီး “အဖေဒီကို

ဘာလာလုပ်တာလဲ...”

၎င်းက အခြားသူမဟုတ်ပေ။

တောင်ပိုင်းချီလင်အဖွဲ့ခွဲ၏ ခေါင်းဆောင်

မိုတန်ချောင်ပင်ဖြစ်သည်။

မိုတန်းချောင်က မိုရီယုကို

တစ်ချက်ကြည့်လိုက်သည်။ ထိုနောက်

ခေါင်းကို အနည်းငယ်

ခါယမ်းလိုက်သည်။

“ငါ့အရမ်းစိတ်ပျက်မိတယ်”

မိုရီယု၏မျက်နှာက ချက်ချင်း

ဖြူဖျော့သွားခဲ့သည်။

ဤအချိန်တွင် မိုတန်းချောင်က

မြောက်ပိုင်းအဖွဲ့ခွဲမှ

သက်လတ်ပိုင်းအမျိုးသားကို

စူးစိုက်ကြည့်ကာ

“အဖြစ်အပျက်တွေအကြောင်းစုံကို

ငါစုံစမ်းပြီးပြီ။ သူက လီကန်ရဲ့

အမျိုးသမီးကို တစ်ချက်ကလေး

အမှတ်တမဲ့ ကြည့်လိုက်ရုံပဲ။ ဒါပေမဲ့

လီကန်က သူ့ကို အုပ်စုဖွဲ့ပြီး

တိုက်ခိုက်ခဲ့တယ်။ ဒီအတွက် မင်းရဲ့ မြောက်ပိုင်းအဖွဲ့ခွဲက လုပ်ရက်တွေများနေတယ်။ ကောင်းပြီ အခုမင်းတို ထွက်သွားနိုင်တယ်။ ဝမ်ချန်းယောင်အတွက်လား...။ သူ့ကို ငါကိုယ်တိုင်ရင်ဆိုင်မယ်”

သက်လတ်ပိုင်းအမျိုးသားက ဘာမှပြန်မပြောဝံ့ပေ။ ယန်ယဲ့ကို

အေးစက်စက် တစ်ချက်ကြည့်လိုက်ပြီး ထွက်သွားသည်။

ဤအချိန်တွင် မိုတန်ချောင်က ယန်ယဲ့ကို စိုက်ကြည့်ရင်း “မင်းနဲ့ မင်းရဲ့မိတ်ဆွေတွေက ငါ့တောင်ပိုင်း ချီလင်အဖွဲ့ခွဲနဲ့ ပူးပေါင်းထားပြီး။ ဒီတော့ မင်းတို့ ငါ့ကို ပြဿနာမရှာသရွေ့ ငါ့တောင်ပိုင်းအဖွဲ့ခွဲက သဘာဝအတိုင်း ကာကွယ်ပေးမယ်”

ယန်ယဲ့က စကားမပြောဘဲ
နှုတ်ဆိတ်နေခဲ့သည်။

မိုတန်ချောင်က ဆက်ပြောလိုက်သည်။
"မင်းဒါကို သတိမထားမိပေမဲ့။
တောင်ပိုင်းချီလင်တောင်တန်းက
အပိုင်းခံလိုက်ရပြီး"

"အပိုင်းခံလိုက်ရတာလား..."

ယန်ယဲ့က “နတ်ဆိုး စစ်တပ်လား…”
ဟုမေးလိုက်သည်။

မိုတန်ချောင်အနည်းငယ်ခေါင်းခါယမ်းလိုက်ပြီး “နတ်ဆိုးစစ်တပ်ဆိုရင် ဘာမှမထူးခြားဘူး ဒါပေမဲ့ တကယ်ခေါင်းကိုက်စရာက ဒေသခံနတ်ဆိုးတွေပဲ သူတို့က တောင်ဘက်ခြမ်းကနေ ဒီကို

တစ်လှမ်းလုံးပြောင်းလာတယ်။ ပြီးတော့ သူတို့ရဲ့ ပစ်မှတ်က တောင်ပိုင်းချီလင်တောင်တန်း”

ယန်ယဲ့က “ဒီမှာရှိတဲ့ ဝိညဉ်စွမ်းအင်လား…”

မိုတန်းချောင်က “ဒါအမှန်ပဲ အဲ့ဒါက အကြောင်းပြချက်တစ်ခုပဲလေ။ တောင်ပိုင်းချီလင်တောင်တန်းရဲ့

အောက်ခြေမှာ

ပေါ်တယ်စနစ်ရှိတယ်ဆိုတာ

မင်းသိလား…။ ရှေးဟောင်းခေတ်ဦးက

ဒီမှာနေခဲ့တဲ့လူတွေချန်ထားခဲ့တာ။ ဒါက

အပြင်ကမ္ဘာကို ထွက်သွားလို့ရတယ်။

ပေါ်တယ်စနစ်က ဒီနေရာမှာ

ဝိညဉ်သွေးကြောတွေရှိနေတဲ့

အဓိကအကြောင်းအရင်းပဲ။

ပေါ်တယ်စနစ်ကို အသက်သွင်းဖို့

ဒီနေရာမှာ

အဆင့်မြင့်ဝိညာဉ်သွေးကြောနှစ်ခု

ချန်ထားခဲ့တယ်”

ယန်ယဲ့က “ဒီမှာ

ပေါ်တယ်စနစ်တစ်ခုရှိတော့

မင်းတို့တွေဘာလို့မထွက်သွားကြတာလဲ..

.”

မိုတန်းချောင်က

တဟားဟားရယ်လိုက်သည်။

ထိုနောက် "ညီငယ်၊ မင်းပြောတာ

သဘာဝကျတယ်။ အစတုန်းကတော့

ငါတို့လည်း ဒီလိုပဲ လုပ်ချင်တာ။

နောက်ဆုံးကျတော့ ဒီနေရာက ဆက်နေဖို့

မသင့်တော်တော့ဘူးလေ။ ဒါပေမဲ့

အလုပ်မဖြစ်ဘူး။ သေဆုံးခြင်းကမ္ဘာ

တစ်ခုလုံးကို ချိတ်ပိတ်ထားတယ်"

ယန်ယဲ့က အနည်းငယ်

မျက်မှောင်ကြုတ်ကာ "ဒီထက်ပို

အဆင့်မြင့်တဲ့အစီအရင်လား..."

မိုတန်းချောင်က ကောင်းကင်ကို

မော့ကြည့်ရင်း

"မဟာချိတ်ပိတ်အစီအရင်တစ်ခုပဲ။

သေဆုံးခြင်းကမ္ဘာနဲ့ အပြင်လောက

အကြားမှာရှိတဲ့ လေဟာနယ်

လျှောက်လမ်းက မဟာအစီအရင်တစ်ခုနဲ့

ချိတ်ပိတ်ခံထားရတယ်။

ဒါကြောင့်ထွက်သွားဖို့မပြောနဲ့

အပြင်လောကကို

ဆက်သွယ်ကြည့်ဖို့တောင် မဖြစ်နိုင်ဘူး”

သူက ယန်ယဲ့ကိုကြည့်ကာ

ဆက်ပြောလိုက်သည်။ “ထွက်သွားဖို့

တစ်ခုတည်းသော နည်းလမ်းက

ချိတ်ပိတ်အစီအရင် ဖန်တီးတဲ့လူကို

တားဆီးတာ ဒါမှမဟုတ်

ချိတ်ပိတ်စည်းကို ချိုးဖျက်ဖို့

ခွန်အားပိုင်ဆိုင်တာပဲ”

သေဆုံးခြင်းကမ္ဘာကို ချိတ်ပိတ်လိုက်ပြီ။

ယန်ယဲ့က ကောင်းကင်ကို

မော့ကြည့်လိုက်သည်။ သေချာသည်မှာ

သေဆုံးခြင်းကမ္ဘာကို ချိတ်ပိတ်ထားသော

မဟာအစီအရင်က ကျိအာနှင့်

နတ်မျိုးနွယ်တို့နှင့် ဆက်စပ်နေပုံပါ။

အကြောင်းကတော့

ကျိုအာနှင့်နတ်မျိုးနွယ်ကသာ ထိုကဲ့သို့

လုပ်ဆောင်နိုင်စွမ်းရှိလို့ပါ။ ထိုသို့ဆိုလျှင်

နတ်မျိုးနွယ်က မည်သည့်ကြောင့်

သေဆုံးခြင်းကမ္ဘာကို

ချိတ်ပိတ်ထားသနည်း။

တစ်ချိန်တည်းမှာပင် မိုတန်းချောင်က

ဆက်ပြောလိုက်သည်။ “ညီငယ်၊

ဒီလိုအခြေအနေမျိုးမှာ

ငါတို့ရဲ့အကောင်းဆုံးရွေးချယ်မှုက

တစ်ယောက်နဲ့တစ်ယောက်

စည်းစည်းလုံးလုံးနေဖို့ပဲ”

စကားပြောပြီးသည်နှင့် မိုတန်းချောင်က

အဝေးဆီသို့ ပျောက်ကွယ်သွားခဲ့သည်။

ယုကျင်းက ရုတ်တရက် “ငါတို့

ထွက်သွားမှာလား...”

ယန်ယဲ့ကခေါင်းခါလိုက်သည်။

“အခုလောလောဆယ်တော့ ငါတို့ ဒီမှာ နေကြဦးမယ်။ ဟုတ်တယ် ငါတစ်နေရာကို သွားရမယ်”

ယုကျင်းက “ငါတို့ရောမင်းနောက်ကို လိုက်ခဲ့ရမှာလား...”

ယန်ယဲ့က "မဟုတ်ဘူး ငါကိုယ်တိုင်လုပ်နိုင်တယ်။ ဒီနေရာမှာ သတိထားပါ။ မြောက်ပိုင်းအဖွဲ့ခွဲက ဒီကိစ္စကို လွယ်လွယ်နဲ့ ငြိမ်ခံမှာမဟုတ်ဘူး။ ဒါကြောင့် အကုန်လုံး သတိထားကြ"

ယုကျင်းက အနည်းငယ်ခေါင်းညိတ်ပြပြီး "ကောင်းပြီ မင်းလည်း သတိထားပါ"

ယန်ယဲ့က ချင်ချွမ်ကို စိုက်ကြည့်ပြီး

“မင်းအဆင်ပြေရဲ့လား...”

ချင်ချွန်က ခေါင်းညိတ်လိုက်သည်။

ဒဏ်ရာရခဲ့သော်လည်း အပြင်ဒဏ်ရာသာ

အသက်မသေခဲ့ပေ။

ယန်ယဲ့က

အင်မော်တယ်သလင်းကျောက်(၁၀)လုံး

ကို ပစ်ပေးလိုက်ပြီး “ကောင်းပြီ
မင်းဒဏ်ရာတွေကို ကုသလိုက်”

စကားပြောပြီးနောက်
အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ
ကောင်းကင်အထက်သို့
ပျောက်ကွယ်သွားသည်။
ဤတစ်ကြိမ်တွင် ယန်ယဲ့၏
ရည်ရွယ်ချက်က ကျိအာပင်ဖြစ်သည်။
သူက ကျိအာကို အကူအညီတောင်းပြီး

ချင်ချွမ်နှင့် အခြားလူတိုင်းနှင့်အတူ
သေဆုံးခြင်းကမ္ဘာကနေ
ထွက်သွားခွင့်ပေးမပေးမေးမြန်းဖို့ပင်။

အချိန်တော်တော်ကြာပြီးနောက်
ယန်ယဲ့သည် ပျောက်ဆုံးနေသော
မြစ်ရှိရာသို့ ရောက်လာခဲ့သည်။
သူရောက်လာပြီးနောက် မြစ်က
ရုတ်တရက် ပေါ်လာခဲ့သည်။ ယန်ယဲ့က
တွန့်ဆုတ်မနေဘဲ မြစ်ထဲသို့ ခုန်ဆင်းရန်

ပြင်လိုက်သည်။ သို့သော် သူ့ရှေ့တွင်

ဧရာမ နတ်ဆိုးကြီးတစ်ကောင်

ပိတ်ဆို့ထားသည်။

နတ်မျိုးနွယ်၏

တော်ဝင်အစောင့်နတ်မိကျောင်း။

ယန်ယဲ့က တစ်ချက်ကြည့်လိုက်ပြီး

“ကျိအာကို တွေ့ချင်တယ်”

"အထဲဝင်လာခဲ့ပါ" အဝေးမှ
အသံတစ်သံထွက်ပေါ်လာသည်။

တော်ဝင်နတ်မိကျောင်းက ချက်ချင်းပင်
ဘေးသို့ ရွေ့သွားခဲ့သည်။ သို့သော်လည်း
ယန်ယဲ့က သူ့အား ရန်လိုပုံပေါ်သဖြင့်
နောက်ကနေ လိုက်လာခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက်

ယန်ယဲ့က နတ်ခန်းမအထဲသို့

ရောက်လာခဲ့သည်။

ဤအချိန်တွင်

ကျိအာတစ်ယောက်တည်းသာ ရှိခဲ့သည်။

“နင်တစ်ခုခု လိုသေးလား...” ကျိအာက

မေးလိုက်သည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်

“သေဆုံးခြင်းကမ္ဘာကို ချိတ်ပိတ်ထားတဲ့

မဟာအစီအရင်က

မင်းလုပ်လိုက်တာလား…”

သူမက ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ် ဘာကြောင့်လဲ…”

“မျှော်လင့်ထားတဲ့အတိုင်းပဲ”

ယန်ယဲ့က "ယာယီပြန်ဖျက်လို့ရမလား..."

ကျိအာက ခေါင်းယမ်းပြသည်။

"မဖြစ်နိုင်ဘူး"

ယန်ယဲ့က အံ့ဩသွားသည်။

"ဘာလို့လဲ..."

ကျိအာက ယန်ယဲ့ဆီသို့ လျှောက်လာပြီး

"ငါနင့်ကို

ပြောလို့မရတဲ့အရာတွေရှိတယ်။

နင်ဘာကြောင့် ဒီကိုရောက်နေတာလဲ

ငါသိတယ်။

ဒါပေမဲ့အဲ့ဒါကကြီးမားတဲ့သက်ရောက်မှု

တွေရှိတယ်။ အဲ့ဒါကြောင့်

နင်လိုချင်တာကို ငါမပေးနိုင်ဘူး”

ယန်ယဲ့က “မင်းငါတို့ကို အပြင်ကို

ပို့ပေးလို့ရမလား…”

ကျိုအာက ခေါင်းကို အနည်းငယ်
ခါယမ်းလိုက်သည်။ “ငါနင့်ကို
ပြောခဲ့တယ် အနည်းဆုံးတော့
အခုလောလောဆယ် ဘယ်သူမှ
ဒီနေရာကနေထွက်သွားလို့မရဘူး။
ဒါပေမဲ့ နင်စိုးရိမ်စရာတော့ မလိုဘူး
မကြာခင်ထွက်သွားနိုင်လိမ့်မယ်။
သိပ်တော့ ကြာမှာမဟုတ်ဘူး”

ယန်ယဲ့က သူမကို ကြည့်ရင်း

“မင်းဘာလုပ်ဖို့ စီစဉ်နေတာလဲ...”

ကျိအာကပြုံးပြီး “သိချင်နေတာ

သေချာလား...”

ယန်ယဲ့က ငြိမ်သွားသည်။

သူ့ပင်ကိုယ်က မသိဖို့က ပိုကောင်းသည်
မဟုတ်လျှင် သေချာပေါက်
ပြဿနာမတက်မည်ဟု ပြောနေခဲ့သည်။

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၃၄၃

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ယန်ယဲ့က ငြိမ်သွားပြီး ဤအချိန်တွင် ကျိအာကရုတ်တရက်ပြောခဲ့သည်။ ''

နင်က

အထွင့်မှုအထိပ်ဆင့်ညဏ်အလင်းသခင်အ ဆင့်ကိုရောက်ချင်လား'' ဟုမေးခဲ့သည်။

ယန်ယဲ့က သူမကို

ပြန်မဖြေဘဲအနည်းငယ်သတိထားကာ ''

ဘာကိုပြောချင်တာလဲ ''

ကျိအာက ပြန်ပြောသည်။ '' ငါနင့်ကို ထိခိုက်စေချင်ရင် ခုခံနိုင်မှာမဟုတ်ဘူး ဟုတ်တယ်မလား''

ယန်ယဲ့က '' မင်းရဲ့အခြေအနေက ဘာအလိုရှိလဲ ငါ့ကိုပြောလိုက် ''

'' မဆိုးဘူး ဉာဏ်ကောင်းတယ် '' ကျိအာကပြောပြီး '' တကယ်တော့

ငါ့အခြေအနေက အရမ်းရိုးရှင်းပါတယ်

နင့်ရဲ့အဓိပတိဓားကို ခဏငှားချင်တယ်''

''ငါ့ဓားကို ငှားမှာလား '' ယန်ယွဲ့က

မျက်မှောင်ကြုတ်လိုက်သည်။

'' ဘာကြောင့်လဲ...''

'' ငါ့မှာအကြောင်းပြချက်ရှိတယ်''

ကျိအာက '' နှစ်ရက်ပဲယူသုံးမယ် ပြီးရင်

နှင့်ကိုငါပြန်ပေးမယ် လျော်ကြေးအနေနဲ့

နှင့်ကို အဆင့် (၅)

ညဏ်အလင်းသခင်ဖြစ်အောင်

ငါကူညီပေးမယ်''

အဆင့် (၅) ညဏ်အလင်းသခင်။

ပြောစရာမလိုအောင်ပင်။ ယန်ယွဲ့သည်

သွေးဆောင်ခံရသည်။ ဤအချိန်တွင်

သူက အဆင့်

(၃)ညာဏ်အလင်းသခင်ဖြစ်နေသည်။

သို့သော် အဆင့် (၅)

ညာဏ်အလင်းသခင်ဖြစ်ဖို့ အနည်းငယ်

အလှမ်းဝေးနေသေး၏။

သာမန်အခြေအနေအရ အဆင့် (၅)

ညာဏ်အလင်းသခင်ဖြစ်လို့ပါက

အနည်းဆုံး အချိန် ၂နှစ်မှ ၃နှစ်အထိ

ကျင့်ကြံရပေမည်။

ယန်ယဲ့က

အချိန်တော်တော်ကြာတွေးတောပြီးနော

က် အစိပတိဓားကိုထုတ်ယူလိုက်ပြီး ''

နတ်မျိုးနွယ်ဝင်တွေကို

အများကြီးသတ်လိုက်တဲ့...မင်းမလုပ်ဘူး

...'' ယန်ယဲ့ကဆက်မပြောတော့ပေ။

ကျိအာက '' ဓားကိုလက်စားချေဖို့

ငါ့ဒီလောက်ထိ

သဘောထားမသေးသိမ်ဘူး။

တခြားသူလက်ထဲမှာသာဆိုရင် ဒီဓားကို

သေချာပေါက်ဖျက်ဆီးလိုက်မှာပဲ ဒါပေမဲ့

နင့်လက်ထဲမှာရှိတဲ့

တစ်ခုခုအကြောင်းရှာဖို့ နင့်ဆီက

ယာယီငှားချင်တာပဲ။

ဒါကရိုးရှင်းပါတယ်''

ယန်ယဲ့က ခဏလောက်စဥ်းစားပြီး ''

ကောင်းပြီ '' စကားပြောပြီးနောက်

ဓားကိုကမ်းပေးလိုက်သည်။

ကျိုအာက '' စားကိုမယူသေးဘဲ

ဘေးကိုကြည့်ကာ ဦးလေးကွမ်

မင်းကိုထားခဲ့လိုက်မယ်''

ခဏအကြာတွင်

အဖြူရောင်ဝတ်ရုံအဘိုးကြီးတစ်ယောက်

ဖြည်းညင်းစွာလျှောက်လာသည်။ သူက

ယန်ယဲ့ဆီကိုသွားပြီး ''ကျေးဇူးပြုပြီး

ငါနဲ့လိုက်ခဲ့ပါ''

ထို့နောက်တွင် ယန်ယွဲ့သည်

အဖြူရောင်ဝတ်ရုံအဘိုးကြီးနဲ့အတူ

ခန်းမထဲမှထွက်လာခဲ့သည်။

ဤအချိန်တွင် နေရာတွင်

''ထိုက်တန်လား''

ကျိအာက

မျက်လုံးများကိုဖြည်းညင်းစွာမှိတ်လိုက်

ပြီး '' သူသာဆိုရင် ထိုက်တန်ပါတယ်''

ယန်ယဲ့သည်

အဖြူရောင်ဝတ်ရုံအဘိုးကြီးနဲ့အတူ

ခန်းမထဲမှထွက်လာခဲ့သည်။

ယန်ယဲ့က '' ငါတို့ဘယ်သွားကြမလို့လဲ''

အဘိုးကြီးက '' မင်း ငါ့သခင်ကို ဘယ်လိုတွေ့ခဲ့တာလဲ''ဟု ပြန်ဖြေသည်။

ယန်ယဲ့က အဘိုးကြီးကို တစ်ချက်ကြည့်လိုက်သည်။ '' မတော်တဆတွေ့တာ၊ ဘာကြောင့်လဲ ''

အဘိုးကြီးက ခေါင်းကိုအနည်းငယ်ခါယမ်းကာ ''ငါက သိချင်ရုံပဲ''

စကားပြောနေရင်း

လှမ်းကြည့်လိုက်သည်။ ထိုနေရာတွင်

ထူးဆန်းသောခန်းမတစ်ခုရှိနေသည်။

ခန်းမက ဘဲဥပုံစံအနက်ရောင်ဖြစ်ကာ

လျှို့ဝှက်ဆန်းကြယ်သောအလင်းတန်း

များထွက်လာသည်။

အဘိုးကြီးက ''အသူရာနယ်မြေ''

'' အသူရာနယ်မြေလား...'' ယန်ယဲ့က
ထိုခန်းမကိုလှမ်းကြည့်ပြီး
''မင်းဘာကိုဆိုလိုချင်တာလဲ''

အဖြူရောင်ဝတ်ရုံအဘိုးကြီးက ''
နတ်မျိုးနွယ်ရဲ့
ညာဏ်ကြီးရှင်တွေကိုမွေးထုတ်ဖို့
နည်းလမ်းတွေအများကြီးရှိတယ်။
အသူရာနယ်မြေက
အဲဒီနည်းလမ်းတွေထဲက

တစ်ခုဖြစ်တယ်။ ဒါဟာ
နည်းလမ်းတွေထဲကမှ
အရက်စက်ဆုံးနဲ့အကြမ်းကြုတ်ဆုံးတစ်
ခုပဲ''

စကားပြောပြီးနောက်
ခန်းမအဝင်သို့ရောက်လာကြသည်။
ဤအချိန်တွင် အဘိုးကြီးက ယန်ယဲ့ကို
လှည့်ကြည့်ကာ ''အသူရာခန်းမကို
ငရဲလေ့ကျင့်ရေးခန်းမလို့လည်းခေါ်တယ်

။ သခင်က မင်းကို အဆင့်

(၅)ညဏ်အလင်းသခင်ဖြစ်အောင်

ကူညီပေးချင်တယ်။ ပြီးတော့

ဘယ်လိုဘေးထွက်ဆိုးကျိုးမှ

မဖြစ်စေချင်ဘူး။ ဒါကြောင့်မင်းအတွက်

ဒီနေရာကို ငါရွေးချယ်လိုက်တယ်။

ငါ့နည်းလမ်းက

တော်တော်ကိုရိုးရှင်းပါတယ်။

မင်းရဲ့အလားအလာကို တတ်နိုင်သမျှ

ထုတ်ဖော်ဖို့ပဲ။ ဒါပေမဲ့ အန္တရာယ်က

နည်းနည်းရှိတော့

စိတ်ပိုင်းဆိုင်ရာတော့ကြို့ပြီးပြင်ဆင်ထား

သင့်တယ်''

ယန်ယဲ့က ခန်းမကိုဆိုက်ကြည့်ကာ

အနည်းငယ်ခေါင်းညိတ်လိုက်သည်။ ''

ငါအဆင်သင့်ဖြစ်ပြီ ''

အဘိုးကြီးက ခေါင်းညိတ်ပြပြီး

သူ့ညာလက်ကိုမြှော့ယမ်းလိုက်သည်။

ထိုခဏလေးမှာပဲ

ယန်ယဲ့၏ခြေထောက်အောက်၌

အပြာရောင်အလင်းစက်ဝိုင်းတစ်ခုပေါ်

လာသည်။ ထိုနေရာမှာပဲ

ယန်ယဲ့၏ပုံရိပ်က

ပျောက်ကွယ်သွားသည်။

ဤအချိန်တွင် ယန်ယဲ့သည်
ရုတ်တရက်မှူးဝေသွားသော်လည်း
သိပ်မကြာလိုက်ပေ။ ထိုခံစားချက်
ပျောက်ကွယ်သွားသည်။ ယန်ယဲ့သည်
သူ့မျက်လုံးကိုဖွင့်လိုက်သည်။ သို့သော်
ဘာမှမမြင်ရပေ။ ပတ်ဝန်းကျင်က
အမှောင်အတိဖြစ်နေသည်။

ရုတ်တရက် ''ဆူးးးး''
ယန်ယဲ့၏ပုံရိပ်ကလွင့်ထွက်သွားကာ

သူ့နောက်ကျောတွင်ဆုတ်ပြဲနေသော ဒဏ်ရာတစ်ချက်ပေါ်လာသည်။

ယန်ယဲ့က မြေပြင်ကိုထိလိုက်သောအခါ သိသိသာသာအံ့အားသင့်သွားသည်။ '' ဘာကောင်တုန်း ''

''ဆူး…''

ဤအချိန်တွင် ယန်ယဲ့၏ရင်ဘတ်က

ရုတ်တရက်ကွဲထွက်သွားသည်။

သွေးစီးကြောင်းတစ်ခု

ဖြန်းခနဲပန်းထွက်သွားသည်။

ယန်ယဲ့၏အမူအရာက

နောက်ဆုံးတွင်ပြောင်းလဲသွားသည်။

''ဆူး...ဆူး...ဆူး''

သိပ်မကြာလိုက်ပေ။ ယန်ယဲ့ဆီက

သွေးများ

ဖြန်းခနဲပွင့်ထွက်သွားသောအသံအဆက်

မပြတ်ပဲ့တင်ထပ်နေသည်။

သို့သော်လည်း ယန်ယဲ့သည်

ပြိုင်ဘက်ကိုလုံးဝမမြင်နိုင်ပေ။

''ဆူး...ဆူး...ဆူး''

ဤအချိန်တွင်

ယန်ယဲ့၏ခန္ဓာကိုယ်ပေါ်တွင်

နောက်ထပ်ဒဏ်ရာအပေါက်တစ်ခုပေါ်

လာကာ သွေးများပန်းထွက်လာသည်။

ပြိုင်ဘက်ကနောက်ပြန်ဆုတ်နေခြင်းမဟု

တ်ပေ။ သူ၏ခန္ဓာကိုယ်က

သန်မာလွန်းသောကြောင့်

တစ်ကိုယ်လုံးပြတ်တောက်မသွားနိုင်ပေ။

သို့သော်

ထိုအတိုင်းဆက်သွားနေမည်ဆိုလျှင်
သွေးစွမ်းအင်များအားလုံး
ကုန်ဆုံးသွားပေမည်။

အပြင်ဘက်တွင် ကျိအာက
အဘိုးကြီးကွမ်နားတွင်ရပ်နေသည်။ ''
ယန်ယွဲ့...သူ့အဆင်ပြေမလား''
ဟုတိုးတိုးလေးမေးခဲ့သည်။

အဘိုးကြီးက

ခဏလောက်ငြိမ်သက်သွားပြီး '' သူ့မှာ

ပြဿနာနည်းနည်းရှိလို့

သူ့ကိုယ်သူကောင်းကောင်းမထိန်းနိုင်

သေးဘူး''ဟု ပြန်ဖြေသည်။

သူက ခန်းမဆီသို့လှမ်းကြည့်လိုက်ရင်း ''

သူက သတ္တုကောင်း

အစိတ်အပိုင်းတစ်ခုလိုပဲ ဒါပေမဲ့

သူ့မှာအညစ်အကြေးတော့နည်းနည်းရှိတ

ယ်။ အဲဒါတွေကို ဖယ်ရှားနိုင်မှပဲ

ဓားသူတော်စင်လို့ခေါ်နိုင်လိမ့်မယ်''

ဓားသူတော်စင်။

ကျိအာ၏မျက်လုံးများက

အနည်းငယ်ကျဥ်းမြောင်းသွားသည်။

ဓားသူတော်စင်ဟူသောအမည်နာမက

နတ်မျိုးနွယ်၏

အဖွဲ့ဂိုဏ်းပုဒ်တစ်ခုဖြစ်သည်။

နတ်မျိုးနွယ်က

ရှည်လျားသောသမိုင်းကြောင်းရှိခဲ့သည်။

သို့သော်လည်း

ညာဏ်ကြီးရှင်အနည်းငယ်ကသာ

ဓားသူတော်စင်ဖြစ်နိုင်ခဲ့ကြသည်။

ကျိအာက '' သူက ဓားသူတော်စင်ဖြစ်ဖို့

အလားအလာရှိသလား''

အဘိုးကြီးက

အနည်းငယ်ခေါင်းညိတ်ပြသည်။

ဓားသူတော်စင်။

''သူ့ရဲ့ဓားက သူ့ကိုယ်ပိုင်ဓားတာအို

အဲဒီထဲမှာ

တခြားတာအိုတွေအများကြီးရှိပေမဲ့

အုတ်မြစ်ကတော့

သူ့ကိုယ်ပိုင်ဟာန်ဖြစ်နေတုန်းပဲ။

သေချာတာကတော့ သူက

အဆင့်မြင့်ပညာရှင်တစ်ပါးရဲ့လမ်းညွှန်

သင်ကြားမှုကိုခံရတယ်။

တကယ်တော့..." အဖိုးကြီးက ခဏရပ်ပြီး

" သူက

တချို့အရာတွေကိုစွန့်လွှတ်ပြီးတော့

ဓားတာအိုကိုပဲ

အပြည့်အဝဆက်လျှောက်မယ်ဆိုရင်

ဒီထက်ပိုပြီး

ကြောက်စရာကောင်းလာလိမ့်မယ်''

'' ဒါဆို

သူကိုယ်တိုင်ကမဖြစ်နိုင်လောက်ဘူး ''

ကျိုအာက '' ငါသူ့ကိုသတ်ဖို့

ဘယ်နှခေါက်လောက်တွေ့ဖူးလဲသိလား''

အဘိုးကြီးက '' ဘာဖြစ်လို့လဲ''

ဟုမေးလိုက်သည်။

ကျိုအာက '' သူပိုင်ဆိုင်တဲ့ပစ္စည်းအချို့က

ငါ့အတွက်

အတော်လေးစွဲဆောင်မှုရှိတယ်။

ငါဒါတွေကိုရခဲ့ရင်

သေချာပေါက်အထောက်အကူဖြစ်မှာပဲ။

ဒါပေမဲ့ ငါ့ကိုယ်ငါ သူ့ကိုသတ်နိုင်မယ်လို့

တစ်ခါမှ မယုံကြည်ခဲ့ဘူး''

အဘိုးကြီးက '' ဘာဖြစ်လို့လဲ ''

ကျိအာက ခန်းမဆီသို့လှမ်းကြည့်ကာ "

သူ့ရဲ့ရိုးသားမှုနဲ့သစ္စာရှိမှုကြောင့်ပဲ"

အဘိုးကြီးက

အနည်းငယ်ခေါင်းညိတ်ပြသည်။ "

ငါတွေ့မိတယ်"

ဤအချိန်တွင် ကျိအာက အဘိုးအိုအား

အဖြူရောင်ပုလင်းသေးသေးလေးတစ်

လုံးပေးလိုက်သည်။ ''
ဒါကိုသူထွက်လာတာနဲ့ပေးလိုက်ပါ''

အဘိုးကြီး၏ အမူအရာက
ကြောင်သွားပြီး ''ဆရာ အဲဒါက...''

ကျိအာက '' သူနဲ့ရန်သူမဖြစ်ဘူးလို့
ငါရွေးချယ်ခဲ့တာဆိုတော့
မိတ်ဆွေဖြစ်ဖို့အစွမ်းကုန်ကြိုးစားသင့်တ
ယ်။ သူက သစ္စာရှိပြီး

ငါတို့ပြသတဲ့ကြင်နာမှုကို

သတိရနေမှာသေချာတယ်။ ဒါကြောင့်

ငါတို့အတွက် နစ်နာစေမဲ့အရာကို

သူဘာမှလုပ်မှာမဟုတ်ဘူး။

ဒါကြောင့်စိတ်ပူနေစရာမလိုဘူး''

အဘိုးကြီးက

ခဏတုံ့ဆိုင်းသွားပြီးခေါင်းညိတ်ကာ

''မင်းသမီးရဲ့အမိန့်အတိုင်းပါ''

သူမက အနည်းငယ်ခေါင်းညိတ်ပြသည်။

ကောင်းကင်ကိုတစ်ချက်ကြည့်လိုက်သ

ည်။ ထို့နောက် '' ဦးရီးတော်ကွမ်

သူ့အတွက်

ဒီမကောင်းဆိုးဝါးလက်နက်ကို

ကိုင်တွယ်ဖြေရှင်းပေးနိုင်မလား''

အဘိုးကြီးက ''

သီးသန့်ထားလိုက်တာအကောင်းဆုံးပဲ''

ဟုလေးနက်စွာပြောခဲ့သည်။

သူမက

''ဘာကြောင့်လဲ''ဟုမေးလိုက်သည်။

အဘိုးကြီးက သူတို့နောက်ကို

တစ်ချက်ကြည့်လိုက်ပြီး ''အဲဒီအရာမှာ

ညဏ်ရည်ညဏ်သွေးအပြည့်ရှိတယ်။

ငါတို့က ဒါကိုဆန့်ကျင်ရင်

သူမကျေမနပ်ဖြစ်မှာသေချာတယ်။

တတ်နိုင်ရင်တော့ သွားဝင်မပါနဲ့ ဒါပေမဲ့

မတတ်နိုင်ရင်

ငါတို့ရင်ဆိုင်ရမဲ့ပြဿနာက

ပြင်းထန်လိမ့်မယ်"

ကျိအာက "

ငါတို့သတ်လို့မရဘူးလား...ငါတို့

လုပ်နိုင်မယ်ထင်တယ်"

အဘိုးကြီးက ခေါင်းခါရင်း ပြန်ပြောသည်
'' ဒါပေမဲ့ တန်ကြေးတစ်ခုတော့
ပြန်ပေးရမယ်''

ကျိအာက '' ဘယ်လိုတန်ကြေးလဲ''

''မင်းရဲ့နတ်မျိုးနွယ်ပြန်ပေါ်လာပြီးဆိုတာ
သတင်းပျံ့သွားနိုင်တယ်'' နောက်ဘက်မှ
အေးစက်စက်အသံတစ်သံထွက်ပေါ်လာ
သည်။

ကျိအာက လှည့်ကြည့်လိုက်ရာ

သူမနှင့်သိပ်မဝေးသောနေရာတွင်

အနီရောင်အလင်းလုံးကိုမြင်လိုက်သည်။

အနီရောင်အလင်းလုံးက

ဆက်ပြောလိုက်သည်။

''ငါပျက်စီးသွားရင် ဒီနေရာက

ချက်ချင်းပြိုကျသွားလိမ့်မယ်။ ဒါပေမဲ့

မင်းရဲ့နတ်မျိုးနွယ်က

လွှန်ခဲ့တဲ့အတိတ်ကလိုမျိုး

နတ်မျိုးနွယ်မဟုတ်တော့ဘူး။

အချိန်မတန်သေးခင်

မျိုးနွယ်ခြားတွေနဲ့ထိပ်တိုက်တွေ့ရင်

နတ်မျိုးနွယ်က

သေချာပေါက်ဖျက်ဆီးခံရလိမ့်မယ်''

''မင်းဘယ်လိုလုပ်

ပြောဝံ့သလဲ''အဖြူရောင်ဝတ်ရုံအဘိုး

ကြီးက

သူ့၏ညာလက်ကိုဝှေ့ယမ်းလိုက်ရာ

အဖြူရောင်အလင်းတန်းများလင်းလက်လာသည်။

''ဘုန်း...''

အနီရောင်မီးလုံးက (၃) ကီလိုမီတာအကွာသို့လွင့်ထွက်သွားသည်။ သို့သော်လည်း ခဏအကြာတွင် မရေမတွက်နိုင်သောအနီရောင်အလင်းတန်းများ လေထဲသို့လွင့်ပျံလာသည်။

ထို့နောက် ကီလိုမီတာရာချီသော

အာကာသပြင်က ပြင်းထန်စွာ

တုန်ခါလာပြီး ''ရပ်လိုက်စမ်း''

အေးစက်စက်

အသံတစ်သံထွက်ပေါ်လာပြီးနောက်

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအားလှိုင်းကြီးပေါ်လာသည်။

ထို့နောက် ပတ်ဝန်းကျင်ရှိ

အာကာသပြင်သည်

တဖြည်းဖြည်းပုံစံပျက်ယွင်းလာသည်။

အဖိုးကြီးက

ထပ်မံတိုက်ခိုက်ဖို့ပြင်လိုက်သည်။

သို့သော်လည်း ကျိအာက

သူမ၏လက်ကိုဝှေ့ယမ်းကာ

''လွှဲချလိုက်'' အဖိုးကြီးက

အနည်းငယ်ခေါင်းညိတ်ပြပြီး

ရပ်လိုက်သည်။

ကျိအာက

အနီရောင်အလင်းလုံးကိုစိုက်ကြည့်ရင်း

''နတ်မျိုးနွယ်ကခွန်အားတွေကျဆင်း

သွားပေမဲ့ နင့်ကို

အသာလေးသတ်နိုင်သေးတယ်''

''ဟုတ်လား'' အနီရောင်အလင်းလုံးက
ပြင်းပြင်းထန်ထန်ရယ်မောရင်း ''ငါက
လောကသုံးပါးနဲ့အတူမွေးဖွားလာခဲ့တယ်
။ ဒီစကြဝဠာမဟုတ်သေးဘူး
ဒီလောကသုံးပါးရဲ့အနှစ်သာရနဲ့ဆက်စပ်
နေတယ်။ ငါ့ကိုသတ်လိုက်တာက
ဒီလောကရဲ့အနှစ်သာရကိုပျက်စီးစေလိ
မ့်မယ်။ အတိတ်တစ်ချိန်က
နတ်မျိုးနွယ်ဟာ

လောကသုံးပါးရဲ့အုပ်စိုးရှင်ဖြစ်ခဲ့တယ်။ အခု ဘာကြောင့်မကြိုးစားကြည့်တာလဲ။ ဒီလောကရဲ့ဝိညာဉ်ဖြစ်တဲ့ငါ့ကိုသတ်နိုင်မလားဆိုတာ ကြည့်လိုက်ရအောင်''

ကျိအာ၏မျက်လုံးများက အနည်းကျဉ်းလာကာတဖြည်းဖြည်းအေးခဲလာသည်။

ဤအတောအတွင်း အဘိုးကြီးက

ခေါင်းကိုအနည်းငယ်ခါယမ်းလိုက်ပြီး

''မင်းပြောတာမှန်တယ်။

ငါတို့မင်းကိုမသတ်နိုင်ပေမဲ့

ချိတ်ပိတ်ထားလို့ရသေးတယ်''

''မင်းကိုငါနဲ့အတူ ဆွဲချချင်တာလား''

အသံက အေးစက်စက်ရယ်မောရင်း

''မင်းရဲ့နတ်မျိုးနွယ်က လုပ်ချင်နေရင်

ငါကအဆုံးထိလိုက်ပို့ပေးမယ်''

အဘိုးကြီးက

ကျိအာကိုလှည့်ကြည့်လိုက်သည်။

ကျိအာက ဆတ်ခနဲရယ်လိုက်သည်

''နင်သူ့ကို သခင်အဖြစ်

အသိအမှတ်ပြုချင်ရင်

သူ့ကိုသတ်လိုက်ပြီးတော့

နင့်ကိုယ်နင်ပြီးပြည့်စုံအောင်ဖန်တီးချင်

တယ် ဟုတ်တယ်မလား''

အနီရောင်အလင်းလုံးက

အေးစက်စက်နှင့် '' ဒါဆို

ငါဘာလုပ်ရင်ကောင်းမလဲ''

ကျိအာက တခစ်ခစ်ရယ်မောရင်း ''

ကံဆိုးလိုက်တာ...နင်က

ဒါကိုမလုပ်ရဲဘူး''

အနီရောင်အလင်းလုံးက

တိတ်ဆိတ်သွားသည်။

ကျိုအာက လျစ်လျူရှုလိုက်ပြီး '' နင့်ကို

သတိပေးပါရစေ။ တကယ်လို့

နင်သူ့ကိုသတ်ဖို့ကြံလိုက်ရင်

ကောင်းကင်ဘုံက

ဆင်းပြီးကူညီရင်တောင်

အသက်မရှင်နိုင်ဘူး။

အကျိုးကျေးဇူးကိုကြည့်ပြီး

အန္တရာယ်ကိုလျစ်လျူရှုထားတယ်။

သူက တာအိုလမ်းစဉ်နဲ့

လက်နက်လမ်းစဉ်ရဲ့အမွေအနှစ်ကိုပိုင်ဆို
င်ထားတယ်။
အထွင့်အမြွတ်ပညာရှင်နှစ်ယောက်ရဲ့ကံ
တရားနဲ့ဆက်စပ်နေတယ်။ နင့်ကိုမပြောနဲ့
ငါ့နတ်မျိုးနွယ်တောင်မှ သူ့ကို
စိတ်ထင်တိုင်းအရှုးအမူးမသတ်ရဲဘူး။
နင့်အတွက်ကတော့ တာအိုလမ်းစဉ်
ဒါမှမဟုတ် လက်နက်လမ်းစဉ်ဖြစ်ဖြစ်
အဲဒီကံကြမ္မာထိန်းချုပ်သူနှစ်ယောက်ပဲဖြ

စ်ဖြစ် အကုန်လုံးက

နင်ယှဉ်နိုင်တဲ့သူတွေမဟုတ်ဘူး''

''ဟုတ်လား''

အနီရောင်အလင်းလုံးကပြုံးပြီး

''သူ့နောက်ခံက

သာမန်မဟုတ်ဘူးလို့ဝန်ခံရမယ်

ဒါပေမဲ့ငါက

တစ်ယောက်တည်းလို့မင်းထင်နေတာ

လား''

Translated by NyiNyiSoe

May Be:

..အပိုင်း ၂၃၄၄

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

ကျိအာနဲ့

အဖြူရောင်ဝတ်ရုံဝတ်အဘိုးကြီး၏

မျက်နှာက တော်တော်လေး

မှိုင်းညို့သွားပြီး အနည်းငယ်

မျက်မှောင်ကြုတ်သွားကြသည်။

ငရဲမြေပြင်တွင် ယန်ယဲ့သည်

သွေးများဖြင့် ဖုံးလွှမ်းသွားသည်။

နေရာတစ်ခုလုံးမည်းမှောင်နေပြီး

ယန်ယဲ့ဆီမှ သွေးများ မကြာခဏ

ပန်းထွက်နေသည်။

တမင်မရှောင်တိမ်းပဲနေတာ မဟုတ်ပေ။

မရှောင်တိမ်းနိုင်လို့ပါ။ သူ့အား
တိုက်ခိုက်သည့်အရာများက
လျင်မြန်လွန်းသဖြင့်
ရှောင်တိမ်းလို့မရခဲ့ပေ။

ဓားနယ်မြေ။

ယန်ယဲ့က ဓားနယ်မြေကိုအသက်သွင်းဖို့
တွေးဖူးသည်။ သူသည်ဓားနယ်မြေကို
အသုံးပြုပါက

သေချာပေါက်ရှာတွေ့နိုင်ပါလိမ့်မည်။

သို့ရာတွင် အဘိုးကြီးက

တားမြစ်ထားသည်။ သူက မသုံးနိုင်ပေ။

ယန်ယဲ့သည် အလွန်အံ့သြသွားသည်။

သို့သော် သူသည်

အဘိုးကြီး၏စကားကိုနားထောင်ပြီး

အသုံးမချခဲ့ပေ။ အမှောင်ထဲတွင်

ယန်ယဲ့သည် ရှံဖန်ရှံခါ သွေးများ ဖြန်းခနဲ

ပန်းထွက်နေသည်။သို့သော်

သူ၏မျက်လုံးများကို

ဖြည်းညင်းစွာမှိတ်ထားလိုက်သည်။

သူက အာရုံခံကြည့်ဖို့ ကြိုးစားနေသည်။

အမှောင်ထဲရှိ အရာက

သူမျက်လုံးများဖြင့်

ဖမ်းယူနိုင်သမျှထက်ပင်

ပိုမြန်သောကြောင့်

တိုက်ရိုက်အမြင်အာရုံဖြင့် သုံးမထားပေ။

တာအိုနှလုံးသားကိုသာ အသုံးပြုခဲ့သည်။

သို့တိုင် ဘာမှ မမြင်နိုင်ပေ။  သူ၏

တာအိုနှလုံးသားက

ဘာမှအာရုံမခံစားနိုင်ပေ။ ယန်ယဲ့သည်

တော်တော်လေး

စိတ်ဓာတ်ကျသွားသည်။

ဤအချိန်တွင် အဘိုးကြီး၏ အသံက

ယန်ယဲ့၏စိတ်ထဲတွင်

ပဲ့တင်ထပ်လာသည်။"လောကမှာ

မျက်လုံးလေးမျိုးရှိတယ်။

သာမန်မျက်လုံး၊

တာအိုနှလုံးသားမျက်လုံး၊

ကောင်းကင်ဘုံတာအိုမျက်လုံး”

အဘိုးကြီးက ခဏရပ်ပြီး "မင်းက

နှလုံးသားမျက်စိကို ရနေပြီ။ ဒါပေမဲ့

ဒီလောက်ထိ

နားလည်သဘောပေါက်ဖို့တော့

ဝေးသေးတယ်။

မင်းနောက်ကလိုက်လာတဲ့

မကောင်းဆိုးဝါးလက်နက်ကို မမြင်နိုင်တဲ့
အကြောင်းအရင်းက မင်းရဲ့
အမြင်အာရုံဟာ မလုံလောက်လို့ဘဲ "

ယန်ယဲ့က "ကောင်းကင်ဘုံကို
ဘယ်လိုမြင်ရမှာလဲ" ဟုမေးလိုက်သည်။

"ဒါက အရမ်းရိုးရှင်းပါတယ်"

အဘိုးကြီးက “လောကကို အာရုံခံစားပြီး ထိန်းချုပ်လိုက်။ အရာခပ်သိမ်းကို မြင်နိုင်တဲ့ မင်းရဲ့မျက်လုံးတွေ ဖြစ်လာအောင် အရာခပ်သိမ်းရဲ့ ဝိညာဉ်စွမ်းအင်ကို အာရုံခံရမယ်”

“လောကကို ခံစားပါ”

ယန်ယွဲ့သည် သူ့ဆီမှ သွေးများ အဆက်မပြတ် စီးကျနေသည့်အချိန်တွင်

ငြိမ်သွားသည်။ အချိန်များ တရွေ့ရွေ့နှင့်

ကုန်ဆုံးလာ၏။ ထိုနောက် ယန်ယွဲ့သည်

ရုတ်တရက် မျက်လုံးပွင့်လာပြီး

သူ့ဘယ်ဘက်ဆီသို့ လှမ်းဆွဲလိုက်သည်။

သူက သွေးနီရောင်

လက်သည်းတစ်ဖက်ကို

ဆုပ်ကိုင်မိလိုက်သည်။ ထို့နောက်

ဆောင့်ဆွဲလိုက်သည်။

“ဘုန်း”

အမှောင်ထဲတွင် တစ်စုံတစ်ခု
ပေါက်ကွဲသွားသည်။

"မင်းနည်းနည်း နားလည်သွားပုံပဲ"

အဘိုးကြီးရဲ့အသံက
ယန်ယဲ့၏စိတ်ထဲတွင်
ပဲ့တင်ထပ်လာသည်။ "ဒါပေမဲ့
ဒါကအစပဲရှိသေးတယ် ဘာကြောင့်

ဒီနေရာကို ငရဲနယ်မြေလို့ ခေါ်လဲဆိုတာ
မင်းမကြာခင် သိလိမ့်မယ်”

အဘိုးကြီး၏ စကားဆုံးသည်နှင့်
ယန်ယွဲ့သည် အမှောင်ထဲတွင်
သွေးရောင်နီရဲနေသော
မျက်လုံးပေါင်းများစွာကို
တွေ့လိုက်ရသည်။ ယန်ယွဲ့သည်
အသက်ပြင်းပြင်းရှူလိုက်ပြီး

သူ့ညာလက်ကို အနည်းငယ်လှုပ်လိုက်ရာ ဓားတစ်ချောင်းပေါ်လာသည်။

“မင်းက ငရဲနယ်မြေကို တွေ့ကြုံခံစားပြီးတာနဲ့ မင်းရဲ့ဓားဟာ ပိုပြီး ထက်မြတ်ပြီးတော့ ကြမ်းတမ်းရက်စက်လာလိမ့်မယ် ”

အဘိုးကြီး၏အသံက ထပ်မံ ပဲ့တင်ထပ်ကာ “ဟုတ်တယ်

ကြိုတင်သတ်မှတ်ချက်ကတော့ မင်းဟာ ဒီနေရာမှာ အသက်ရှင်နေခဲ့ရမယ်”

“ဆူး…”

အဘိုးကြီး စကားဆုံးသည်နှင့် ဓားကိုင်ထားသော လက်တဖက်က လေထဲတွင်ပျံတတ်လာသည်။

ယန်ယွဲ့က ထိန်းချုပ်ထားခြင်းပင်။

လက်မရှိသော ဓားကျင့်ကြံသူသည်

ဓားကျင့်ကြံသူ ဖြစ်နေဆဲပင်။

အသူရာ နယ်မြေအပြင်။

ကျိအာက

တိုးတိုးလေးပြောလိုက်သည်။“သူက

ဒါကို မထိန်းနိုင်လောက်တော့ဘူး”

အဘိုးကြီးက ခဏမျှ တိတ်ဆိတ်သွားပြီး
“ သူစွန့်စားဖို့
ရွေးချယ်နိုင်တယ်”ဟုပြန်ဖြေသည်။

သူမက စကားမပြောဘဲ အဘိုးကြီးကို
စိုက်ကြည့်နေသည်။

အဘိုးကြီးက တိုးတိုးလေး
ပြောလိုက်သည်။ “မင်းသမီး၊
ဘယ်ပညာရှင်ကမျှ ငရဲနယ်မြေကို

မဖြတ်သန်းဖူးလို့လဲ...။

သက်သောင့်သက်သာနဲ့ သာမာန်ဘဝဟာ

အားနည်းသူတွေအတွက်ပဲ။ ဘာကြောင့်

သန်မာလာတာလဲ...။ အခက်အခဲတွေနဲ့

ငရဲကို မကြုံရဘဲနဲ့ ဘယ်လိုလုပ်

သန်မာလာနိုင်မလဲ...”

ကျိအာက တုံ့ဆိုင်းနေခဲ့သည်။

အဘိုးကြီးက “သူနဲ့

ဓားသူတော်စင်အကြားက အကြီးမားဆုံး

ခြားနားချက်ကို မင်းသမီးသိလား…”

ကျိအာက အဘိုးကြီးအား

စိုက်ကြည့်လိုက်ရာ ရှင်းပြသည်။

“ဓားသူတော်စင်ဆိုတာ

ဓားမပါရင်တောင်

ဓားသူတော်စင်တစ်ယောက်ဖြစ်နေတုန်း

ပဲ။ ဓားကိုဆုံးရှုံးတယ်လို့ မပြောနဲ့

လက်နှစ်ဖက်စလုံး ဆုံးရှုံးသွားရင်တောင်
သူက ဓားသူတော်စင်ဖြစ်နေတုန်းပဲ ”

ထိုနောက် အသူရာနယ်မြေကို
စိုက်ကြည့်ကာ “ဓားသမားတွေဟာ
ဓားကိုနှလုံးသားထဲမှာ ထားနေသရွေ့
သူတို့ကိုယ်တိုင်က ဓားဖြစ်လိမ့်မယ်”ဟု
ဆက်ပြောခဲ့သည်။

ကျိအာက အသူရာနယ်မြေကို
လှမ်းကြည့်ကာ
တိတ်ဆိတ်နေလိုက်သည်။
အသူရာနယ်မြေတွင် ယန်ယဲ့၏လက်များ
ပျောက်ကွယ်သွားသဖြင့် ဆက်ပြီး
ရှောင်တိမ်းဖို့ကလွဲလို့
ရွေးချယ်စရာမရှိတော့ပေ။

ဤတစ်ကြိမ်တွင် ယန်ယဲ့သည်
စစ်မှန်သောသေဆုံးခြင်းကို

လက်တွေ့ခံစားခဲ့ရပုံပင်။ အထူးသဖြင့်

သူ၏လည်ချောင်းမှာ ကုပ်ခြစ်ရာပင်။

အလျင်အမြန် မတုံ့ပြန်နိုင်လျှင်

လည်ချောင်းတစ်ခုလုံး

ကွဲထွက်သွားပေမည်။

သူ့အားတိုက်ခိုက်နေသော အရာများက

သာမာန်အသိတာအိုများထက်

အဆပေါင်းများစွာ သန်မာခဲ့သည်။

လက်ရှိ သူ့အခြေနေက အတော်လေးကို

ဆိုးရွားလှသည်။ သူသည်

ခွန်အားမရှိသလို ခံစားရသည်။

အမှန်တော့ ယန်ယဲ့အတွက် ထိုကဲ့သို့

မခံစားရသည်မှာ

အချိန်တော်တော်ကြာခဲ့ပြီ ဖြစ်သည်။

အတိတ်တွင် သူ့လက်ထဲ၌ ဓားရှိခဲ့သည်။

ဤကဲ့သို့ အခြေအနေမျိုးကို တစ်ခါမှ

မရောက်ဖူးပေ။ သို့သော်လည်း

လက်ရှိတွင် သူ့လက်နှစ်ဖက်လုံး

ဆုံးရှုံးသွားပြီး အားနည်းသည်

ဟုခံစားလိုက်ရသည်။

ဤခံစားချက်မျိုးက သူ၏ ခွန်အားနဲ့သာ

သက်ဆိုင်သည်မဟုတ်။ ၎င်းသည်

သူ့နှလုံးသားထဲမှ ခံစားရသည့်အရာပင်။

သူ၏ကံကြမ္မာကို လက်ခံလိုသော

အရိပ်အယောင်များ ပြသနေသည်။

ယန်ယဲ့သည် ထိုအတွေးကို

ခံစားမိလိုက်သောအခါ

ရုတ်တရက်လန့်နိုးလာသလိုပင်။

ထို့နောက် သူသည် သူ့ကံကြမ္မာကို

လက်ခံဖို့ အမှန်တကယ်

တွေးနေမှန်းသိလိုက်သဖြင့်

အံ့သြသွားမိသည်။ သူ၏ကံကြမ္မာကို

လက်ခံခြင်းသည် အရာရာကို

စွန့်လွှတ်လိုက်ခြင်းနှင့် ညီမျှသည်။

ယန်ယဲ့သည် မျှော်လင့်ချက်မဲ့သော

အခြေအနေတွင် ထိုကဲ့သို့သော

အတွေးမျိုးအမှန်တကယ်ရှိလိမ့်မည် ဟု

တစ်ခါမှ မထင်ထားပေ။

အတွေးတစ်ခုမျှသာဖြစ်သော်လည်း

သူ၏စိတ်အခြေအနေက ကြီးမားသော

ချို့ယွင်းချက်ရှိခဲ့သည်ကို

သဘောပေါက်သွားခဲ့သည်။

သန်မာသူများက မည်သည့်အခါမှ

လက်မလျှော့ကြပေ။

သူ၏ခန္ဓာကိုယ်ပေါ်ရှိ

ဒဏ်ရာများကပိုများလာသည်။

မူလစေတီက

ကုသပေးသည့်အရှိန်ဖြင့်ပင် သူ့ကိုယ်သူ

မထိန်းထားနိုင်ပေ။

ထိုအတိုင်းဆက်သွားနေလျှင်

နာရီဝက်လောက်အကြာတွင်

အသတ်ခံရပေမည်။

“ငါဘာလုပ်သင့်လဲ...”

ယန်ယွဲ့သည် စိတ်ကို တည်ငြိမ်အောင်

အတတ်နိုင်ဆုံး ကြိုးစားလိုက်သည်။

“စွမ်းအင်ဓားတွေ”

ယန်ယွဲ့သည် သူ၏နှလုံးသားထဲ၌

စိတ်ဆန္ဒ တစ်ခုထုတ်လိုက်သည်။

ထိုခဏလေးမှာပဲ သူ့ပတ်ဝန်းကျင်တွင်

စွမ်းအင်ဓား (၁၀) ချောင်းပေါ်ကာ ရောမ

ဓားကြီးအဖြစ် ပြောင်းပြီး သူ့ရှေ့တွင်

ကာထားလိုက်သည်။ ဤအချိန်တွင်

စွမ်းအင်ဓားများက ယန်ယွဲ့အား

ကာကွယ်ထားသောကြောင့်

အစောပိုင်းကကဲ့သို့

အခြေအနေမဆိုးတော့ပေ။

တန်ပြန်တိုက်ခိုက်မှု။

သူ့ကိုယ်သူ

ထိုအတိုင်းခုခံထားမည်ဆိုလျှင်

အသက်ရှင်ဖို့ အခွင့်အရေးမရှိကြောင်း

ကောင်းကောင်းသိပေသည်။ ထို့ကြောင့်

ယန်ယဲ့က စပြီး တိုက်ခိုက်ဖို့
ပြင်လိုက်သည်။

အသူရာနယ်မြေအပြင်ဖက် ။

အဘိုးကြီးက ရုတ်တရက်ပြောခဲ့သည်။
“သူ့ရဲ့စိတ်ဓာတ်ခွန်အားက မဆိုးပါဘူး”

ကျိအာက

“သူကြာကြာထိန်းထားနိုင်တော့မှာ

မဟုတ်ဘူး”

အဘိုးကြီးက လျစ်လျူရှုကာ

ပြောခဲ့သည်။

“သူကိုယ်တိုင်တွေ့ကြုံခံစားပြီး

နားလည်ရမဲ့အရာတွေရှိတယ်။ ဒါမှပဲ

ထိရောက်မှာ။ သူကိုယ်တိုင်က အဲ့ဒါကို

မတွေ့ကြုံပဲ နားမလည်ရင်

သူ့ကိုငါပြောနေမဲ့အစား အဲ့ဒါက

အသုံးမကျဘူး ဖြစ်သွားလိမ့်မယ်။

ကျင့်ကြံခြင်းလမ်းကြောင်းဟာ ဒီလိုပါပဲ

အများစုက မင်းဟာ နတ်ဘုရား

ဒါမှမဟုတ်

အသုံးမကျတဲ့လူဖြစ်သွားတယ်”

ကျိအာက “ဦးရီးတော်ဂွမ်

သူအောင်မြင်နိုင်လိမ့်လို့ ထင်လား…”

အဘိုးကြီးက အသူရာနယ်မြေကို

ကြည့်ပြီး “ဘယ်သူသိနိုင်မလဲ...”

အသူရာနယ်မြေတွင်

ယန်ယဲ့၏ပတ်ဝန်းကျင်ရှိ

စွမ်းအင်ဓားများက ပိုနည်းလာသည်။

သို့သော် ဤအချိန်တွင် ယန်ယဲ့သည်

လေပေါ်တွင် တမင်ခွေ ထိုင်နေခဲ့သည်။

သူ့ပတ်ဝန်းကျင်ရှိ စွမ်းအင်ဓားများက

တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။

ထို့နောက် သိပ်မကြာလိုက်ပေ။
သွေးနီရောင် လက်သည်းတစ်ဖက်က
သူ့ရဲ့ခေါင်းပေါ်သို့ ဆင်းသက်လာသည်။

သွေးနီရောင် လက်သည်းထား
ခေါင်းကိုရိုက်ချလိုက်လျှင်
ဘာဆက်ဖြစ်မည်ကိုသိသာပါသည်။
ယန်ယဲ့က ရုတ်တရက်
မျက်လုံးဖွင့်လိုက်သည်။
ကွဲအက်နေသော လေတိုးသံ များ

ထွက်ပေါ်လာသည်။

ပတ်ဝန်းကျင်တွင်လည်း

တစ်စုံတစ်ခုကွဲအက်နေသည်။ အကယ်၍

တစ်စုံတစ်ယောက်က

ဤနေရာတွင်ရှိနေခဲ့ပါက ထိုလူဟာ

အဆိပ်ပြင်းသော မြွေတကောင်လို

အလင်းတန်းတစ်ခုရွေ့လျားနေသည်ကို

သတိပြုမိပေမည်။ သို့သော်

အလင်းတန်းက အမှောင်ထဲတွင်
အဆက်မပြတ် လင်းလက်နေခဲ့သည်။

အသူရာနယ်မြေအပြင်ဘက်။

ကျိအာက "သူလုပ်နိုင်ခဲ့ပြီ"

အဘိုးကြီးက ခေါင်းညိတ်လိုက်သည်။
"ဒါပေမဲ့ အဲ့ဒါက အစပဲရှိသေးတယ်"

အသူရာ နယ်မြေတွင်

တစ်ယောက်ယောက်သာရှိနေလျှင်

ယန်ယွဲ့အနားတွင် ဓားတစ်ချောင်း

ရှိနေကြောင်း သတိထားမိပေမည်။

သို့သော် ဓားက သူ့လက်ထဲမှာ

မဟုတ်ပေ။ သူ၏ခန္ဓာကိုယ်နှင့်

တစ်သားတည်းကျနေခဲ့သည်။

ဓားနှင့်လူ တစ်သားတည်း

ပေါင်းစည်းခြင်း။

အသူရာနယ်မြေတွင် အလင်းတန်းများ အဆက်မပြတ် မှိတ်တုတ်မှိတ်တုတ် လင်းလပ်နေသည်။ ထိုအတိုင်းပင် အချိန်တစ်နာရီခန့် တဖျပ်ဖျပ်လင်းလပ်နေပြီးနောက်မှ ရပ်တန့်သွားသည်။ အလင်းတန်း ပြန့်ကျဲသွားသည်နှင့် ယန်ယွဲ့သည် မြေပြင်ပေါ်သို့ ဆင်းသက်လာခဲ့သည်။

တစ်ချိန်ထဲမှာပင် သူ့ခန္ဓာကိုယ်ထဲမှ

ဓားအစစ်ကို မြင်နိုင်လိုက်သည်။

ယန်ယဲ့သည် မြေပြင်ပေါ်တွင်

အားနည်းစွာ ထိုင်နေသည်။ သူ့မျက်နှာက

အလွန်ဖြူဖျော့နေခဲ့သည်။ သူက

အားကုန်လုနီးပါးဖြစ်နေပါသည်။

ရုပ်ခန္ဓာကိုယ် သာမကဘဲ

စိတ်ဝိညာဉ်အခြေအနေပင်

ပင်ပန်းနေခဲ့သည်။

သူသေခါနီးမှာပဲ အတွေးတစ်ခု

ရုတ်တရက်ဝင်လာသောကြောင့်ပင်။

“ဓားသမားက ဓားမပါပဲ

ဓားသမားဖြစ်သလား...”

အဖြေက သဘာဝအတိုင်း မဟုတ်ပေ။

ဓားသမားတစ်ယောက်၏

နှလုံးသားထဲတွင်

ဓားတစ်ချောင်းရှိနေသရွေ့ လက်ထဲ၌
ဓားတစ်ချောင်းရှိဖို့ အရေးမကြီးပေ။
ထိုအချက်ကို တွေးမိသည်နှင့် ချက်ချင်း
ဉာဏ်အလင်း ရလာသည်။ သခင်က
သူ့လေ့လာခဲ့သည့်
ထောင်ချီသည့်ဓားနည်းစနစ်နှင့်အတူ
ဉာဏ်အလင်းတစ်ခုကို ရခဲ့သည်။

သူ့ကိုယ်သူ ဓားတစ်လက်အဖြစ်
ဖန်တီးလိုက်သည်။

သူသည် ဓားဖြစ်သည်။

လက်ထဲတွင် ဓားမရှိသောကြောင့်

သူကိုယ်တိုင်က

ဓားတစ်ချောင်းဖြစ်လာသည်။

သူ့ကိုယ်သူ ဓားတစ်လက်လို့

ဖန်တီးလိုက်သည်နှင့် ယန်ယွဲ့သည်

ဓားတာအိုထဲမှ ကမ္ဘာအသစ်တစ်ခု။

ကိုယ်ပိုင်တာအိုတစ်ခုကို

သတိထားမိလိုက်သည်။

Translated by NyiNyiSoe.

May Be:

..အပိုင်း ၂၃၄၅

[အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အဆုံးမဲ့ဓားကမ္ဘာ

သူကိုယ်တိုင်က

ဓားတစ်လက်ပင်ဖြစ်သည်။

ထိုအခြေအနေက သူ့အတွက်

ညဏ်အလင်းရသွားခြင်းပင်။

အကျိုးအမြတ်

အသစ်တစ်ခုဟုဆိုနိုင်၏။

သို့သော် သူကိုယ်တိုင်က

ညဏ်အလင်းကို

အပြည့်အဝနားမလည်သောကြောင့်

ရှင်းပြချက်မပေးနိုင်ခဲ့ပေ။ အမှန်တော့
ထိုအခြေအနေကို
အောင်မြင်အောင်လုပ်ဆောင်ဖို့က
သူ့အတွက် မခက်ခဲပါ။ အကြောင်းမှာ
သူ၏ဓားတာအိုအောင်မြင်မှုက
အားနည်းနေသောကြောင့်ဖြစ်သည်။
အထူးသဖြင့် သူသည်
လက်နက်တာအို၏
သတ်ဖြတ်ခြင်းလမ်းခြောက်သွယ်နှင့်

ဓားနည်းစနစ် (၁၀၀၀၀)ကို
လေ့လာပြီးနောက် ဓားတာအိုဟာ
အဆင့်သစ်တစ်ခုကို
ရောက်ရှိသွားခဲ့သည်။

ထိုလမ်းကြောင်းကို တစ်ခါမှ
မတွေးခဲ့သောကြောင့် အတိတ်တွင်
ထိုလမ်းကြောင်းကို
မလျှောက်လှမ်းနိုင်ခဲ့ပေ။ သို့သော်
သူ၏လက်နှစ်ဖက်စလုံးဆုံးရှုံးပြီး

ဓားမသုံးနိုင်သော အချိန်တွင်

ထိုအတွေးက

သူ့စိတ်ထဲတွင်ပေါ်လာခဲ့သည်။

ဓားမပါသော ဓားသမားက

ဓားသမားမဟုတ်ဘူးလား...။

အမှန်တော့ အစွမ်းထက်ကျင့်ကြံသူဟာ

မည်သည့်အရာမဆို ဓားအဖြစ်

အသုံးပြုနိုင်သည်။

အသုံးပြုစရာမရှိလျှင် ကိုယ်တိုင်
စားအဖြစ် အသုံးပြုနိုင်တယ်။

ထိုပြင် ယန်ယွဲ့သည်
အခြားအရာတစ်ခုကို
ညကျော်အလင်းရသွားသည်။
သူ့ခန္ဓာကိုယ်ထဲ၌တစ်စုံတစ်ခု
ပြောင်းလဲသွားသလိုပင်။ သူက
ရှေ့ဆက်တိုးတော့မည်ဟု
ခံစားလိုက်ရသည်။ မှန်သည်။

စစ်မှန်သော သေခြင်းရှင်ခြင်းတိုက်ပွဲဟာ

လူတစ်ယောက်၏ အလားအလာကို

လှုံ့ဆော်ပေးဖို့အတွက်

အကောင်းဆုံးပင်ဖြစ်သည်။

ယန်ယဲ့သည် သူ့အတွေးများကို ထိန်းကာ

နှလုံးသားထဲမှ

စိတ်ဆန္ဒထုတ်လိုက်သည်။

ခဏအကြာတွင် သူ့ခန္ဓာကိုယ်ထဲမှ ဓား ၄

ချောင်း ချက်ချင်းပေါ်လာသည်။

ဆားများက ယန်ယဲ့ကို ဝိုင်းရံကာ
လွင့်မျောနေခဲ့သည်။
လောလောဆယ်တွင် ပတ်ဝန်းကျင်က
လှုပ်ရှားမှုမရှိပေ။ သို့သော်လည်း
ယန်ယဲ့သည် သတိမလွတ်ဝံ့ပေ။
အနည်းငယ် ဂရုမစိုက်ပါက ဤနေရာတွင်
သေချာပေါက်အသတ်ခံရနိုင်၏။
နှစ်နာရီခန့်အကြာတွင်
မူလခရမ်းရောင်စွမ်းအင်၏ပြန်လည်ကု

သမှုကြောင့် ယန်ယဲ့၏ လက်နှစ်ဖက်က အပြည့်အဝပြန်ကောင်းလာခဲ့သည်။

ဤအခိုက်အတန့်တွင် အဘိုးကြီးဂွမ်က သူ့ရှေ့မှာ ရုတ်တရက် ပေါ်လာခဲ့သည်။ ယန်ယဲ့က မျက်လုံးဖွင့်ပြီး အဘိုးကြီးကို စိုက်ကြည့်လိုက်သည်။

အဘိုးကြီးက ခေါင်းညိတ်ပြပြီး “မင်းတော်တော်အကျိုးအမြတ်ရလိုက်တာထင်တယ်”

ယန်ယဲ့က လက်သီးနှစ်ဖက်ကို ဆုပ်ကာ “ကျေးဇူးတင်ပါတယ်”

အဘိုးကြီးက ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး“ဒါဟာမင်းရဲ့ကြိုးစားမှုပဲ မင်းသိလား ငါ့နတ်မျိုးနွယ်က

မရေမတွက်နိုင်တဲ့ ဉာဏ်ကြီးရှင်တွေ

ဒီနေရာကို ရောက်လာကြတယ်။

သူတို့အားလုံးက အပြင်လောကမှာ

ထိပ်ဆုံးအဆင့် ဉာဏ်ကြီးရှင်တွေပဲ။

ဒါပေမဲ့ အနည်းဆုံး

(၉၀%)နှုန်းလောက်က ဒီနေရာမှာ

အသက်ဆုံးရှုံးသွားကြတယ်။

ဘာကြောင့်လဲသိလား…”

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

အဘိုးကြီးက ပြုံးပြီး “တကယ်တော့
လူတော်တော်များများနဲ့ မင်းကို
ဟိုးအရင်ကလိုတောင်
ညာဏ်ကြီးရှင်တွေအားလုံးမှာ
ပြဿနာရှိသလို မင်းလည်း
ယုံကြည်မှုလွန်ကဲနေတာ။
တကယ်တော့မင်းဟာ
စိတ်အခြေအနေမှာ ပြဿနာမရှိဘူး
ထင်နေတယ်။ မင်းကိုယ်မင်း

အရမ်းသန်မာနေတယ်လို့ ယူဆနေတာပဲ။

အမှန်တိုင်းပြောရရင် အားလုံးက

ကိုယ့်ကိုယ်ကို

အရမ်းအထင်ကြီးကြတယ်”

ယန်ယဲ့က ဘာပြန်ပြောရမှန်းမသိပေ။

ဦးရှီတော်ဂွမ်းက ဆက်ပြောသည်။

“သူတို့ရဲ့

စိတ်အခြေအနေကပြည့်စုံတယ်လို့

ဘယ်သူပြောရဲလဲ။ အဲ့ဒီလို

လူတွေရှိတယ်ဆိုရင်အဲ့ဒီလူက

စိတ်အခြေအနေချို့ယွင်းချက်ကို

ထုတ်ဖော်နိုင်တဲ့အရာတစ်ခုနဲ့မကြုံဖူးလို့

ဘဲ။ ခုနတုန်းက မင်းဘာဖြစ်သွားလဲ။

သေခြင်းတရားက

ကြောက်စရာမဟုတ်ဘူး။ ဒါပေမဲ့

သေခြင်းတရားကို စောင့်နေတဲ့အချိန်မှာ

နှိပ်စက်ညှဉ်းပန်းမှုက အဲ့ဒါထက်ပိုပြီး

ကြောက်စရာကောင်းတယ်။

ကံကောင်းစွာနဲ့ပဲမင်းက

ဒါကိုအောင်မြင်ခဲ့တယ်။ ဂုဏ်ယူပါတယ်”

ယန်ယဲ့က ပြုံးပြီး

“မင်းရဲ့လမ်းညွှန်မှုတွေအတွက်

ကျေးဇူးတင်ပါတယ်”

ဦးရီးတော်ဂွမ်က အနည်းငယ်

ခေါင်းညိတ်ပြပြီး

ကျောက်စိမ်းဖြူပုလင်းတစ်လုံးကို
ထုတ်ယူလိုက်သည်။ ယန်ယဲ့က
ဖွင့်ကြည့်လိုက်ရာ
သွေးပုလဲတစ်လုံးလွင့်စင်လာသည်။

ယန်ယဲ့က အံ့သြသွားပြီး "ဒါကဘာလဲ"

ဦးရီးတော်ဂွမ်က "နတ်မျိုးနွယ်
သွေးအဆီအနှစ်"

“နတ်မျိုးနွယ်၏သွေးမျိုးဆက်လား...”

ယန်ယဲ့၏မျက်လုံးထဲ၌
အံ့ဩသွားမိသည်။

ဦးရီးတော်ဂွမ်က
အနည်းငယ်ခေါင်းညိတ်လိုက်သည်။
“အရှင်ရှီတျန်းရဲ့ သွေး”

သူက ရှေ့ကို လက်ဆန့်လိုက်ရာ
သွေးစက်က ယန်ယွဲ့၏နဖူးအလယ်သို့
ဝင်သွားသည်။ ထိုခဏလေးမှာပဲ
ယန်ယွဲ့၏ခန္ဓာကိုယ်သည် ပြင်းထန်စွာ
တုန်ခါလာခဲ့သည်။

ဤအချိန်မှာ ဦးရီးတော်ဂွမ်က
ယန်ယွဲ့ဆီလျှောက်လာကာ "အထဲမှာ
အရမ်းကို သန့်စင်ပြီးတော့
မြင့်မြတ်တဲ့စွမ်းအင်တွေပါတယ်။

အပြည့်အဝစုပ်ယူနိုင်ရင် မင်းရဲ့

ကျင့်ကြံမှုအဆင့်တင်မကဘူး မင်းရဲ့

ခန္ဓာကိုယ်ကတောင် သိသိသာသာ

တိုးတက်လာလိမ့်မယ်။

သူက ခဏရပ်လိုက်ပြီး "မင်းကို ဒီလို

မျှော်လင့်ချက်မဲ့တဲ့အခြေအနေမှာ

ကျရောက်စေခဲ့တဲ့အကြောင်းအရင်းက

မင်းရဲ့အလားအလာကို

တွန်းလှန်နိုင်စေမဟုတ်ဘူး။

အခြားအကြောင်းပြချက်ရှိသေးတယ်ဟ

ဘာကြောင့်လဲဆိုတော့

မင်းလက်ရှိရောက်နေတဲ့အခြေအနေလိုပဲ

မင်းကို

လုံးလုံးအားနည်းတဲ့အခြေအနေကို

ရောက်သွားအောင် ငါမျှော်လင့်ထားလို့ပဲ”

ယန်ယွဲ့၏ ခန္ဓာကိုယ်က ပို၍ ပို၍

ပြင်းထန်စွာ တုန်ခါလာသည်။

အချိန်သိပ်မကြာလိုက်ပေ သူ့ကိုယ်ပေါ်ရှိ

ဝတ်ရုံများ အားလုံး ကွဲထွက်သွားသည်။ အကယ်၍ သေချာအာရုံစိုက်ကြည့်လျှင် သူ၏အသားအရည်က တဖြည်းဖြည်းပျောက်သွားသည်ကို သတိထားမိပေမည်။

ဦးရီးတော်ဂွမ်က "နတ်အရှင်ရဲ့သွေးက မင်းရဲ့အရေပြား၊ ခန္ဓာကိုယ် သွေးကြော၊ အရိုးနှင့် သွေးမျိုးဆက်တွေကို

ပြောင်းလဲပေးလိမ့်မယ်။ ဟုတ်တယ်

မင်းက လူသားပဲဖြစ်နေဦးမှာပါ”

ထိုကဲ့သို့ပင် ယန်ယဲ့၏အရေပြားက

ပျောက်ကွယ်သွားသည်။

နောက်တစ်ကြိမ် ကြီးထွားလာသည်။

သို့သော်လည်း သူ့အသားအရေက

တော်တော်လေးကို ဖြူဖွေးလာပါသည်။

ထိုနောက်တွင် ယန်ယဲ့ဟာ

သူ့ခန္ဓာကိုယ်ထဲရှိ သွေးကြောများနှင့်

အရိုးများ ပြောင်းလဲစပြုလာသည်ကို

သတိပြုမိလိုက်သည်။

အချိန်များ ကုန်လွန်သွားသည်။

ယန်ယဲ့၏ အရိုးများနှင့်

ခန္ဓာကိုယ်သွေးကြောများ

ပြောင်းလဲသွားခဲ့သည်။ ထိုနောက်

သူ၏သွေးကို ပြောင်းလဲဖို့

အချိန်ကျရောက်လာပါပြီး သို့သော်

မထင်မှတ်ထားသောအရာတစ်ခုဖြစ်သွား

သည်။ နတ်သွေးစက်က

ယန်ယဲ့၏သွေးမျိုးဆက်ကို ပြောင်းလဲဖို့

စီးဝင်လာသည်နှင့်တစ်ပြိုင်နက်

ဆန်းကြယ်ရွှေချီကန်က ရုတ်တရက်

လည်ပတ်သွားသည်။ ထိုခဏလေးမှာပဲ

အရာအားလုံးရပ်တန့်သွားသည်။

ဦးရီးတော်ဂွမ်၏မျက်လုံးများ

ပြူးကျယ်သွားသည်။ “နတ်မျိုးနွယ်ရဲ့

မြင့်မြတ်တဲ့သွေးကို ဖိနှိပ်ထားတယ်။
ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ…”

ဖိနှိပ်ထားခြင်း။

ဆန်းကြယ်ရှေ့ချီကန်
စတင်လည်ပတ်လာသည်နှင့်
နတ်သွေးစက်က ချက်ချင်း
ရပ်တန့်သွားသည်။

ယန်ယဲ့၏မူလသွေးမျိုးဆက်ကိုအရည်ပျော်သွားအောင်မလုပ်နိုင်ပေ။

ဦးရီးတော်ဂွမ်က မျက်မှောင်ကြုတ်ကာ "ဘာဖြစ်နေတာလဲ..."

ဤအချိန်တွင် ကျိအာက ဦးရီးတော်ဂွမ်အနားသို့ရောက်ရှိလာသည်။
ဦးရီးတော်ဂွမ်က မျက်လုံးထဲတွင်

ရှုပ်ထွေးသောအမှုအရာဖြင့် ကျိအာကို စိုက်ကြည့်နေသည်။

နတ်သွေးမျိုးဆက်(နတ်မျိုးနွယ်၏ သွေးအဆီအနှစ်)သည် နတ်မျိုးနွယ်၏မြင့်မြတ်သော သွေးမျိုးဆက်ဖြစ်သည်။ ၎င်းသည် လောကသုံးပါးတွင် အကောင်းဆုံးဟု မယူဆနိုင်သော်လည်း လောကသုံးပါး၏ထိပ်တန်းသွေးမျိုးဆ

က် သုံးခုဉ္စအပါအဝင်ဖြစ်သည်။ သို့သော်
အမှန်တကယ်ပင် ဖိနှိပ်ခံရမည်ဟု
မမျှော်လင့်ခဲ့ပေ။

စိတ်ကူးပင် မယဉ်နိုင်အောင်
ဖြစ်သွားခဲ့သည်။ ဦးရှီးတော်ဂွမ်က
လုံးလုံးအံ့အားသင့်သွားသည်။

ကျိအာက ယန်ယဲ့ကို အချိန်အကြာကြီး
စိုက်ကြည့်ကာ ပြောလိုက်သည်။

“ဖိနှိပ်ခံရတဲ့ အကြောင်းအရင်း

နှစ်ခုပဲရှိတယ်။ ပထမတစ်ချက်က

သူ့ခန္ဓာကိုယ်ထဲမှာရှိ

မူလသွေးမျိုးဆက်က

ငါတို့နတ်မျိုးနွယ်ရဲ့သွေးထက်

သန်မာတယ်။ နှစ်အချက်

သူ့အလားအလာက အားနည်းလွန်းတော့

နတ်သွေးစက်က သူ့ကိုငြင်းပယ်ပြီးတော့

ပေါင်းစည်းဖို့ အရမ်း ငြင်းဆန်နေတယ်”

ဦးရီးတော်ဂွမ်ကယန်ယဲ့ကို စိုက်ကြည့်ပြီး

“သူ့ရဲ့ မူလသွေးမျိုးဆက်က

ငါတို့နတ်မျိုးနွယ်ရဲ့ မြင့်မြတ်တဲ့

သွေးမျိုးဆက်ထက်

ဘယ်လိုပိုကောင်းနိုင်မှာလဲ…”

ကျိအာက မျက်လုံးများကို

ဖြည်းညင်းစွာမှိတ်လိုက်သည်။ သူမက

ယန်ယဲ့၏ ခန္ဓာကိုယ်ထဲတွင်

ရတနာတစ်ခုရှိကြောင်း သိထားသည်။

၎င်းက ယန်ယဲ့အတွက်
အကျိုးပြုသောအရာကိုသာ
ခွင့်ပြုသည်။ နတ်သွေးစက်က
ယန်ယဲ့၏မူလသွေးစက်ကို ပြောင်းလဲဖို့
ငြင်းဆန်ထားသောကြောင့်
ထိုရတနာ၏အမြင်တွင် ယန်ယဲ့၏
မူလသွေးမျိုးဆက်က
ပို၍မြင့်မြတ်ကြောင်း ဆိုလိုပေသည်။

ယန်ယဲ့က

ထူးခြားဆန်းကြယ်သောညဏ်ကြီးရှင်တစ်ဦးဖြစ်သည်။

သူသည်အဆင့်တူများအကြားတွင်

အလွန်အားကောင်းသော်လည်း

ယခုဖြစ်ပုံအပေါ် အခြေခံသော်

မူလသွေးမျိုးဆက်နှင့် ပတ်သက်ပြီး

ထူးထူးခြားခြား တစ်စုံတစ်ရာမရှိခဲ့ပါ။

ဤအချိန်တွင် ဦးရိုးတော်ဂွမ်က

သူ့လက်ညှိုးကို ပွတ်လိုက်ရာ

ယန်ယဲ့၏နဖူးအလယ်မှ သွေးတစ်စက်

ထွက်လာသည်။ ဦးရိုးတော်ဂွမ်က

သွေးစက်ကို စစ်ဆေးကြည့်လိုက်ရာ

သူ၏အမူအရာက

တဖြည်းဖြည်းလေးနက်လာသည်။

ထိုနောက်ကျိအာနှင့်

အကြည့်ချင်းဖလှယ်လိုက်သည်။

ထိုနောက် ဦးရှီးတော်ဂွမ်က လေးနက်စွာ ပြောလိုက်သည်။ “ငါမြင်တယ်။ သူ့သွေးမျိုးဆက်ကို တစ်စုံတစ်ယောက်က ဖိနှိပ်ထားတယ်”

ကျိုအာက “သူ့ရဲ့သွေးမျိုးဆက်က ဘာလဲ…”ဟု မေးလိုက်သည်။

ဦးရှီးတော်ဂွမ်က ခေါင်းယမ်းကာ “တစ်ခါမှ မမြင်ဖူးဘူး” ဟု

အချိန်အတော်ကြာငြိမ်သက်နေပြီးမှ

ခေါင်းယမ်းပြသည်။

ကျိအာက မျက်မှောင်ကြုတ်လိုက်သည်

သူမက ယန်ယဲ့ကို စိုက်ကြည့်ရင်း

"ကြည့်ရတာ သူ့နောက်ခံက

သာမန်မဟုတ်လောက်ဘူး"

ဤအတောအတွင်း ဦးရီးတော်ဂွမ်က

ရုတ်တရက် ရယ်မောလိုက်သည်။"ဒါက

သူ့နောက်ခံမဟုတ်ဘူး သူကိုယ်တိုင်က

လုံးဝကို သာမန်မဟုတ်ဘူး။

တစ်စုံတစ်ယောက်က

ခွန်အားအဆင့်တစ်ခုရလာတဲ့အခါ

အဲ့ဒီလူရဲ့သွေးက အရှင်ရှီထျန်းလိုမျိုး

အသွင်းပြောင်းနိုင်တာကို

မင်းသမီးလည်း သတိပြုမိမှာပါ။

သူ့အတွက်ကတော့ သူ့မျိုးနွယ်ရဲ့

သွေးမျိုးဆက်ကိုက သာမန်မဟုတ်ဘူး

ဒါအပြင် သူ၏

ကိုယ်ပိုင်သွေးမျိုးဆက်က

ပိုတောင်ထူးခြားသေးတယ်”

“သူ့ရဲ့ကိုယ်ပိုင် သွေးမျိုးဆက်လား…”

ကျိအာက ယန်ယွဲ့ကိုစိုက်ကြည့်နေသည်။

ခဏအကြာတွင် သူမက

ခေါင်းညိတ်ပြပြီး “ငါတွေ့မိတယ်”

ဦးရီးတော်ဂွမ်က

“စိတ်ဝင်စားစရာအကောင်းဆုံးအပိုင်းက

တော့ သူ့သွေးမျိုးဆက်က

တဖြည်းဖြည်းနဲ့ ပြောင်းလဲလာနေတာပဲ။

သူ့ကိုယ်ပိုင်သွေး။

သူ့ကိုယ်ပိုင်သွေးမျိုးဆက်။

မျိုးနွယ်စုသွေးမျိုးဆက်။

အတိတ်ကသွေးမျိုးဆက်။ အခုလက်ရှိ

သွေးမျိုးဆက် ဒါတွေက

အကြိမ်ကြိမ်ပြောင်းလဲနေတယ်။ သူက
တကယ်ကို စိတ်ဝင်စားစရာကောင်းတဲ့
လူတစ်ယောက်ပဲ”

ကျိအာ၏ ပါးစပ်ထောင့်တွင်
အပြုံးတစ်ခုပေါ်လာသည်။ “တကယ်ကို
စိတ်ဝင်စားဖို့ကောင်းတယ်”

နှစ်ယောက်စလုံး မျက်လုံးထဲတွင်
စူးစမ်းလိုစိတ်ဖြင့် ယှန်ယွဲ့ကို

စိုက်ကြည့်နေကြသည်။

(၁)နာရီခန့်အကြာတွင် ယန်ယွဲ့သည်

မျက်လုံးများကို ဖြည်းညင်းစွာ

ဖွင့်လိုက်သည်။ ထိုနောက်

ချက်ချင်းထရပ်လိုက်ပြီး သူ၏

ကျင့်ကြံမှုအဆင့်ကို

စစ်ဆေးကြည့်လိုက်သည်။

ဤအချိန်ထိ သူသည် အဆင့်(၃)

ညက်အလင်းသခင်သာ ဖြစ်နေသေး၏။

Translated by NyiNyiSoe